မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄) အမှတ် (၁၄၅)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခုဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ကြိုးစားပါ။ မပြင်ခင်ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့်စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့တွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသည့် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ချင်းရိုးရာယဉ်ကျေးမှုအက အဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ကျင်းပသည့် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်မီးပုံပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ဈေးဟောင်းရပ်ရှိ သစ္စာအောင်မြေကုန်းတော် ဇေတဝန်တောရစာသင်တိုက်သို့ ရောက်ရှိပြီး ကမ္ဘာ့ငြိမ်းချမ်းရေး စေတီတော်နှင့် သံသရာအေး စေတီတော်တို့အား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဇေတဝန်တောရစာသင်တိုက်ပဓာန နာယက မဇ္ဈိမထိက မဟာဂန္ထဝါစက ပဏ္ဍိတ ဗဟုဇနဟိတဓရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ အမှူးပြုသည့်

စာမျက်နှာ ၈ ကော်လံ ၁ ✻

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တိုက်ပွဲရှောင်ပြည်သူများနှင့် အလုပ်သမားများအား တွေ့ဆုံအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ရောက်ရှိပြီး တိုက်ပွဲရှောင်ပြည်သူများနှင့်အလုပ်သမားများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညနန္ဒ ဦးဆောင်သောအကူအညီပေးရေးအဖွဲ့များ၏ အနယ်နယ်အရပ်ရပ်မှ တိုက်ပွဲရှောင်ပြည်သူများနှင့် အလုပ်သမားများအား နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးနေမှုများကိုကြည့်ရှုပြီး နေရပ်သို့ ပြန်ကြမည့် တိုက်ပွဲရှောင်ပြည်သူများအား အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် ကျောင်းတိုက်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်

စာမျက်နှာ ၉ ကော်လံ ၁ ◆

■ ပြည်တွင်း

လောက်ကိုင်ဒေသမှနေရပ်ပြန်ပြည်သူများအား အခမဲ့ဆက်လက်ပို့ဆောင်ပေးနေ

စာမျက်နှာ ❖ ၉

■ ပြည်တွင်း

ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး ကလေးကုသဆောင် ဓာတ်လှေကားသစ်ဖွင့်

စာမျက်နှာ ❖ ၁၅

■ ပြည်တွင်း

မန်းတောင်ရိပ်အထွေထွေရောဂါကု ဆေးကုသဆောင်သစ် မကြာမီအတွင်း ဖွင့်လှစ်တော့မည်

စာမျက်နှာ ❖ ၁၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မီးဘေးကာကွယ်ရေးသရုပ်ပြလေ့ကျင့်

"မီးဘေးရှောင်မလောင်ခင်တား" ဟူသော ဆောင်ပုဒ်ရှိပါသည်။ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး ပြုလုပ်ခြင်းသည် မီးဘေးအန္တရာယ်ကို ရှောင်ကြဉ်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မီးဘေးကြိုတင်ကာကွယ်ရေးပြုလုပ်သည်ဟု ဆိုရာ၌ မီးလောင်မှုလုံးဝမဖြစ်ပွားအောင် ကြိုတင်ဆောင်ရွက်ခြင်းနှင့် မီးဘေးကြုံလာသည့်အခါ မီးအန္တရာယ်ကို စနစ်တကျ ထိန်းချုပ်နိုင်ရေးဟူ၍ နှစ်မျိုးရှိပါသည်။ မည်သည့် အခြေအနေတွင်မဆို မီးဘေးအန္တရာယ်ကို အကောင်းဆုံးကာကွယ်သွားနိုင်ရန် လိုအပ်ပါသည်။

ဆောင်းအကုန် နွေကူးတွင်မီးလောင်မှု၊ မီးလန့်မှုများ ကြားသိနေရသည်။ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ နေရာတိုင်းတွင် ပြုလုပ်ကြရန် အသိပေးနှိုးဆော်နေခြင်းဖြစ်ပါသည်။ မီးသည် မည်သူ့ကိုမျှ မျက်နှာမလိုက်ပါ။ မီးသတိပြုရမည့်အချက်များ လိုက်နာရန်အားနည်းချက်ရှိသည့် နေရာတိုင်းတွင် ကာလဒေသမရွေး လောင်ကျွမ်းနိုင်ပါသည်။ မီးလောင်မှု မဖြစ်ပွားနိုင်ဟု ယူဆထားသော ဟိုတယ်ကြီးများ၊ ကုန်တိုက်ကြီးများ၌ပင် မီးလောင်လေ့ရှိပါသည်။ တိုက်တာအဆောက်အအုံကြီးများဖြစ်လင့်ကစား မီးလောင်နိုင်ပါသည်။

မီးလောင်မှုအများဆုံးဖြစ်သည့် မီးမှာပေါ့ဆမီးများဖြစ်ပါသည်။ ပေါ့ဆမီးသည် ကြောက်စရာအကောင်းဆုံးဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပေါ့ဆမီးသည် မီးဘေးအန္တရာယ်ကို ကြိုတင်သရုပ်ပြလေ့ကျင့်ထားခြင်းမရှိခြင်းကြောင့် လောင်ကျွမ်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် နွေရာသီရောက်ရှိလာသည်နှင့် ရုံးဌာနများ၊ ဈေးကြီးဈေးငယ်များ၊ ဟိုတယ်များ၊ ကုန်တိုက်ကြီးများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံအလုပ်ရုံများ၊ ကုမ္ပဏီများ စသည်တို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို သက်ဆိုင်ရာမြို့နယ်မီးသတ်များနှင့် ပူးပေါင်းကာ လုပ်ဆောင်ထားသင့်ပါသည်။

သက်ဆိုင်ရာ နေရာဌာနအသီးသီးတို့၌ မီးချိတ်၊ မီးကပ်များ၊ ရေပိုက်များ အသင့်စီမံထားရှိခြင်း၊ ဝန်ထမ်းများအား မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ မီးဘေးစီမံချက်များရေးဆွဲပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ယာဉ်များ အလျင်အမြန် ဝင်ရောက်နိုင်ရေး လမ်းများရှင်းလင်းထားခြင်း စသော အစီအမံများကို သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်သွားသင့်ပေသည်။

ဤသို့ စနစ်တကျ သရုပ်ပြလေ့ကျင့်ထားခြင်းဖြင့် မီးဘေးအန္တရာယ်ကို ပို၍သတိမူလာကြမည် ဖြစ်သကဲ့သို့ ဖြစ်ပွားနိုင်သည့် မီးဘေးအန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်ရာ ရောက်ပေကြောင်း။ ။

ပြည်တွင်းသတင်း

ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အမြင်ချင်းဖလှယ် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် အီတလီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Della Vedova တို့သည် ရန်ကုန်မြို့ အီတလီနိုင်ငံသံရုံး၌ ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် မိမိတို့ဌာနက စတင်ကြိုးပမ်းစဉ် အီတလီနိုင်ငံအစိုးရက ပထမအဆင့်အနေဖြင့် ယူရိုလေးသိန်းနှင့် ပျူမြို့ဟောင်းများအတွက် စီမံခန့်ခွဲမှုအစီအစဉ်များနှင့် ပုဂံဒေသကိုကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းစဉ်များအတွက် ဒုတိယအဆင့် ယူရိုတစ်သန်းကူညီထောက်ပံ့ပေးမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ခေတ်မီအထောက်အကူပြု ပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းသုံး ပစ္စည်းလိုအပ်ချက်များကို လည်းကောင်း၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော အမွေအနှစ်ဒေသများအတွက် ယူနက်စကိုအဖွဲ့၏ မျှော်မှန်းချက်များကို လည်းကောင်း။

အီတလီနိုင်ငံရှိ တက္ကသိုလ်အသီးသီးမှ ပူးပေါင်းပါဝင်ကူညီပေးနိုင်မည့် အခြေအနေကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးမှု၊ အမွေအနှစ်ထိခိုက်မှုနှင့် ရေရှည် စီမံခန့်ခွဲမှုဆိုင်ရာများအတွက် လိုအပ်ချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီတလီနိုင်ငံတို့အကြား ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရန်ကိုလည်းကောင်း၊ အမြင်ချင်းဖလှယ် ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး Mr. Pablo Berttolli၊ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း (ပြည်) ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်၊ UNESCO (Myanmar) မှ Head of Office Mr. Sadar Umar Alam နှင့် ဒေါ်ဥမ္မာမျိုးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ထင်သာမြင်သာပြုပြင်စရာ

မူလလမ်းကျယ် ကျဉ်းလာ အရေးပေါ် အဝင်အထွက်ခက်ခဲနိုင်

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီး ကျောင်းကြီးရပ်ကွက် (၇) လမ်းမှာ ရပ်ကွက်အတွင်းရှိ ပြည်သူများ အဓိကဝင်ထွက်ရာလမ်းဖြစ်သည်။

မူလလမ်းအကျယ်မှာ ၁၆ ပေရှိသော်လည်း ဘေးဝန်းကျင်မှ တဖြည်းဖြည်း တိုးချဲ့လာသည့်အတွက် လမ်းအတွင်း အချို့နေရာတို့မှာ ဆယ်ပေခန့်သာ အကျယ်ကျန်လျက်ရှိသည်။

ရပ်ကွက်ပြည်သူများ အသွားအလာ ပိုမိုကျဉ်းမြောင်းလာသည့်အပြင် မီးအကြောင်းကြီးငယ်ဖြစ်ပါက အရေးပေါ်ကား အဝင်အထွက် ခက်ခဲမှုရှိလာနိုင်ပြီး ဆုံးရှုံးမှုများနှင့် ကြုံတွေ့လာကြရမည်ကို ရပ်ကွက်ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိနေသည်။

ယခုအခါ နွေဦးရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မကြာခဏဆိုသလို မီးလောင်မှုများကို ကြုံတွေ့ကြားသိနေရသည်။ သို့ပါ၍ ရပ်ကွက်ကို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အများပြည်သူသွားလမ်း အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာက အမြန်ဆုံးကွင်းဆင်းဆောင်ရွက်ပေးစေချင်ကြောင်း မြန်မာ့အလင်း ထင်သာမြင်သာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

ဘော်ဂါသွေး

ကျေးလက်မီးလင်းရေးတွေ့ဆုံဆွေးနွေး

ဖြူး ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးအရှေ့ ဖြူး-အုတ်ဖြတ်ကားလမ်းဘေး ဝဲယာရှိ ကျေးရွာအုပ်စု ငါးအုပ်စုဖြစ်သည့် တံခွန်တိုင်အုပ်စု၊ ဇီးခုံအုပ်စု၊ ကျားသောင်အုပ်စု၊ ဝဲကြီးကျေးရွာအုပ်စုနှင့် အုတ်ဖြတ်ကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာခွဲ ၂၇ ရွာမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးအတွက် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျားသောင်အုပ်စု ဇောင်းလျားခုံရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျေးလက်နေပြည်သူများ လူမှုဘဝတိုးတက်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် မီးလင်းရေး ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးကော်မတီများကို စနစ်တကျဖွဲ့စည်းကြပြီး ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ကာ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားကြရန် ဆွေးနွေးကြကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၃၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၅၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၅
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၆-၁၀၃၈
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၈၀၀၀-၁၈၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၄၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၃၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၂၀၅၀
ကြက်သွန်ဖြူ(ကြုံကုတ်)	တစ်ပိဿာ	၁၄၅၀-၁၄၇၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၆၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၅၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❁ ကျောဖုံးမှ

အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ယှဉ်ပြိုင်ခြင်း၊ နှီးနှောဖလှယ်ခြင်းများနှင့် အားကစားလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး ဟူသည့် ရည်ရွယ်ချက်များနှင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ခမ်းနားသိုက်မြိုက်အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီး မြန်မာ့သမိုင်းမှာ မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူခွင့်ရရှိခဲ့သည့်အတွက် မိမိတို့အားလုံး ဂုဏ်ယူဝမ်းမြောက်ခဲ့ကြရပါကြောင်း။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ၈၆ ဆု၊ ငွေတံဆိပ် ၆၂ ဆုနှင့် ကြေးတံဆိပ် ၈၅ ဆု စုစုပေါင်း ၂၃၃ ဆုနှင့် ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံအနက် ဒုတိယအဆင့်နေရာကို ရရှိခဲ့ပါကြောင်း၊ အလားတူ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲတွင်လည်း အားကစားနည်း ၁၂ နည်းဖြင့် လက်ခံကျင်းပခဲ့ရာ ရွှေတံဆိပ် ၃၄ ဆု၊ ငွေတံဆိပ် ၂၆ ဆုနှင့် ကြေးတံဆိပ် ၃၆ ဆု စုစုပေါင်း ၉၆ ဆုဖြင့် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် ပဉ္စမအဆင့်ကို ရရှိခဲ့ပါကြောင်း။

ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြသည့် မြန်မာ့ဂုဏ်ဆောင် အားကစားသမားမောင်မယ်များ၏ စွမ်းဆောင်ချက်များသည်ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် မြန်မာ့အားကစားသမိုင်းမှာ ကမ္ပည်းမော်ကွန်းတင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ် အမျိုးသား အားကစားပွဲတော်ကို ၁၉၉၄ ခုနှစ်တွင် လည်းကောင်း၊ တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီးနောက်ပိုင်း (၁၈)နှစ်ကြာမှ ယခုစတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော်ကို ပြန်လည်ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခု အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း အားကစားနည်း ခုနစ်နည်းဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်ပါကြောင်း။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်သည် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် ကြိုတင်စမ်းသပ်သည့် ပြိုင်ပွဲကြီးဖြစ်ပြီး ယခုပြိုင်ပွဲမှ စမ်းသပ်ခံအောင်မြင်သည့် အားကစားသမားများကို ရွေးချယ်ကာ(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြင့် မြန်မာ့လက်ရွေးစင် အသင်းများကို အထောက်အပံ့ပေးသွားနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများဖြစ်စေရန် အစွမ်းကုန်ကြိုးစားကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အဆိုအကများနှင့် အားကစားအဖွဲ့ချုပ်များ၏ အားကစားသရုပ်ပြများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ပြီး စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်က ပါဝင်ကူညီဆောင်ရွက်ပေးကြသူများအား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။

ယနေ့ဖွင့်ပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ စုစုပေါင်း ၇၀၀၀ ခန့် တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ပြိုင်ပွဲဝင်အသင်းများအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ဖျော်ဖြေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

(၆၄)ကြိမ်မြောက်Miss Universeပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပနိုင်ရေး အကြိုဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

(၆၄)ကြိမ်မြောက်Miss Universe ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပနိုင်ရေးအတွက် Miss Universe Organization မှ Miss Universe Myanmar Organization ၏ National Director ဒေါ်စိုးယုဝေမှတစ်ဆင့် ကမ်းလှမ်းထားမှုအပေါ် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်သူ့လွှတ်တော် ကော်မတီရုံးခန်း၌ အကြိုတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးမှုများအရ Miss Universe ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပါက လိုအပ်မည့် အချက်အလက်များနှင့် ပံ့ပိုးမည့်သူများ ရရှိနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများအရ ပြိုင်ပွဲကျင်းပရာတွင် ကုန်ကျမည့်အသုံးစရိတ်များအား ပံ့ပိုးမည့် Sponsor များ ရရှိနိုင်မည့်အခြေအနေများအား စုစည်းပြီးပြန်လည်တင်ပြရန်၊ မိမိနိုင်ငံအတွက် ရရှိနိုင်မည့်အကျိုးကျေးဇူးများအားလေ့လာတင်ပြရန်နှင့်အဆိုပါတင်ပြချက်များအပေါ် စိစစ်သုံးသပ်ပြီး ပြိုင်ပွဲလက်ခံကျင်းပနိုင်ရေးအား ဆက်လက်တင်ပြသွားရန် အပြုသဘောဆောင် ဆွေးနွေးခဲ့ကြသည်။

ယခုကဲ့သို့ Miss Universe Myanmar Organization အား ခေါ်ယူဆွေးနွေးမှုများ ပြုလုပ်ရခြင်းမှာ Miss Universe Myanmar Organization ၏ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြစာအရ ခေါ်ယူတွေ့ဆုံခြင်းဖြစ်သည်။

Miss Universe ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအဖြစ် Miss Universe ပြိုင်ပွဲအကြိုလှုပ်ရှားမှုများနှင့် နောက်ဆုံးအဆင့်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသနေချိန်တွင် မိမိနိုင်ငံအကြောင်းရိုက်ကူးထားသည့် Video Clip ကို ခုနစ်မိနစ်မှ ရှစ်မိနစ်စာ တစ်ကမ္ဘာလုံးသို့ ပြသခွင့်ရှိခြင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ မြှင့်တင်နိုင်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရရှိစေနိုင်ခြင်း၊ ကမ္ဘာသို့ ထုတ်ဖော်တင်ပြလိုသော မိမိနိုင်ငံ၏ ကောင်းသတင်းပုံရိပ်များ ပြသနိုင်ခြင်း၊ မိမိနိုင်ငံအား ကမ္ဘာ့နိုင်ငံများအကြား အချိန်တိုအတွင်း စိတ်ဝင်စားမှု အရှိန်အဟုန်မြင့်မားစေနိုင်ခြင်း၊ မိမိနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သဘာဝအလှအပများကို ထုတ်ဖော်ပြနိုင်ခြင်း၊ နိုင်ငံတကာပြိုင်ပွဲကို အများပြည်သူလေ့လာကြည့်ရှုနိုင်ခြင်း၊ ကမ္ဘာနှင့်ရင်ပေါင်တန်းဆောင်ရွက်သည့် လုပ်ငန်းအတွေ့အကြုံများရရှိစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်း Miss Universe Myanmar Organization ၏ တင်ပြစာတွင်ဖော်ပြထားကြောင်းသိရသည်။ **မင်းလှသား**

ပြည်တွင်းသတင်း

❋ ကျောဖုံးမှ

အလောင်းနှစ်လောင်း၊ အမ် (၂၂) ၃ လက်၊ ဧင်းကျည်အိမ် ၃ ခုနှင့် ကျည် ၁၅တောင့်တို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ တိုက်ပွဲများတွင် တပ်မတော်မှ စစ်သည်တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီးရှစ်ဦးဒဏ်ရာရရှိခဲ့ကာ ဒဏ်ရာရစစ်သည်များအား တပ်မတော်ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့သို့ ဆက်လက်ပို့ဆောင်၍ ဆေးကုသစေလျက်ရှိသည်။

ယနေ့တွင် တပ်မတော်စစ်ကြောင်းများက အဆိုပါ (၁၈) မိုင်လမ်းဆုံအနီးတစ်ဝိုက်ရှိ ကိုးကန့်သောင်းကျန်းသူများအား ဆက်လက်ရှင်းလင်းဆောင်ရွက်ရာ ကိုးကန့်သောင်းကျန်းသူများက စက်သေနတ်များ၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား၍ တပ်မတော်ကတိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြင့် လေကြောင်းပစ်ကူနှစ်ကြိမ်ဆောင်ရွက်ခဲ့သည်။ တပ်မတော်က သောင်းကျန်းသူများအား ဝိုင်းပတ်ထိန်းချုပ်အမြစ်ပြတ်တိုက်ခိုက်နိုင်ရေး လိုအပ်သောစစ်ကူများ ထပ်မံဖြည့်တင်း၍ ဆက်လက်တိုက်ပွဲဝင်လျက်ရှိသည်။

ယနေ့ တိုက်ပွဲများတွင် တပ်မတော်မှ စစ်သည်နှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည်ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လောက်ကိုင် ဒေသအတွင်း တပ်မတော် စစ်ကြောင်းများက ဆက်သွယ်ရေး လမ်းကြောင်းများအား ဖြတ်တောက်ပိတ်ဆို့လျက်ရှိသည့် ကိုးကန့် သောင်းကျန်းသူအဖွဲ့များအား ဆက်လက်တိုက်ခိုက်၍ နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

တရားသောစစ် အောင်ရမည်

❋ ဒို့ပြေ(ပြည်) ဒို့မြေ၊ ဒို့ပိုင်ရေကို
အရှည်တည်ရေး၊ အသက်သွေးဖြင့်
ပေးဆပ်ပါမည်၊ အားသန်ရည်၍
လေးလီသစ္စာ၊ စောင့်ထိန်းကာလျှင်
လိုက်နာဆောင်ဖော် တပ်မတော်။

❋ ပြည်သူမှမွေး၊ ပြည်သူ့သွေးမို့
ပြည့်ရေးပြည့်ရာ၊ ဒို့ဝန်တာတည့်
ကြုံလာအရေး၊ တုံ့မနှေးဘဲ
အရေးကြီးမူ၊ သွေးစည်းတူကာ
ပြည်သူနှင့်တပ် ကျောချင်းကပ်။

❋ (အို…တပ်မတော်သား ဇာနည်များတို့)
ဒို့မြေ တစ်လက်မ
ဒို့ရေ တစ်စက်မျှ
ဒို့လေ မစွက်ရ
မပျက်မစောင်း၊ သမိုင်းကောင်းအောင်
အားကောင်းမောင်းသန်၊ မျိုးချစ်မာန်ဖြင့်
ဖန်ဖန်နီးစွေး၊ သတ္တိသွေးဖြင့်
အရေးသုံးပါး၊ ကျူးစော်ကားသည့်
ရန်အားချေဖျက်၊ ရဲရဲတက် ဟော့
နှောင့်ယှက်ဆီးတား၊ ရန်စွယ်အားလျှင်
ဖယ်ရှားအစဉ်တစ်စိုက်၊ ရဲရဲတိုက် ဟော့
မငိုက်ဦးခေါင်း၊ သွေးသစ်လောင်းလျက်
မပြောင်းမလဲ၊ မျိုးချစ်စွဲဖြင့်
ရဲရဲချေမှုန်း၊ လက်စတုန်းဟော့။

❋ ညီဆွေနှောင်ဖွား၊ တိုင်းရင်းသားတွက်
တရားသောစစ် အောင်ရမည်။
ဂုဏ်ပြုစောင့်ကြို နေပါသည်။ ။

မျိုးမြတ်မြတ်မြင့်မောင်

(တရားသောစစ်ဆင်နွှဲနေသည့် တပ်မတော်သားများနှင့် မိဘပြည်သူများသို့ ဂုဏ်ပြုလျက်)

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လောက်ကိုင်နယ်မြေဒေသတွင် နိုင်ငံတော်လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အလှူငွေများပေးအပ်လှူဒါန်း

တောင်ငူ ဖေဖော်ဝါရီ ၂၁

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လောက်ကိုင် နယ်မြေဒေသတွင် နိုင်ငံတော် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ အသက်ပေးလှူသွားကြသော တပ်မတော်သားများနှင့်ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအတွက် အလှူငွေနှင့်အစားအစာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အေးချမ်းဖြိုးခန်းမ၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲ အခမ်းအနားတွင် လုပ်ငန်းရှင်များ၊ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့အစရှိသည့် အလှူရှင်များ၏ လှူဒါန်းမှုများအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

တပ်မတော်သားများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ငွေကျပ်သိန်း ၈၂၅၉၄၅၀၀ နှင့် ငွေကျပ် ၉၅၀၀၀၀ တန်ဖိုးရှိ အစားအစာပစ္စည်းများ၊ စုစုပေါင်းလှူဒါန်းငွေကျပ် ၈၃၅၄၄၅၀၀ ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)
ပါတီဗဟိုရုံးချုပ်

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တိမ်းရှောင်ကိုးကန့်လက်နက်ကိုင်အဖွဲ့၏ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်လာမှုအပေါ် အသက်၊ သွေး၊ ချွေး၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ စွန့်လွှတ်ကာကွယ်တိုက်ပွဲဝင်ခဲ့သော တပ်မတော်နှင့်တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုထုတ်ပြန်ခြင်း

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံဖွား တိုင်းရင်းသားတို့သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ မိမိတို့နိုင်ငံ၏ ကံကြမ္မာကို မိမိတို့လွတ်လပ်စွာဖန်တီးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတည်းဟူသော လွတ်လပ်သော နိုင်ငံ၏ဂုဏ်အင်္ဂါကိုထာဝစဉ် အသက်ပေးစောင့်ထိန်းကာကွယ်သွားရမည် ဖြစ်ပါသည်။

၂။ ယခုကဲ့သို့ ငြိမ်းချမ်းရေး၊ အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးများကို အမျိုးသားရေးစွမ်းအားဖြင့် ကြိုးပမ်းနေချိန်တွင် တိမ်းရှောင်ကိုးကန့်လက်နက်ကိုင်အဖွဲ့နှင့်အပေါင်းအပါတို့၏ ရှမ်းပြည်နယ်ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်မှစ၍ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်လာမှုအပေါ် အမိမြေနှင့်တိုင်းရင်းသား ပြည်သူတို့အား အသက်၊ သွေး၊ ချွေး၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများစွန့်လွှတ်၍ ကာကွယ်တိုက်ပွဲဝင်ခဲ့သော တပ်မတော်နှင့်တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ခေတ်သစ်ပြည်သူ့ပါတီ

တပ်မတော်သားများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ဖုန်း ၀၉-၇၃၂၀၆၆၉၉၊ ၀၃၁-၂၅၉၂၆ (ရန်ကုန်)
ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး ဖုန်း ၀၉-၅၂၅၀၉၉၅၊ ၀၃၃-၃၆၀၃၃ (လားရှိုး)

နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပ

အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယားကို ပြည်သူများ၊ တက္ကသိုလ်ဆရာ ၊ဆရာမများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ သိရှိလေ့လာ အကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းဖော်ပြချက်များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ပင်မဆောင်ခန်းမ၌ကျင်းပရာ ဆွေးနွေးပွဲသို့ ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြအပ်ပါသည်။

သတင်းစဉ်အဖွဲ့

ဒေါက်တာဒေါ်ခင်နိုင်ဦး အမှာစကားပြောကြားစဉ်။

ဒေါက်တာမိုးအောင် ဆွေးနွေးစဉ်။

ဒေါက်တာကျော်ဇော ဆွေးနွေးစဉ်။

ဒေါက်တာဒေါ်ခင်နိုင်ဦး
ပါမောက္ခချုပ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆွေးနွေးနိုင်ဖို့အတွက် ဒီအစီအစဉ်ကို ပြုလုပ်ပေးရခြင်းဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ ပြင်ပအဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေ တက်ရောက်လာတဲ့အတွက် ဝမ်းသာပါတယ်။ နိုင်ငံ့အရေးကို စိတ်ဝင်စားတာဟာ အလွန်ကောင်းမွန်ပါတယ်။ အနာဂတ်လူငယ်တွေ စိတ်ဝင်တစားပါဝင်လာမှ တာဝန်တွေကို ပခုံးပြောင်းလွှဲအပ်တဲ့အခါ စိတ်ချရမှာဖြစ်ပါတယ်။ အကောင်းမြင် Positive အမြင်နဲ့ ဆွေးနွေးဖို့ လိုအပ်ပါတယ်။ ရုပ်ကိုနိုင်ဖို့ထက်၊ စိတ်ကိုနိုင်ဖို့ကအရေးကြီးပါတယ်။ ဒီတက္ကသိုလ်မှာ တိုင်းရင်းသားများအရေးနဲ့ ပတ်သက်ပြီးတော့ စည်းလုံးညီညွတ်မှုရရှိအောင် တိုင်းရင်းသားပဒေသာကပွဲတွေ ကျင်းပခဲ့ပြီး တိုင်းပြည်ချစ်စိတ်၊ စည်းလုံးညီညွတ်မှု စိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို ဖော်ထုတ်ပေးခဲ့ပါတယ်။ ဗိုလ်ချုပ်မွေးနေ့ နှစ်(၁၀၀)ပြည့်ကိုလည်း ကျင်းပပေးခဲ့ပါတယ်။ ပညာတော်သူတွေကို ပညာတော်သင်ငွေကြေးအထောက်အပံ့တွေပေးထားပြီး ယခုဆိုရင် ၁၉၈ ဦး ထောက်ပံ့ပေးထားပြီးဖြစ်ပါတယ်။ သတင်းအချက်အလက်တွေကို ရှာဖွေကြည့်ရှုနိုင်ဖို့အတွက် Wi-fi စနစ်ကိုလည်း ကျောင်းသား၊ ကျောင်းသူတွေအတွက် ဆောင်ရွက်ပေးထားပါတယ်။ ယခုဥပဒေကြမ်းမှာ သင်ရိုးညွှန်းတမ်းနဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်နေဖို့လိုပါတယ်။ အဲဒီအခွင့်အရေးတွေဟာ ယခုဥပဒေအရဆိုရင် ဆုံးရှုံးနေတယ်လို့ ပြောလိုပါတယ်။ သင်ရိုးညွှန်းတမ်းမကောင်းရင် နိုင်ငံတကာမှာ ပညာရေးနဲ့ အလုပ်အကိုင်တို့မှာ အဆင့်မမီနိုင်ပါဘူး။ အဓိကအားဖြင့် ယခုဥပဒေကြမ်းပါ အုပ်ချုပ်ရေး၊ သင်ရိုးညွှန်းတမ်းနဲ့ အပြောင်းအရွှေ့ကိစ္စရပ်တွေမှာ တစ်ဦးချင်း စည်းကမ်းတကျ လေးလေးစားစားနဲ့ အပြုသဘောဆောင် အကြံပြုဆွေးနွေးကြဖို့ လိုပါတယ်။ ဆွေးနွေးပွဲကရရှိတဲ့ အကောင်းဆုံးအဖြေတွေနဲ့ တင်ပြချက်တွေကို လွှတ်တော်သို့ ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

မောင်ဇေယျာလွင် III BDev S- 104 (2013-2014)

ဒီဥပဒေကြမ်းကို လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ကျွန်တော်ကိုယ်တိုင် ပါဝင်ဆွေးနွေးထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီး ရေဆင်းတက္ကသိုလ်နဲ့ ဒဂုံတက္ကသိုလ်တို့မှာ ကျောင်းသား၊ ကျောင်းသူတွေ အခန်းပိတ် အစီအစဉ်နဲ့ ကန့်ကွက်သလိုလို၊ ထောက်ခံသလိုလို ပြုလုပ်သွားတာ တွေ့ရပါတယ်၊ ဆရာမကြီးကိုယ်တိုင် လေးပွင့်ဆိုင်အစည်းအဝေးကို တက်ရောက်ခဲ့တာဖြစ်တဲ့အတွက် ပြုပြင်လိုတဲ့ အချက်တွေကို ပြောကြားရမှာ ဖြစ်ပါတယ်။ပုဒ်မ (၂၂) အုပ်ချုပ်ရေးပိုင်းမှာ လူပုဂ္ဂိုလ် အတိအကျဖော်ပြမထားတဲ့အတွက် နားလည်မှုလွဲနေပါတယ်။ ကျောင်းသားတွေမှာ ကျောင်းသားအခွင့်အရေးရှိပါတယ်။ အုပ်ချုပ်ရေးနဲ့စီမံခန့်ခွဲရေးအပိုင်း Administration Board မှာ တက္ကသိုလ်က တာဝန်ရှိသူအားလုံး ပါဝင်ရမှာဖြစ်သည်ကို အသေးစိတ်မဖော်ပြမိခြင်းဖြစ်ပါတယ်။ ပြန်လည် ပြင်ဆင်ရေးအတွက် လွှတ်တော်သို့ ပြင်ဆင်ဆွေးနွေးပေးမှာ ဖြစ်ပါတယ်။ပုဒ်မ (၄၀) (က)အရ လွတ်လပ်သောပညာရှင်များမှာ အရည်အသွေးတိုင်းတာတဲ့အဖွဲ့ Quality Assurance အဖွဲ့ လိုအပ်မှာဖြစ်ပါတယ်။ ကျောင်းတစ်ကျောင်းရဲ့ အရည်အသွေးနဲ့ စာမေးပွဲစနစ်ကို တိုင်းတာဖို့ ဖြစ်ပါတယ်။ ဆရာအပြောင်းအရွှေ့ ကိစ္စနဲ့ပတ်သက်ပြီး Social Welfare ဖြစ်နေတဲ့အတွက် ဒီဥပဒေတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ အခြားဥပဒေတွေနဲ့ ချိတ်ဆက်ပြီး ညှိနှိုင်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဒေါက်တာမိုးအောင် ကထိက မြန်မာစာဌာန

ဒီဥပဒေကြမ်းကို NNER က ထုတ်ပြန်တဲ့အချိန်ကတည်းက ဖတ်ခဲ့ပါတယ်။ ပုဒ်မ(၁၇) ဘာသာရပ်လိုအပ်ချက်နဲ့ ကျောင်းသားရဲ့ လေ့လာသင်ယူမှုအပိုင်းမှာ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်တဲ့နေရာမှာ အမှတ်နိမ့်ပြီး ဝင်ရောက်လာတဲ့ ကျောင်းသား၊ ကျောင်းသူတွေ စာမေးပွဲများမှာ Moderation နဲ့ အောင်မြင်ခဲ့တာကို တွေ့ရှိရပါတယ်။ အရည်အချင်းနဲ့အရေအတွက် ဘာကိုဦးစားပေးလိုပါသလဲဟု မေးလိုပါတယ်။ ပုဒ်မ(၂၂) ဗဟိုအုပ်ချုပ်မှုကို မနှစ်သက်ပါဘူး။ ကျောင်းအုပ်ချုပ်ရေးမှာ ရပ်ရွာက လေးစားသူများဆိုတဲ့အပိုင်းမှာ မည်သူ့ကိုပြောလိုသည်ကို သိရှိလိုပါတယ်။ ဘုရားဒကာ၊ ကျောင်းဒကာတွေ ဖြစ်နေမှာကို စိုးရိမ်မိပါတယ်။ ပါဝင်သင့်သူတွေမှာ သက်ဆိုင်ရာဘာသာရပ်ကို ကျွမ်းကျင်သူတွေ ဖြစ်ဖို့လိုအပ်ပါတယ်။ ပုဒ်မ(၂၂)(စစ)မှာ ဆရာ၊ ဆရာမတွေအပေါ် ကျောင်းသား၊ ကျောင်းသူတွေရဲ့ အကဲဖြတ်မှုဆိုတာကို စိုးရိမ်ပါတယ်။ စာသင်တာကို အကဲဖြတ်မှာလား၊ လူကိုအကဲဖြတ်မှာလား၊ စည်းကမ်းတကျ ဆောင်ရွက်နေမှုကို အကဲဖြတ်မှာလားဆိုတာ မသိရပါဘူး။ အကဲဖြတ်ခြင်းမှာ ဆရာ၊ ဆရာမတွေရဲ့ ဘဝတစ်ခုလုံးနဲ့ ဆိုင်နေပါတယ်။ ဆရာ၊ ဆရာမတွေအပေါ်မှာ မှန်ကန်တဲ့အကဲဖြတ်မှုကို ရရှိနိုင်မလားဆိုပြီး စဉ်းစားမိပါတယ်။ ပုဒ်မ(၂၂)(င)(ဃဃ) မှာ မိခင်ဘာသာစကားကို မူလတန်းအဆင့် ၄၀ ရာခိုင်နှုန်းသင်ကြားရာမှာ ဆရာ၊ ဆရာမ (၂)ဦးကို ရွေးချယ်ခန့်ထားပေးရမည်ဆိုပြီး ဖြစ်နေပါတယ်။ မိခင်ဘာသာစကားတတ်ပြီးသားကို ခန့်မှာလား၊ ဆရာ၊ ဆရာမ (၂) ဦးကို ခန့်မှာလားဆိုတဲ့ ကိစ္စရပ်တွေရှိနေပါတယ်။ ပုဒ်မ (၄၀)(က)အရ ရွှေ့ပြောင်းကိစ္စရပ်တွေမှာ နယ်မြေအခြေအနေများအရ လုံခြုံရေးကိစ္စရပ်များကို သိလိုပါတယ်။ မိမိတက်လိုတဲ့ကျောင်းကို လွတ်လပ်စွာရွေးချယ်ခွင့် ရှိတယ်ဆိုတဲ့အချက်မှာ အခုရန်ကုန်က ဒဂုံ၊ TTC ကျောင်းတွေဟာ ဦးစားပေးရွေးချယ်သူပေါများတဲ့အတွက် ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမ၊ အဆောက်အအုံ၊ အခန်းလုံလောက်မှု ရှိ၊ မရှိကို Rule တစ်ခု သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ ပုဒ်မ(၆၀) ပုဂ္ဂလိက ကျောင်းတွေရဲ့ မသမာမှုတွေကို တွေ့ရှိရပါတယ်။ အဲဒီကိစ္စရပ်တွေကို ဘယ်လိုအရေးယူရမည်ဆိုတာကို စဉ်းစားပေးရမှာဖြစ်ပါတယ်။ ရန်ကုန်နဲ့ နယ်တွေမှာ (၁၀)တန်းဖြေတာချင်းအတူတူ အောင်မြင်မှုအခြေအနေ ရွေးချယ်ရာအခြေအနေတွေ မတူညီကြပါဘူး။ ပီတိကိုစား အားရှိပါတယ်ဆိုတဲ့ ဆောင်ပုဒ်ဟာ ကောင်းပေမယ့်လည်း ဆရာ၊ဆရာမတွေရဲ့ စားဝတ်နေရေးအတွက် လစာတိုးမြှင့်ပေးရေး ကိစ္စရပ်ကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်မှာဖြစ်ပါတယ်။

မောင်စည်သူမောင်၊ တတိယနှစ် B.Econ(Stats)နားခွင့်

အမျိုးသားပညာရေးဥပဒေနဲ့ ပတ်သက်ပြီး စိန်ရတုခန်းမမှာ NNER အဖွဲ့တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံ့ပညာရေးတိုးတက်စေဖို့အတွက် Mother Law ဖြစ်နေတာကြောင့် အချက်(၉)ချက်အရ ကန့်ကွက်ရခြင်း ဖြစ်ပါတယ်။ Higher Education Law ဆိုတာ ထပ်ရှိနိုင်ပါတယ်။ သို့ဖြစ်ပါက AB အဖွဲ့နဲ့ Senate အဖွဲ့(၂)ခုရှိလာပြီး ကျောင်းတွေက တာဝန်ရှိသူတွေ ပါဝင်လာမှာဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်ဆိုတာဟာလည်း လက်ရှိပညာသင်ကြားနေတဲ့ ကျောင်းသားတွေ မဟုတ်ဘဲ ကျောင်းသားသမဂ္ဂက ရွေးချယ်ပေးထားတဲ့ ဘွဲ့ရပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေကို အကဲဖြတ်တယ်ဆိုရာမှာ ကျောင်းသားတိုင်းကို Comment စာရွက်တွေပေးဝေပြီး သင်ကြားပေးမှု မြန်လားနှေးလား၊ Home Work အိမ်စာတွေ သေချာ ပေးသလားဆိုတာကို ထောက်ပြဖို့ ဖြစ်ပါတယ်။

ဒေါက်တာကျော်ဇော၊ ကထိက သချာင်္ဌာန

ပုဒ်မ(၁၀၅)နဲ့(၁၀၇)တို့ဟာ Contra ဖြစ်နေပါတယ်။ အရင်ကတည်းက ဒီဥပဒေတွေကို သိခဲ့ပါတယ်။ Autonomy ကိုယ်ပိုင်ကျောင်းကိစ္စကို ကြိုက်လည်းကြိုက်ပါတယ်။ ကြောက်လည်းကြောက်ပါတယ်။ အဘယ်ကြောင့်လဲဆိုရင် ကျောင်းသား၊ ကျောင်းသူတွေကို တတ်စေချင်တဲ့ဆန္ဒနဲ့ မြန်မာ့ဓလေ့အရ စည်းကမ်းတွေသတ်မှတ်ရင် ကျောင်းသား၊ ကျောင်းသူဘက်က သူတို့ရဲ့ အခွင့်အရေးကို ချိုးဖောက်တယ်လို့မြင်မှာကို စိုးရိမ်ပါတယ်။ အကဲဖြတ်စနစ်ကို သတ်သတ်မှတ်မှတ်သေသေချာချာ စဉ်းစားပေးစေ လိုပါတယ်။ သင်ကြားရေးကို ဆုံးဖြတ်မှာလား၊ အပြောအဆိုကို ဆုံးဖြတ်မှာလား စသည်ဖြင့် မတွေးတတ်ပါဘူး။ လွတ်လပ်သော ပညာရှင်များဟုဆိုလိုသည့် အဓိပ္ပာယ်ကို သိရှိလိုပါတယ်။ အစိုးရဝန်ထမ်းမဟုတ်ရဘူးလား၊ ဘယ်သူတွေဘယ်အတိုင်းအတာနဲ့ စံအဖြစ်သတ်မှတ်မှာလဲဆိုတာကို သိလိုပါတယ်။ ပုဒ်မ(၂၂)(ညည)အရ သန်စွမ်း ဆွံ့အနားမကြားကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး အကောင်းတွေနဲ့ ပေါင်းဖို့ မဖြစ်နိုင်ပါဘူး။ (၁၀)တန်းအောင်ခဲ့စဉ်က Fit Certificate ပြပြီး တက္ကသိုလ်ဝင် လျှောက်ထားခဲ့ရပါတယ်။ ဥပမာပြောရရင် ရွှေချိန်ခွင်နဲ့ ငါးပိချိန်ခွင် ဘယ်လိုမှ ပေါင်းပြီးချိန်လို့ရမှာဟုတ်ပါဘူး။ ပုဒ်မ(၃၆)(ည)၊ (၇၁) တွေကို ဖြုတ်ရမှာဖြစ်ပါတယ်။ ဒီဥပဒေကို နိုင်ငံရေးအရ ဖြေရှင်းရမှာ ဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းတွေကိုလည်း (၉)ဦးကရေးဆွဲမယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ Board of Studies တွေမှာတောင် ကထိကနဲ့ အထက် ပါမောက္ခတွေက ဆွေးနွေးညှိနှိုင်းရပါတယ်။

မောင်လှထွန်းဖြူ မဟာတန်း ဒုတိယနှစ်MBF

ပုဒ်မ(၁၈)နဲ့(၂၂)(ဃဃ)တို့ဟာ ကွာဟနေတဲ့အတွက် ကန့်ကွက်ပါတယ်။ ပါတီစွဲတွေကြောင့် အချင်းချင်း ညီညွတ်မှုပျက်ပြားစေပါတယ်။ ပုဒ်မ(၃၆)(၇၂)၆၉၊(၇၁) တို့ကို ပယ်ဖျက်ဖို့ ထောက်ခံပါတယ်။

မသက်နှင်းစု ပထမနှစ် BCom

ကျောင်းသားသမဂ္ဂအလံဟာ ယခင်ကအတိုင်း ဒေါင်းက ကျော့ကွင်းအတွင်းမှ ရုန်းထွက်ပုံဖြစ်ပါတယ်။ NLD အလံနဲ့တူနေပေမယ့်လည်း ကျောင်းသားသမဂ္ဂနဲ့ NLD ပါတီ လုံးဝမသက်ဆိုင်ပါဘူး။ ပုဒ်မ(၂၂)(စစ)မှာ ကျောင်းသားက ဆရာကို အကဲဖြတ်ဆိုပြီး စာလုံးသုံးထားခြင်းဟာကို ပြောတာလဲဆိုတာကို သိချင်ပါတယ်။ ဗဟိုချုပ်ကိုင်မှုထက် ဘာမှန်း၊ ညာမှန်း မသိသူတွေက ဦးဆောင်မယ်ဆိုပါကမကောင်းနိုင်ပါဘူး။ အလွတ်ကျက်ပညာသင်ကြားရေးနဲ့ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင် မနှစ်သက်ပါဘူး။ စဉ်းစားတွေးခေါ်တဲ့ ပညာရေးစနစ်ကို ကြိုက်နှစ်သက်ပါတယ်။ ကျောင်းဝင်ခွင့်ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ အရည်အချင်းစစ်ဆေးသတ်မှတ်ချက် IGSE ဖြေဆိုပြီးမှသာ ဝင်ခွင့်ကို သတ်မှတ်ပါတယ်။ပုဒ်မ(၂၂)(ဇဇ)အရ တက္ကသိုလ်တွေကို လွတ်လပ်စွာ လျှောက်ထားနိုင်တယ်ဆိုရာမှာ တက္ကသိုလ်တစ်ခုခုမှာ လျှောက်ထားသူတွေ များနေလျှင်၊ ကျန်တက္ကသိုလ်တွေကို ဖျက်ပစ်ရမလားလို့ စဉ်းစားမိပါတယ်။ ထားဝယ်၊ စစ်တွေ၊ မြစ်ကြီးနားစတဲ့ ကျောင်းတွေက ကျောင်းသားတွေရဲ့ သင်ကြားရေးကို စဉ်းစားရမှာ ဖြစ်ပါတယ်။ပုဒ်မ(၆၅)(က)ကို ကြိုက်နှစ်သက်ပါတယ်။ ဒါပေမယ့် ဘယ်တော့ စတင်မယ်ဆိုတာကို အဆုံးအစမပါဝင်တဲ့အတွက် ဖော်ပြပေးဖို့လိုအပ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးဆိုတာဟာ နိုင်ငံတော်အတွက် အရေးကြီးပါတယ်။

မောင်ဇေယျာလွင် ဆွေးနွေးစဉ်။

မောင်စည်သူမောင် ဆွေးနွေးစဉ်။

မောင်လှထွန်းဖြူ ဆွေးနွေးစဉ်။

မောင်ရဲမင်းဦး မဟာတန်း MEcon(Stats)

ဥပဒေကြမ်းထွက်ရှိလာကတည်းက ဖတ်ပြီးဖြစ်ပါတယ်။ အပြုသဘောပြောမှာ ဖြစ်ပါတယ်။ အရင်ကပုဒ်မ(၆၈)၊(၆၉)ခုသာ ပါသော်လည်း ယခုအခါပုဒ်မ(၇၀)ကျော် ပါဝင်လာပါတယ်။ ကျောင်းသား၊ ဆရာကိစ္စတွေ၊ သမဂ္ဂ၊ ဘတ်ဂျက်ကိစ္စတွေ ပါဝင်လာတာကို ကြိုက်ပါတယ်။ ဒီဥပဒေအရ ပညာရေးဝန်ကြီးဌာနကို ဖျက်သိမ်းရတော့မလားဆိုတဲ့အခြေအနေ ဖြစ်ပေါ်လာပါတယ်။ အခြားအဖွဲ့တွေနဲ့ ဘယ်လိုဆက်သွယ်မှာလဲဆိုတာကို စဉ်းစားပါတယ်။ ရောထွေးယှက်တင်ဖြစ်လာနိုင်ပါတယ်။ ဥပဒေ ကွဲလွဲနေတာတွေ ရှိနေတာကို တွေ့ရပါတယ်။ ပုဒ်မ(၇၂) ၆၉နဲ့ ၇၁ ကို ပယ်ဖျက်ဖို့လိုပါတယ်။ မြန်မာ့ယဉ်ကျေးမှု ပျောက်ပျက်ပြီး အနောက်တိုင်းယဉ်ကျေးမှု ဝင်လာမှာကို စိုးရိမ်ရပါတယ်။ ဟီရိဩတ္တပ္ပ တရားအရ အကြောက်တရားတွေ မရှိပါက မကောင်းနိုင်ပါဘူး။ ပုဒ်မ(၂၂)(ဇဇ)အရ လွတ်လွတ်လပ်လပ်ဆိုတာ ဘာကိုပြောလိုပါသလဲ ဆိုတာကို သိလိုပါတယ်။ ဆရာ၊ ဆရာမတွေကို အကဲဖြတ်ရာမှာ မှားနေတယ်လို့ယူဆပါတယ်။ ကောင်းတာကိုရော မကောင်းတာကိုပါ ဝေဖန်ရမှာဖြစ်ပါတယ်။ အလယ်အလတ်ဖြစ်အောင် ညှိနှိုင်းလုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ပုဒ်မ(၃၆)(ည)မှာ အခြားဘာသာရေးဆိုတာ ဘာကိုဆိုလိုသလဲလို့ သိလိုပါတယ်။

မောင်ဇေယျာလွင် III BDevS- 104 (2013-2014)

ဥပဒေအတည်ပြုရေးမှာ (၇)ရက်အတွင်း သမ္မတက လက်မှတ်ထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ အတည်ဖြစ်ပါတယ်။ ဥပဒေတွေမှာ ယေဘုယျစကားလုံးတွေ ရှိနေတဲ့အတွက် ယခုလို ရှင်းလင်းနေရခြင်း ဖြစ်ပါတယ်။ Assessment ကိစ္စရပ်တွေမှာ Formative Assessment ကို သွားဖို့ပြင်ဆင်နေပါတယ်။ ကျောင်းဝင်ခွင့်သတ်မှတ်ရာမှာ ကျောင်းတွေက ပုံစံအမျိုးမျိုး စစ်ဆေးပြီး သတ်မှတ်ဝင်ခွင့်ပြုရမှာဖြစ်ပါတယ်။ အပြောင်းအရွှေ့ကိစ္စရပ်တွေမှာ ဒီဥပဒေနဲ့မလုံလောက်ပါဘူး။ အလုပ်သမားဥပဒေ၊ အခြားဆက်စပ်ဥပဒေတွေနဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးကိစ္စမှာ ဘတ်ဂျက် ၂၀ ရာခိုင်နှုန်း ရရှိရေးဟာ ဥပဒေအတည်ပြုချိန်မှ စတင်မှာဖြစ်ပါတယ်။ မသန်မစွမ်းကိစ္စမှာ မသန်စွမ်းကလေးကို Special Education မှာထားရင် ကလေးရဲ့ သာတူညီမျှ ခံစားမှု၊ စိတ်ပိုင်းဆိုင်ရာခံစားမှု မရှိစေဖို့အတွက် Inclusive Education မှာ ထည့်ထားတာ ဖြစ်ပါတယ်။

ဒေါက်တာခင်နိုင်ဝင်း ပါမောက္ခချုပ်

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း ဆွေးနွေးပွဲကို တက်ရောက်လာပြီး ဆွေးနွေးပေးကြတဲ့ ဆရာ၊ ဆရာတွေ ကျောင်းသား၊ ကျောင်းသူတွေနဲ့ အခြားပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ရှိပါတယ်။ မေတ္တာတရား၊ သစ္စာတရားတွေကို အခြေခံပြီး ဆွေးနွေးခဲ့တာဖြစ်တဲ့အတွက် ကျောင်းသားတွေရဲ့အမြင်၊ ဆရာ ဆရာမတွေရဲ့ အမြင်ကို သိရှိနားလည်ရပါတယ်။ ဆုံမှတ်တစ်ခုကိုလည်း ရရှိခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကို ကျောင်းသား၊ ကျောင်းသူတွေ၊ ဆရာ၊ဆရာမတွေ အတင်းအဓမ္မခေါ်ယူထားခြင်း မဟုတ်ပါဘူး၊ မိမိတို့၏ဆန္ဒအရ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် လာရောက်ဆွေးနွေးကြခြင်း ဖြစ်ပါတယ်။

ဥပဒေရေးရာ

National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် အမှန်တကယ်အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်နိုင်သော အမျိုးသားပညာရေးဥပဒေဖြစ်ပေါ်လာရေးသည်သာ အဓိကပဓာန

မောင်သမာဓိ

၁၉-၂-၂၀၁၅ ရက်နေ့တွင် ထုတ်ဝေသော နိုင်ငံပိုင်သတင်းစာများ၌ အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန်အတွက် ဖော်ပြထားသော အမျိုးသားပညာရေးဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ဖတ်ရှုလေ့လာရပါသည်။ တည်ဆဲအမျိုးသားပညာရေးဥပဒေနှင့် အဆိုပါဥပဒေအပေါ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ယှဉ်တွဲဖော်ပြထားရာ ဖတ်ရှုလေ့လာရသူအတွက် စဉ်းစားဆင်ခြင်စရာ များစွာ တွေ့ရှိရပါသည်။ အများပြည်သူ လေ့လာ အကြံပြုနိုင်ရန်အတွက်ဟု ဖော်ပြထားချက်အရ ပြည်သူတစ်ဦးအနေဖြင့် ဖတ်ရှုလေ့လာမိသည့်အတွက် အကြံပြုရန် တာဝန်ရှိလာပါသည်။ ရှိလာသည့် တာဝန်အတိုင်း လေ့လာမိသမျှကို အကြံပြုတင်ပြမည်ဖြစ်ပါသည်။

တည်ဆဲအမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂။(သ)တွင် **မိဘဆရာအသင်း**အစား ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် **ကျောင်းအုပ်ချုပ်ရေးအဖွဲ့**ဟုလည်းကောင်း၊ ပုဒ်မ ၂။(ဟ)တွင် ကျောင်းအကျိုးဆောင်အဖွဲ့အစား တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဟုလည်းကောင်း ပြင်ဆင်ထားသည်ကို ဦးစွာ တွေ့ရှိရပါသည်။

အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့သည် မရှိမဖြစ်လိုအပ်သော အသင်းအဖွဲ့များ ဖြစ်ပါသည်။ အကြောင်းမူ မိဘဆရာအသင်းဟူသည် အခြေခံပညာကျောင်းများတွင် သင်ယူသူ တပည့်များ၏ ပညာရည်တတ်မြောက်ရေးနှင့် ကိုယ်နှုတ်နှလုံးကောင်းမွန်လာစေရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့် ဆရာတို့ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ မိဘနှင့် ဆရာပူးပေါင်းလက်တွဲပြီး တပည့်ကျောင်းသား ကျောင်းသူများ အသိပညာကြွယ်ဝပြီး စာရိတ္တကောင်းမွန်သော လူငယ်လူရွယ်များ ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်ရင်းဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် ကျောင်းအကျိုးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းမှာ ကျောင်းပညာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ရင်းဖြင့် ပညာရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညို လေးစားမှု ရှိသူများအား ရွေးချယ်ပြီး ဖွဲ့စည်းခြင်းဖြစ်ပါသည်။

အခြေခံပညာကျောင်းများဟု ဆိုရာတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ဟူ၍ သုံးမျိုးသုံးစားပါဝင်ပါသည်။ အဆိုပါ အခြေခံပညာကျောင်းများသည် နယ်စွန်နယ်ဖျား ကျေးလက်တောရွာများအထိ တည်ရှိနေသည်ကို အလေးအနက် သတိမူကြရပေမည်။ ဒေသအသီးသီးရှိ အခြေခံပညာကျောင်းများ၏ ဒေသအလိုက် လိုအပ်ချက်များကို ချက်ချင်းလက်ငင်းအခြေအနေများတွင် ဒေသခံပြည်သူလူထုကသာ ဝိုင်းဝန်းကူညီပံ့ပိုးကြပါသည်။ ဖြည့်ဆည်းဆောင်ရွက်ပေးကြပါသည်။ ထိုသို့ ဝိုင်းဝန်းကူညီပံ့ပိုးဖြည့်ဆည်းပေးရာတွင် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပေးနေကြရသော အသင်းအဖွဲ့များဖြစ်သည့်အတွက် အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့တို့သည် မရှိမဖြစ် လိုအပ်သည့် အသင်းအဖွဲ့များဖြစ်ရာ ပြင်ဆင်ရေးဆွဲသည့် ဥပဒေမူကြမ်းတွင် အခြေခံပညာကျောင်းများ၌ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့များကို ထည့်သွင်းရေးဆွဲရန် အကြံပြုတိုက်တွန်းအပ်ပါသည်။ ကျေးရွာငယ်များရှိ အခြေခံပညာကျောင်းများ၌ ပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားမိဘအုပ်ထိန်းသူ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရန် အခြေအနေမရှိသည်ကို အလေးအနက်သတိပြုစေလိုပါသည်။

ဆက်လက်၍ တည်ဆဲအမျိုးသားပညာရေးဥပဒေပါ အခန်း (၃) အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများနှင့် ပြင်ဆင်သည့်ဥပဒေကြမ်းပါ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင် ပြင်ဆင်သည့်ဥပဒေကြမ်း၌ **လွတ်လပ်ခွင့်**ဆိုသည့် စကားလုံးများကို ဖောဖောသီသီ သုံးစွဲပြီးရေးဆွဲထားပါသည်။ လွတ်လပ်ခွင့်ဟူသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ နှင့်အညီ ဖြစ်ရပါမည်။ အလားတူ မြန်မာ့ လူမှုဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုကျင့်ဝတ်အတွင်း၌သာ ရှိရမည်ဖြစ်ပါသည်။ ဥပဒေစည်းကမ်းများကို ကျော်လွန်သည့် လွတ်လပ်ခွင့်မျိုးသည် ထင်ရာစိုင်းသည့် လွတ်လပ်ခွင့်မျိုးဖြစ်ပါသည်။ ထိုထင်ရာစိုင်းသည့် လွတ်လပ်ခွင့်မျိုးသည် လူမှုအဖွဲ့အစည်းအတွင်း၌လည်းကောင်း၊ အပြန်အလှန် ညှိနှိုင်းဆွေးနွေးရာတွင်လည်းကောင်း ကောင်းကျိုးထက် ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် တစ်ဦးချင်း တစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်သည် ဥပဒေစည်းကမ်းအတွင်း တည်ရှိနေရန် အရေးကြီးပါသည်။ ဥပဒေစည်းကမ်းအတွင်းက လွတ်လပ်မှုကသာလျှင် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော ဥပဒေစည်းကမ်းနှင့်အညီ လွတ်လပ်စွာ ပြောဆိုနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကို အခြေခံ ပညာကျောင်းများကသာလျှင် မွေးမြူလေ့ကျင့် သင်ကြားပေးနိုင်သည်ကိုလည်း အလေးထားသတိမူအပ်ရာ၏။ လွတ်လပ်ခွင့်ကို တလွဲတွင် အသုံးပြုပါမူ မင်းမဲ့စရိုက်ဘက်သို့ ဦးတည်သွားနိုင်သည်ကိုလည်း အလေးထားသတိမူအပ်ရာ၏။ မူလအနှစ်သာရများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုကျင့်ဝတ်များကို သွေဖည်မည့်ဘက်သို့ ဦးတည်ရွေ့လျားစေသော လွတ်လပ်ခွင့်မျိုးကိုလည်း အလေးအနက် သတိထားရှောင်ကြဉ်ရာ၏။ **လွတ်လပ်ခွင့်နှင့် ဥပဒေစည်းကမ်း**တို့သည် **အပြန်အလှန်အမှီသဟဲပြုမှသာဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားမည်**ကိုလည်း အလေးထားသတိမူအပ်ရာ၏။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ဗဟိုချုပ်ကိုင်မှုစနစ်ကို ဖြေလျှော့ပေးလျက်ရှိရာ ပြင်ဆင်သည့် ဥပဒေကြမ်း၌ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများဖြစ်သော ပုဒ်မ ၄။(ဂ)(ဃ)ပါ အကြောင်းအရာများသည် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့က ထိန်းချုပ်နေသည့် အုပ်ချုပ်မှုအသွင်ကို ဖော်ဆောင်နေပါသည်။ ပြင်ဆင်သည့် ဥပဒေကြမ်း၌ ပုဒ်မ ၄။(က)(ခ)(ဂ)တို့တွင် ပညာရေးလွတ်လပ်ခွင့်ဟု သာမန်အားဖြင့် လူကြိုက်များအောင် ဖော်ပြထားသော်လည်း နိုင်ငံတကာတွင် ကျင့်သုံးသည့် ပညာရေးလွတ်လပ်ခွင့်၊ စီမံခန့်ခွဲရေးလွတ်လပ်ခွင့်၊ ဘဏ္ဍာငွေကြေးသုံးစွဲမှုဆိုင်ရာ လွတ်လပ်ခွင့်၊ ဝန်ထမ်းရေးရာ လွတ်လပ်ခွင့်တို့နှင့် လုံးဝကင်းလွတ်နေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ ပုဒ်မ အပိုဒ်ခွဲ(ဂ)ပါ ဆောင်ရွက်မည့် အစီအစဉ်သည် ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ တစ်နည်းအားဖြင့် သမဂ္ဂများကသာ အစစအရာရာတွင် စီမံခန့်ခွဲမည့် ပုံသဏ္ဌာန်ကို ထင်ဟပ်နေပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရေးဆွဲကြရာတွင် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်သွေးထိုးသည့် ဥပဒေပြဋ္ဌာန်းချက်တို့ကို ရှောင်ကြဉ်အပ်ကြောင်း စေတနာကောင်းဖြင့် အကြံပြုလိုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သက်ဆိုင်ရာပညာရေးစနစ်သည် ထိုနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ထိုနိုင်ငံ၏ အခြေခံဥပဒေအတွင်း ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသော်လည်းကောင်း၊ အခြားဥပဒေ၊ နည်းဥပဒေကိုလည်းကောင်း ဆန့်ကျင်သွေဖည်ခြင်း မရှိသည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

ပြင်ဆင်လိုသည့်ဥပဒေ ပုဒ်မ ၄။(ပ)တွင် အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေးဟူ၍ တွေ့ရှိရပြန်ပါသည်။ ယနေ့အခါတွင် အခမဲ့မူလတန်းပညာရေးကိုလည်းကောင်း၊ အခမဲ့အလယ်တန်းပညာရေးကိုလည်းကောင်း ဆောင်ရွက်နေပြီဖြစ်ပါသည်။ လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းပညာရေးအစီအစဉ်ကို ဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ ထို့ကြောင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်းတွင် အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေးအစား တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပုဒ်မ ၄။(ည)တွင် ဖော်ပြသည့်အတိုင်း 'အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး'ဟု ဖော်ပြမည်ဆိုပါက ပိုမိုသင့်လျော်ပါကြောင်း အကြံပြုလိုပါသည်။

ယနေ့အခါ အခမဲ့ မူလတန်းပညာရေး၊ အခမဲ့အလယ်တန်း ပညာရေးဆောင်ရွက်နေ။

လာမည့်၂၀၁၅- ၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်း ပညာရေးအစီအစဉ်ကို ဆောင်ရွက်သွားမည်ဟု သိရှိရ။

'အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး'ဟု ဖော်ပြမည်ဆိုပါက ပိုမိုသင့်လျော်။

ဆက်လက်၍ အမျိုးသားပညာရေးဥပဒေပါ အခန်း (၄) နှင့် ပြင်ဆင်သည့်ဥပဒေပါ အခန်း (၄) တို့ကို နှိုင်းယှဉ်လေ့လာမိပါသည်။ အမျိုးသားပညာရေးဥပဒေတွင် **အမျိုးသားပညာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**ဟူ၍ ကဏ္ဍသတ်မှတ်ထားသော်လည်း ပြင်ဆင်သည့် ဥပဒေကြမ်းတွင် **ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံခြင်း**ဟူ၍ ကဏ္ဍတပ်ထားသည်ကို တွေ့ရှိရပါသည်။ ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ခေါင်းစဉ်ပြောင်းလဲပေးထားသည်ကို ကြည့်ခြင်းအားဖြင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကဏ္ဍကို ချန်လှပ်ထားခဲ့လိုဟန်ရှိပါသည်။ ထိုကဏ္ဍပါ ဖော်ပြချက်များသည် နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ အရည်အသွေးရှိပြီး အာမခံချက်ရှိသော အဆင့်မြင့်ပညာရေးဖြစ်ပေါ်လာစေရန်အတွက် လိုအပ်ချက်ဖြစ်ပါသည်။ ယနေ့ကာလ ပုဂ္ဂလိကတက္ကသိုလ်များ မပေါ်ပေါက်သေးမီ နိုင်ငံပိုင်တက္ကသိုလ်များသာ အဆင့်မြင့်ပညာရေးတွင် ဦးဆောင်လျက်ရှိပါသည်။ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရပ်တည်ကာ နိုင်ငံပိုင်ကျောင်းများအနေဖြင့် ဘဏ္ဍာရေးကိစ္စ၊ ပညာရေးဆိုင်ရာ မူဝါဒများကို အာမခံပေးမည့် နိုင်ငံပိုင်ကျောင်းများနှင့် နိုင်ငံတော်အစိုးရအကြားတွင် ကြားခံအဖွဲ့အစည်းတစ်ရပ် မဖြစ်မနေ လိုအပ်သည်ဟု ထင်မြင်ပါသည်။ နိုင်ငံပိုင်ကျောင်းတစ်ကျောင်းချင်းအနေဖြင့် နိုင်ငံတော်အစိုးရကို တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် လုပ်ငန်းသဘောအရ မည်သို့မျှမဖြစ်နိုင်ပါ။ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရမည့် အဖွဲ့အစည်းလည်းဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေတွင် ထိုအခန်းကဏ္ဍ မပါရှိပါက ပြီးပြည့်စုံသော ဥပဒေတစ်ရပ် ဖြစ်ပေါ်လာနိုင်ခြေမရှိဟု ထင်မြင်သုံးသပ်မိပါသည်။ ထို့ကြောင့် ထိုအခန်းကဏ္ဍတွင် ထိုအကြောင်းအရာများကို မပါမဖြစ် ထည့်သွင်းဖော်ပြပေးပါရန် အကြံပြုလိုပါသည်။

ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အခန်း (၄) ၌ **ဒီမိုကရေစီစနစ် လွတ်လပ်ခွင့်ကို အာမခံခြင်း** ခေါင်းစဉ်အောက်တွင် (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)အပိုဒ်ခွဲများဖြင့် ကဏ္ဍခွဲလျက်ဖော်ပြထားပါသည်။ အပိုဒ်ခွဲ (က)ပါ ကျောင်းသား ကျောင်းသူများ၏ အခွင့်အရေးနှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။ အကြောင်းမူ အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ဆန့်ကျင်သွေဖည်နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအခန်းကဏ္ဍပါ အပိုဒ်ခွဲ (က)မှ (ဆ)အထိ ပြဋ္ဌာန်းလိုသည်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများဥပဒေနှင့်လည်းကောင်း၊ အခြားသောဥပဒေများနှင့်လည်းကောင်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဘဏ္ဍာငွေသုံးစွဲရေး စည်းမျဉ်းစည်းကမ်းများနှင့်လည်းကောင်း သွေဖည်ဆန့်ကျင်မှုမရှိစေဘဲ လိုက်လျောညီထွေဖြစ်မည့် ဥပဒေကိုသာ ရေးဆွဲသင့်ပါသည်။

သို့ပါ၍ **ဥပဒေတစ်ရပ်ရေးဆွဲရာတွင် မိခင်ကြီးသဖွယ်ဖြစ်သော ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ညီညွတ်ရန် လိုအပ်ပါသည်။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်လည်း ညီညွတ်ရန် လိုအပ်ပါသည်။** အချုပ်ဆိုရသော် နိုင်ငံတော်တည်ဆောက်ရေးအတွက် အမှန်တကယ် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်နိုင်သော အမျိုးသားပညာရေးဥပဒေဖြစ်ပေါ်လာရေးသည်သာ အဓိကပဓာနဖြစ်ကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။

ဓာတ်ပုံမှတ်တမ်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားပါဝင်ဆင်နွှဲ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား၌ တက်ရောက်အမှာစကားပြောကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ ချင်းရိုးရာဘွေ့တိုင်(ခေါ်) အကြီးအကဲတိုင်အား သယ်ဆောင်လာစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ကို ချင်းအမျိုးသားနေ့ တက်ရောက်လာသောဧည့်သည်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ချင်းတိုင်းရင်းသား ရိုးရာကကွက်ဖျော်ဖြေမှုများကို အားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ ဟားခါးပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်းနှင့် သားဖွားဆောင်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ပြည်တွင်းသတင်း

* ရှေ့ဖုံးမှ

ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဇေတဝန်တောရစာသင်တိုက်ပဓါနနာယက ဆရာတော်က လောက်ကိုင်ဒေသတွင် နိုင်ငံနှင့် လူမျိုးအတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူခဲ့ကြသည့် စစ်သည် ရဲမေများအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက လက်ခံခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဟားခါးမြို့ပြည်နယ်အစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စား လှယ်များ၊ ရပ်မိရပ်ဖဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာ စကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ဒေသဆိုင်ရာ အချက်အလက် များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ချင်းပြည်နယ်မြို့ (၁၂) မြို့ဖြစ်သည့် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ကန်ပက်လက်၊ ကျီခါး၊ ရေဇွာ၊ ရိဒ်ခေါဒါရ်၊ ဆမီးမြို့များသို့ ဒီဇယ်မီးစက်ဖြင့် လည်းကောင်း၊ အသေးစား ရေအားလျှပ်စစ်ဖြင့် လည်းကောင်း ဓါတ်အားဖြန့်ဖြူး ပေးခဲ့ပါကြောင်း၊ တစ်ရက်လျှင် နာရီပိုင်းမျှသာ လျှပ်စစ်မီးဖြန့်ဖြူး ပေးနိုင်သည့် အခြေအနေသာရှိပါကြောင်း။

ဟားခါးမြို့သည် ယခင်က လိုင်ဗားရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိသည့် ဓါတ်အားကို ထန်တလန်မြို့နှင့် ခွဲဝေသုံးစွဲရသည့်အတွက် တစ်ရက်လျှင်အချိန်ပိုင်းသာ ဓါတ်အားရရှိခဲ့ရာမှ ယခုဆိုလျှင် နိုင်ငံတော်ဓါတ်အားစနစ်မှ ၂၄ နာရီ ဓါတ်အားအပြည့်အဝ သုံးစွဲနေကြပြီဖြစ်ပါကြောင်း၊ ထို့အပြင် လိုင်ဗားရေအားလျှပ်စစ်စက်ရုံ၏ ဓါတ်အားကို ဟားခါးနှင့် ထန်တလန် နှစ်မြို့ခွဲဝေသုံးစွဲနေခဲ့ရာမှ ယခု ထန်တလန်မြို့တစ်မြို့တည်းသာ ပေးရသည့်အတွက် ထန်တလန်မြို့တွင် ၂၄ နာရီ ဓါတ်အားအပြည့်အဝ သုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ ဟားခါးမြို့ လျှပ်စစ်ရရှိရေးအတွက် ၆၆ ကေဗွီ ဓါတ်အားလိုင်းနှင့် ဓါတ်အားခွဲရုံများ တည်ဆောက်ခဲ့ရာတွင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ သန်းနှင့် မြန်မာငွေကျပ် ၅ ဒသမ ၅၂ ဘီလီယံကို နိုင်ငံတော်ဘဏ္ဍာငွေမှ အကုန်အကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ဖလမ်းမြို့ ဓါတ်အားရရှိရေးအတွက် ဖလမ်း- ဟားခါး ၆၆ ကေဗွီ ဓါတ်အားလိုင်း၂၅ မိုင်တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ ဖလမ်းမြို့အပါအဝင် ဖလမ်းမြို့နှင့် ဟားခါးမြို့အကြား ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာ၊ ဖလမ်းနှင့် သိုင်းငင်းအကြား ကျေးရွာ ၁၁ ရွာ စုစုပေါင်းကျေးရွာ ၂၁ ရွာကို ဓါတ်အားပေး နိုင်တော့မည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ မတူပီမြို့ ဓါတ်အားရရှိရေးအတွက် မင်းတပ်-မတူပီ ၆၆ ကေဗွီ ဓါတ်အား လိုင်း ၅၁ မိုင်ကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လခန့်တွင် ပြီးစီးမည်ဖြစ်ရာ ပတ်ဝန်းကျင်ကျေးရွာ ငါးရွာသည်လည်း လျှပ်စစ်ဓါတ်အားရရှိနိုင်မည်ဖြစ်ပါကြောင်း။

ကန်ပက်လက်မြို့ဓါတ်အား ရရှိရေးအတွက်လည်း ဆောမြို့ ဓါတ်အားရရှိရေးအတွက် မကွေးတိုင်းဒေသကြီး ပေါက်ဓါတ်အားခွဲရုံမှတဆင့် မင်းတပ်သို့ ၆၆ ကေဗွီ ဓါတ် အားလိုင်း ၃၅ မိုင် တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ မင်းတပ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ငါးရွာလည်း ဓါတ်အားရရှိမည် ဖြစ်ပါကြောင်း၊ ဓါတ်အားခွဲရုံမှ ကန်ပက်လက်မြို့သို့ ၁၁ ကေဗွီ ဓါတ်အားလိုင်း ၉ ဒသမ ၅ မိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်သွားမည်ဖြစ်ရာ ဆောမြို့အပါအဝင် ပတ်ဝန်းကျင်ကျေးရွာခုနစ်ရွာသည်လည်း လျှပ်စစ်ဓါတ်အားရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တီးတိန်-တွန်းဇံနှင့် ရိဒ်ခေါဒါရ်မြို့များ ဓါတ်အားရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကလေး-သိုင်းငင်း- တီးတိန် ၆၆ ကေဗွီ ဓါတ်အားလိုင်း မိုင် ၄၀ ၊ တီးတိန်-တွန်းဇံ ၃၃ ကေဗွီ ဓါတ်အားလိုင်း ၂၆ မိုင်နှင့် တီးတိန်- ရိဒ်ခေါဒါရ် ၃၃ ကေဗွီ ဓါတ်အားလိုင်း ၃၂ မိုင်ကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းဓါတ်အားလိုင်းတည်ဆောက်ပြီးပါက တီးတိန်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၂ ရွာ၊ တွန်းဇံမြို့ ပတ်ဝန်းကျင်ကျေးရွာခုနစ်ရွာနှင့် ရိဒ်ခေါဒါရ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာတို့သည်လည်းလျှပ်စစ်ဓါတ်အားရရှိမည်ဖြစ်ပါကြောင်း၊ ပလက်ဝမြို့ ဓါတ်အားရရှိရေးအတွက်လည်း ရခိုင်ပြည်နယ် ကျောက်တော်ဓါတ်အားခွဲရုံမှ ၆၆ကေဗွီ ဓါတ်အားလိုင်းဆွဲသား တည်ဆောက်ရေး လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပလက်ဝပတ်ဝန်းကျင် ကျေးရွာရှစ်ရွာသည်လည်း ဓါတ်အားစနစ်မှ ဓါတ်အားရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဓါတ်အားစနစ်နှင့် အလှမ်းဝေးကွာသည့် ကျီခါး၊ ရေဇွာ၊ ဆမီးမြို့များကိုလည်း ဓါတ်အားစနစ်မရောက်ရှိနိုင် သေးမီလက်ရှိ ဒီဇယ် ဓါတ်အားပေးစနစ်များဖြင့် လျှပ်စစ်မီးပေးထားမည် ဖြစ်ပါကြောင်း၊ ၎င်းဒေသများတွင် အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး အတွက်ကိုလည်း စူးစမ်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခု တင်ပြခဲ့သည့် ဓါတ်အားလိုင်းနှင့် ဓါတ်အားခွဲရုံများတည်ဆောက်ပြီးပါက ကျေးရွာပေါင်း ၉၅ ရွာသည် ဓါတ်အားစနစ်မှ ဓါတ်အားရရှိမည် ဖြစ်ပါကြောင်း၊ ဓါတ်အားစနစ်မှ ဝေးကွာသည့် ကျေးရွာများသည်လည်း အသေးစား လျှပ်စစ်၊ ဆိုလာစနစ်များဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းသည် ပြည်နယ်ငြိမ်းချမ်းရေး ရရှိခြင်း၏ အကျိုးကျေးဇူးများပင် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကဏ္ဍလေးရပ်၌ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု၊ စီးပွားရေး၌ နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍလေးရပ်၌ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများနှင့် အစိုးရအဖွဲ့၏ ၂၀၂၀ မျှော်မှန်းချက်သုံးရပ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မှုများကို သုံးသပ်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ရှမ်းပြည်နယ်လောက်ကိုင်ဒေသ၌ နိုင်ငံတော်၏ နယ်မြေလုံခြုံရေးနှင့် ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ် ကာကွယ်ရေးအတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားကြသည့် စစ်သည်၊ ရဲမေများအတွက် ချင်းပြည်နယ် ပြည်သူလူထုကထောက်ပံ့လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အားပေးအပ် လှူဒါန်းရာ ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက လက်ခံပြီးကျေးဇူးတင် စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာရာ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကလေးမြို့မှ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်အတွင်း ရှိ ဟိုးဆေးလ်မားကက် (မန္တလေးလက်ကားဈေးကြီး) တည်ဆောက်မည့် အဆိုပြုမြေနေရာ ယာယီမဏ္ဍပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဟိုးဆေးလ်မားကက် တည်ဆောက်ရေးဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ဟိုးဆေးလ်မားကက် (မန္တလေးလက်ကားဈေးကြီး) သည် မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၊ ပုလိပ်ကျေးရွာ ပုလိပ်-စကားအင်းအဝိုင်းလမ်း၏ တောင်ဘက်အခြမ်းတွင်တည်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန့်ကျဲလျက်ရှိသော နေ့စဉ်လူ သုံးစားသောက်ကုန်များဖြစ်သည့် အသား၊ ငါး၊ သစ်သီး၊ သီးနှံ၊ ပန်းမန်၊ ဆန်၊ ဟင်းသီးဟင်းရွက် လက်ကားရောင်းချသူများအား တစ်နေရာတည်းတွင် စုစည်းရောင်းဝယ်နိုင်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရောင်းချသူများ၏ အကျိုးစီးပွားများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်၊ တစ်နေရာတည်းတွင် စုစည်းနိုင်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ဒေသထွက်ကုန်များ တင်ပို့ရောင်းဝယ်ဖောက်ကားရာတွင် စုစည်းညီညွတ်ပြီး အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်စေရန်၊ လက်ကားအပြင် လက်လီရောင်းချသော ဈေးကွက်ကြီးဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသအတွင်း စီးပွားရေးလက်ဦးမှု အကောင်အထည်ဖော်နိုင်စေရန်၊ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ပေးနိုင်ခြင်းဖြင့် နိုင်ငံတကာဈေးကွက် ပိုမိုထိုးဖောက်နိုင်စေရန်၊ နည်းပညာဖလှယ်ရေးစင်တာများ၊ သင်တန်းကျောင်းများ၊ အရည်အသွေးစစ်ဆေးစခန်းများ ပါဝင်ခြင်းဖြင့် စိုက်ပျိုးမွေးမြူနည်းစနစ်များ ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်စေရန်နှင့် မြို့တွင်း ယာဉ်ကြောရှုပ်ထွေးမှု လျှော့နည်းသွားစေနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်သွား မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စဥ့်ကိုင်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဟိုးဆေးလ်မားကက် (မန္တလေးလက်ကားဈေးကြီး) တည်ဆောက်ရေးဆိုင်ရာများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် လောက်ကိုင်ဒေသတွင် ကျဆုံးသွားသော စစ်သည် ရဲမေများအတွက် ချင်းပြည်နယ် ပြည်သူလူထုမှ ထောက်ပံ့ငွေကို ဗိုလ်ချုပ်ကြီး လှဌေးဝင်းအား ပေးအပ်စဉ်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့က ကောက်ရသည့်ပိုက်ဆံအိတ်အားပိုင်ရှင်ဖြစ်သူကို လိုက်လံစုံစမ်းရှာဖွေပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဖေဖော်ဝါရီ ၁၇ ရက် ည ၁၀ နာရီ ၄၅ မိနစ်က ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ရှမ်း) မှတပ်ဖွဲ့ဝင်များသည် ညောင်ရွှေမြို့အတွင်း မော်တော်ယာဉ်လှည့်ကင်းဆောင်ရွက်နေစဉ် ဖောင်တော်ပြန်စက်လှေဆိပ်အနီး လမ်းမပေါ်မှ Troy Burch တံဆိပ်ပါ သားရေပိုက်ဆံအိတ် အညိုရောင်တစ်လုံး ပိုင်ရှင်မဲ့တွေ့ရှိသဖြင့် စစ်ဆေးရာ အိတ်အတွင်းမှ Mr.Aaron Scott Howell အမည်ပါ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ဖုန်း Sim Card နှစ်ခု၊ ငွေထုတ်ကတ် ငါးခု၊ လိပ်စာကတ် ငါးခုနှင့်မြန်ငွေကျပ် ၁၀၀၀၀တို့ တွေ့ရှိရသောကြောင့် ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန် စုံစမ်းရှာဖွေခဲ့သည်။

စုံစမ်းချက်အရ အိတ်ပိုင်ရှင်မှာ Inle Apex Hotel တွင် တည်းခိုသည့် အမေရိကန်နိုင်ငံသား Mr.Aaron Scott Howell ဖြစ်ပြီး ဖေဖော်ဝါရီ ၁၈ ရက် ၇ နာရီ ၄၅ မိနစ်က ဟဲဟိုးလေဆိပ်မှ ညောင်ဦးမြို့သို့ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ပုဂံ)သို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းရှာဖွေရာ အဆိုပါ အမေရိကန်နိုင်ငံသားမှာ ညောင်ဦးမြို့ အမှတ်(၇)နယ်မြေ ဝက်ကြီးအင်းရပ်ရှိ New Wave တည်းခိုခန်းတွင် တည်းခိုနေကြောင်း သိရှိရသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ရှမ်း)မှ ပေးပို့လာသည့် ပိုက်ဆံအိတ်အား ပိုင်ရှင်ဖြစ်သူ အမေရိကန်နိုင်ငံသား Mr.Aaron Scott Howell ထံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၉ ရက်က တာဝန်ရှိသူများရှေ့၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရ သည်။

ကိုရဲ

မိုးလေဝသအခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

(မိုး/ဇလ)

ပြည်တွင်းသတင်း

◆ *ရှေ့ဖုံးမှ*

ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် စေတနာရှင်များက ကျောင်းတိုက်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်၊ ဆီနှင့် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ အလှူငွေ စုစုပေါင်းကျပ် ၁၈၇ သိန်းနှင့် ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကန်မိန်းကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ အမှူးပြုတော်မူသော ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် စုစုပေါင်းအလှူငွေကျပ် ၅၆ သိန်းကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် လားရှိုးတပ်နယ်ခန်းမ၌ လတ်တလောကာလအတွင်း လောက်ကိုင်တိုက်ပွဲများ၌ နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင် ကာကွယ်ခဲ့ရာမှ ကျဆုံးခဲ့သည့် တပ်မတော်သားမိသားစုဝင်များအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကားပြောကြားပြီး မိသားစုဝင် ၂၃ ဦးအတွက် ငွေကျပ် ၁၁၅ သိန်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကျဆုံးခဲ့သည့် တပ်မတော်သားမိသားစုဝင်များအတွက် အလှူငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။ လတ်တလောကာလအတွင်း လောက်ကိုင်တိုက်ပွဲများ၌ နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ကာကွယ်ခဲ့ရာမှ ကျဆုံးခဲ့သည့်တပ်မတော်သား မိသားစုဝင်များအား စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၇၇ ဒသမ ၅ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ "ထင်းရှူးမြိုင်" ပြည်သူ့ဝန်ထမ်းတန်ဖိုးမှုအိမ်ရာစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်မိုးက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အိမ်ရာများ ဆောက်လုပ်ရာတွင် စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများအား ပြန်လည်ပြုပြင်သည့်စနစ်ပြုလုပ်၍လည်းကောင်း၊ ကျန်းမာရေးနှင့် ညီညွတ်စေရန် လေကောင်းလေသန့်ရရှိမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးကိစ္စများကိုလည်းကောင်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် မှာကြားပြီး စီမံကိန်းနယ်မြေအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ "ချယ်ရီမြိုင်" တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှိုင်းနီးမြန်မာကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးငွေဝင်းက စီမံကိန်းဆိုင်ရာအချက်အလက်များ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးက အဆင့်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ခဲ့မှုနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက လုပ်ငန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သတ်မှတ်အရည်အသွေးများနှင့်အညီ စနစ်တကျဆောင်ရွက်ရေးမှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်နှင့် အဆင့်မြင့်ယာဉ်ရပ်နားစခန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြကွင်း တည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ် ငန်းလျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းအား ကြည့်ရှုစဉ်။ (သတင်းစဉ်)

လောက်ကိုင်ဒေသမှ နေရပ်ပြန်ပြည်သူများအား အခမဲ့ဆက်လက်ပို့ဆောင်ပေးနေ

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့ ချမ်းမြသွေပြည်ခရီးသည်တင်ယာဉ်ရပ်နားစခန်းသို့ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၁ ရက်ညနေ ၆ နာရီအထိ လောက်ကိုင်ဒေသမှ ရောက်ရှိလာသည့် နေရပ်ပြန်သူ ၅၇၃၂ ဦးအား မော်တော်ယာဉ် ၂၆၉ စီးဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ကားများဖြင့်လည်းကောင်း၊ လူမှုကူညီရေးအသင်းများနှင့်ယာဉ်လိုင်းများကြီးကြပ်မှုကော်မတီမှ ကားများဖြင့်လည်းကောင်း အကူအညီပေးကြပြီးအခမဲ့ပို့ဆောင်ပေးသည့်အပြင် စေတနာရှင်အလှူရှင်များကလည်း လာရောက်ကျွေးမွေးလှူဒါန်းလျက်ရှိသည်။

"ကျွန်တော်တို့အဖွဲ့က သူတို့တွေရောက်လာရင်စားဖို့ကြိုတင်ပြီး ထမင်း၊ ဟင်းတွေချက်ထားပါတယ်။ ကျွန်တော်တို့ ရှာလို့ရတဲ့ငွေရယ် အနီးအနားဆိုင်တွေက လှူဒါန်းတဲ့ငွေတွေနဲ့ စုပေါင်းပြီး ကျွေးမွေးလှူဒါန်းတာပါ။ ဒီလိုကျွေးမွေးလှူဒါန်းတဲ့တာက သူတို့ရဲ့ အားငယ်စိတ်တွပျောက်သွားစေချင်လို့ပါ"ဟု ကျွဲဆည်ကန်ကားဝင်းမှ ဆိုင်ကယ်တက္ကစီအဖွဲ့က ပြောသည်။

နေရပ်ပြန်သူများသည် မန္တလေးမြို့သို့ ၁၂ ဘီးယာဉ်၊ ခြောက်ဘီးယာဉ်များဖြင့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး သက်ဆိုင်ရာနေရပ်များသို့ နေ့ချင်းပြန်နိုင်ရန် စီစဉ်ပေးလျက်ရှိရာ နောက်ရက်များတွင်လည်း ဆက်လက် ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

❐ *ကျောဖုံးမှ*

ဝင်ရောက်သည်မှလွဲ၍ အပြောင်းအလဲ မလုပ်ခဲ့ပေ။ မြန်မာယူ-၂၀ အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး မိနစ် ၂၀ တွင် နန်းဝေမင်း၏ ဖြတ်တင်ဘောမှတစ်ဆင့် အောင်သူကပိတ်သွင်းယူကာ အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဂိုးပေးရပြီးနောက်ပိုင်းတွင် ဖိဂျီအသင်းပြန်ဖိကစားလာနိုင်သော်လည်း မြန်မာဂိုးသမားမျိုးမင်းလတ်အမှားအယွင်းမရှိ ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မြန်မာယူ-၂၀ အသင်းကသာ ဆက်လက် ဖိကစားနိုင်ခဲ့ပြီး ရှေ့တန်းမှ အောင်သူနှင့်သန်းပိုင်တို့၏ တိုးအား၊ တောင်ပံနှစ်ဖက်မှထိုးဖောက်မှုများကို ဖိဂျီနောက်တန်းထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာယူ-၂၀အသင်းအတွက် အနိုင်ဂိုးများကို သန်းပိုင်က ၆၅ မိနစ်နှင့် ၈၂ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက လူအပြောင်းအလဲများပြုလုပ်ကာ ပွဲကိုထိန်း ကစားသွားခဲ့သည်။ မြန်မာယူ-၂၀ အသင်းမှာ ဖိဂျီနှင့်ခြေစမ်းပွဲနှစ်ပွဲစလုံးအနိုင်ရခဲ့ခြင်းဖြစ်သည်။

ထိပ်ဆုံးမှ ရန်ကုန်အသင်း ခုနစ်ပွဲဆက်အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇) ပထမနေ့ပွဲစဉ် များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

အောင်ဆန်းကွင်း၌ကစားသည့် ရန်ကုန်နှင့် မကွေးပွဲတွင် ရန်ကုန်က သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရပြီး အဆိုပါပွဲအနိုင်ရမှုမှာ ရန်ကုန်အသင်းအတွက် ခုနစ်ပွဲဆက် အနိုင်ရမှုဖြစ်သည်။ သုဝဏ္ဏကွင်း၌ကစားသည့် ရတနာပုံနှင့် ဟံသာဝတီတို့ပွဲတွင် ရတနာပုံက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ယနေ့ပွဲအဖြစ် သုဝဏ္ဏကွင်း၌ ရခိုင်နှင့် မနောမြေ၊ တောင်ကြီးကွင်း၌ ကမ္ဘောဇနှင့် ဇွဲကပင်၊ ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့် ဇေယျာရွှေမြေတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိုင်း

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

ယင်းပြဿနာများကိုလည်း တပ်မတော်မှပင် ရင်ကြားစေ့ဖြေရှင်းပေးခဲ့ကြောင်း။

ထို့အပြင် ကိုးကန့်ဒေသအတွင်း ခယက၊ မယကများဖွဲ့စည်းထားသော်လည်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိစေရန် ဖုန်ကြားရှင်မှ လိမ္မာပါးနပ်စွာဖြင့် ချုပ်ကိုင်လာခဲ့ကြောင်း၊ တစ်ဖက်မှလည်း မူးယစ်ဆေးဝါးကိစ္စ၊ လောင်းကစားမှုများနှင့် အခြားသော မှောင်ခိုစီးပွားရေးလုပ်ငန်းများဖြင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် လက်ဝါးကြီးအုပ်နိုင်ရန် စီစဉ်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်၌ ဖုန်ကြားရှင်အဖွဲ့၏ ကိုးကန့်ဒေသ၊ ရန်လုံကျိုင်းရွာတွင် လက်နက်စက်ရုံဖြင့်လက်နက်၊ ခဲယမ်းများ ထုတ်လုပ်လျက်ရှိသည်ဟု အတည်ပြုသတင်းများ ရရှိခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇ တွင် သတင်းအရ လောက်ကိုင်မြို့ တုံချန်မြို့သစ်ရုံးရှေ့ တိုက်ခန်းအမှတ် ၁၅ သို့ ဝင်ရောက်ရှာဖွေရာ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် ဖုန်ကြားရှင်အပါ လေးဦးအားဥပဒေနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးရန် အကြောင်းကြားစာအား အထူးဒေသ(၁)ဗဟိုကော်မတီဝင်များထံ ပေးအပ်ခဲ့ပါကြောင်း၊ ဩဂုတ်လ ၂၅ရက်တွင် ဖုန်ကြားရှင်မှာ တောင်ညီနောင်ဘက်မှတစ်ဆင့် ဘီပီ(၁၂၅/၁၂၆) ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့၍ ဖုန်ကြားရှင်၊ ဖုန်ကြာဖူး၊ ဖုန်တာရွှင်တို့အား လက်နက်၊ မူးယစ်၊ သွင်းထုတ်ပြစ်မှုဆိုင်ရာပုဒ်မများဖြင့် ဥပဒေကြောင်းအရ အမှုဖွင့်လှစ်ခဲ့ကာ တရားခံပြေးများအဖြစ် ကြေညာခဲ့ကြောင်း။

ဖုန်ကြားရှင် ထွက်ပြေးတိမ်းရှောင်ပြီးနောက် ကိုးကန့်နယ်မြေ၏ အေးချမ်းတည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်ခြင်း၊ နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ အထူးဒေသ(၁)တွင် ခေါင်းဆောင်မှု ကင်းမဲ့သွားခြင်းတို့ကြောင့် ကိုးကန့်ဒေသယာယီဦးစီးကော်မတီကို ၂၀၀၉ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဦးပယ်စောက်ချိန်အား ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းပေးအပ်ခဲ့ကြောင်း၊ ထိုအခြေအနေကို ကျေနပ်မှုမရှိ၍ ရန်လုံကျိုင်းနယ်စပ်စစ်ဆေးရေးဂိတ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီး ၅၂ ဦးအား ဖုန်တာရွှင်တပ်များမှ ပိတ်ဆို့ထားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအား ပြန်လည်စေလွှတ်ပေးရန် ဆက်သွယ်ပြောဆိုသော်လည်း စေလွှတ်ပေးခြင်း မရှိသဖြင့် သွားရောက်ကယ်ထုတ်ခဲ့ရာ ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၁၄ ဦးအား ရဲစခန်းအချုပ်ခန်းအတွင်း၌ လူမဆန်စွာသတ်ဖြတ်ခဲ့ပါကြောင်း၊ ထို့အပြင် တပ်မတော်၏ လှုပ်ရှားစစ်ကြောင်းများနှင့် စခန်းများကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့၍ ဩဂုတ်လ ၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ပြည်သာယာစစ်ဆင်ရေးကို ဆင်နွှဲခဲ့ကာ ရဲတပ်ဖွဲ့ဝင် ၂၄ ဦးအား ကယ်တင်နိုင်ခဲ့ပါကြောင်း၊ တိုက်ပွဲတွင် လက်နက်ကြီး ၂၂ လက်၊ လက်နက်ငယ် ၂၀၀၈ လက်၊ ခဲယမ်းမျိုးစုံ ၁၉၈၆၃၀၁ တောင့်၊ မိုင်းမျိုးစုံ ၂၄၀၆ လုံး၊ ဗုံးသီးမျိုးစုံ ၁၀၁၆ လုံး၊ ယာဉ် ၃၅ စီး၊ ဆေးပြားရိုက်စက် သုံးလုံး၊ မူးယစ်ဆေးဝါး ဆေးပြားမျိုးစုံ ၁၄၆၈၀၅၂ ပြား၊ အက်ဖီဒရင်း ၇၉၆၅၂၀၀ ပြားတို့နှင့် ဘိန်းဖြူ ဘိန်းမည်း၊ ဓာတုဆက်စပ်ပစ္စည်း စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ခန့် သိမ်းဆည်းရမိခဲ့ကြောင်း။

အထက်ပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် လောက်ကိုင်မြို့နယ် စီအောကျေးရွာတွင် အမှတ်(၁၀၀၆)နယ်ခြားစောင့်တပ်အဖြစ် ဒီဇင်ဘာ ၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ဦးစိုင်းလင်းမှ ဖုန်ကြားရှင်အား ဖမ်းဝရမ်းရုပ်သိမ်း၍ တိုင်းရင်းသားလူမျိုးပေါင်းစုံထံ ပြန်လည်ဝင်ရောက်နိုင်ရန်အတွက် နိုင်ငံတော်မှ လက်ခံပေးပါရန် နိုင်ငံတော်သမ္မတထံသို့ အသနားခံစာ တင်ပြလာခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှု၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း၊ သို့သော်လည်း ဖုန်ကြားရှင်အဖွဲ့သည် မူးယစ်ဆေးဝါးနှင့် အခြားနည်းလမ်းများမှရရှိသော ငွေကြေးပိုင်ဆိုင်မှုများကို တရုတ်နိုင်ငံနှင့် မိုင်းလားတို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပါကြောင်း။

၂၀၁၄ ခုနှစ် ဧပြီလ ၂၅ ရက်တွင် တမူးမြို့ ၃ မိုင် စစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့မှ တရုတ်နိုင်ငံသား (၈)ဦးအား လက်နက်မျိုးစုံ ၈ လက်၊ လက်ပစ်ဗုံး ၃၁ လုံး၊ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ကြောချက်များအရ ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ ငွေကြေးဖြင့်မက်လုံးပေး၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့အတွင်း ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့ ၈ ဦးသည် မိုင်းလားမြို့ သွေးစည်းညီညွတ်ရေးတပ်ဌာနချုပ်ရှိ စစ်သားစုဆောင်းရေး စခန်းသို့ရောက်ရှိခဲ့ကြောင်း၊ မိုင်းလားတွင် လူသစ်စုဆောင်းသိမ်းသွင်းခံရသူများ၌ တရုတ်လူမျိုး၊ “ဝ”လူမျိုး၊ ကိုးကန့်လူမျိုးများ ဖြစ်ကြကြောင်း၊ ၎င်းတို့ ၈ ဦးသည် သံလွင်မြစ်အနောက်ခြမ်း မုန်းယော်၊ မုံးကျက်ဒေသအတွင်း နယ်မြေလှုပ်ရှားဆောင်ရွက်စဉ် မျှော်မှန်းထားသကဲ့သို့ လစာ၊ ရိက္ခာ မရရှိခြင်း၊ နှိမ့်ချဆက်ဆံမှုများရှိခြင်းတို့ကြောင့် ထွက်ခွင့်တောင်းရာတွင် ခွင့်မပြုခြင်းကြောင့် ဒုတပ်ခွဲမှူးဖြစ်သူ ဝုန်ကျားဖူကို လုပ်ကြံသတ်ဖြတ်၍ ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း။

ကိုးကန့် သောင်းကျန်းသူအဖွဲ့သည် ၎င်းတို့နယ်မြေကို ပြန်လည်ရယူနိုင်ရေးအတွက်စစ်ရေး၊ နိုင်ငံရေးနည်းလမ်းများဖြင့် လူ၊ လက်နက်အင်အားတောင့်တင်းအောင် ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဖွဲ့တည်းအင်အားဖြင့် မဖြစ်နိုင်၍ အခြားသော အဖွဲ့အစည်းများဖြစ်သည့် UWSA၊ NDAA၊ KIA နှင့် TNLA အဖွဲ့တို့၏ အကူအညီဖြင့် တပ်ပေါင်းစုဖွဲ့စည်းကာ အင်အားတည်ဆောက်လျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် လောင်းကစားရုံလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများ၊ အခြားကောက်ခံရရှိသောငွေများ၊ အခြားအဖွဲ့များ၏ အားပေးကူညီမှုများဖြင့် ရပ်တည်လျက်ရှိပါကြောင်း၊ လက်နက်များအနေဖြင့် အေကေ-၄၇၊ အမ်-၁၆၊ ပုံစံ-၅၆-၁ ချေမှုန်းရေးရိုင်ဖယ် UWSA (ဝ)အဖွဲ့မှ ထုတ်လုပ်သည်ဟုသိရသော ပုံစံ-၈၁-၁ ချေမှုန်းရေးရိုင်ဖယ် အစရှိသော လက်နက်ငယ်များ ကိုယ်စီတပ်ဆင်ပေးထားပြီး လက်ပစ်ဗုံး၊ မိုင်း၊ လောင်ချာ၊ စိန်ပြောင်း၊ စက်ကြီးများ တပ်ဆင်ထားရှိပါကြောင်း။

တိုင်းရင်းသား သွေးစည်းညီညွတ်ရေးတပ်တွင် KIA မှ အင်အား ၃၀၀ ခန့်ရှိသော တပ်ရင်း ၁ ရင်း၊ UWSA (ဝ)တပ်ဖွဲ့မှ တပ်ရင်း ၄ ရင်း ပါဝင်သော တပ်မဟာ ၁ ခုနှင့် ကိုးကန့်သောင်းကျန်းသူအင်အား ၁၀၀၀ ခန့်ရှိကြောင်း၊ တပ်ပေါင်းစုတပ်မတော်၏ ရည်ရွယ်ချက်မှာ ကိုးကန့်ဒေသတစ်ခုလုံးအား တိုက်ခိုက်သိမ်းယူသွားရန်နှင့် ၎င်းမှတစ်ဆင့် မြန်မာ-တရုတ်နယ်စပ်မုံးကိုး၊ ဖောင်းဆိုင်မှ မြစ်ကြီးနားဘက်သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်သွားရန်ဖြစ်ကြောင်းဖြင့် ဖော်ထုတ်သိရှိခဲ့ရပါကြောင်း။

၂၀၁၄ ခုနှစ် ဧပြီ၊ မေလများတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အလင်းဝင် ၄ဦးနှင့် ဖမ်းဆီးရမိသူ ၂ ဦးတို့ကို စစ်ကြောချက်များအရ ယင်းအချက်များကို အတည်ပြုနိုင်ခဲ့ကြောင်း၊ ကိုးကန့်သောင်းကျန်းသူအဖွဲ့သည်မုံးစီး၊ နမ့်ကွမ်း၊ ဝေါ်ခြို၊ မုံးကိုးနှင့် မုံးယားဒေသများတွင် ငွေကြေးဖြင့်လည်းကောင်း၊ အကြောက်တရားဖြင့်လည်းကောင်း၊ စည်းရုံးသိမ်းသွင်း၍ လွှမ်းမိုးချုပ်ကိုင်ကာ လူ၊ လက်နက်၊ အင်အားစုဖွဲ့ပြီး အခြေခံနယ်မြေတည်ဆောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဖုန်ကြားရှင်ဦးစီး အင်အား ၁၀၀၀ ခန့်သည် မိုင်းလားတွင် အင်အားစုစည်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ဝ ဒေသရှိတိန်းတန်၊ နားဝီးအခြေပြုစခန်းများ တည်ဆောက်ကာ ယာယီအခြေပြု၍ တိန်းတန်ကူးတို့မှတစ်ဆင့် မုံးယော်၊ မုံးကျက်သို့ ဝင်ရောက်ခဲ့ပြီးKIA အင်အား ၁၀၀ ခန့်၊ SSA (ဝမ်ဟိုင်း) ၁၀၀ ခန့်နှင့် TNLA အင်အား ၁၀၀ ခန့်တို့ဖြင့် ပူးပေါင်း၍ မုံးစီး၊ နမ့်ကွမ်း၊ ဝေါ်ခြို၊ မုံးကိုးနှင့် မုံးယားဒေသများသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက်တွင် ဖုန်တာရွှင် ခေါင်းဆောင်သော အင်အား ၃၀၀ ဦးခန့်မှာ မန်ကန်ရွာသို့လည်းကောင်း၊ KIAအဖွဲ့မှ တောက်ဟုန် ခေါင်းဆောင်သော အင်အား ၈၀ ခန့်နှင့် TNLA အဖွဲ့မှ ၁၂၀ ခန့်သည် မန်ဂျယ်ကျေးရွာသို့ လည်းကောင်း၊ ဖုန်ဝမ်အမ်း ခေါင်းဆောင်သော အင်အား ၁၀၀ ခန့်နှင့် SSA (ဝမ်ဟိုင်း)အဖွဲ့မှ စိုင်းလောင် ခေါင်းဆောင်သော အင်အား ၁၀၀ ခန့်သည် မုံးပေါ်လေးတံတားမှ တာပါးတံတားသို့လည်းကောင်း ချီတက်ခဲ့၍ လောက်ကိုင်၊ မုံးကိုးဒေသအား တိုက်ခိုက်ရန် လမ်းကြောင်းသုံးကြောင်းဖြင့် ဝင်ရောက်ခဲ့ကြောင်း၊ တပ်မတော်မှ ကြိုတင်သတင်းရရှိ၍ နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ လောက်ကိုင်အား သိမ်းပိုက်မည့် ၎င်းတို့၏ ရည်ရွယ်ချက် အောင်မြင်မှုမရရှိဘဲ တာမုံဝါးသို့ ဆုတ်ခွာစောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်အဖွဲ့များ လောက်ကိုင်ဒေသကျေးရွာများတွင် စိမ့်ဝင်၍ အရပ်သားအသွင် တပ်ဖျောက်သွားခဲ့ကြောင်း။

၂၀၁၄ ခုနှစ် အောက်တိုဘာတွင် အင်အား ၃၂၀ ခန့်သည် လွင်ကန်ဒေသတစ်ဝိုက် ပြန်လည်ရောက်ရှိဖြန့်ခွဲခိုအောင်းခဲ့ကြောင်း၊ နိုဝင်ဘာ တတိယပတ်တွင် သိန်းနီမြို့နယ် မန်လင်ကျေးရွာအုပ်စုမြောက်ဘက်ရှိ တောင်ကုန်းများသို့ ဝင်ရောက်လှုပ်ရှားခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းများ သတင်းအရ ဝင်ရောက်ရှင်းလင်းခဲ့၍ နမ့်ကွမ်း၊ ဝေါ်ခြိုနှင့် မုံးပေါ်လေးနယ်မြေတစ်ဝိုက် တိမ်းရှောင်တပ်ဖျောက် သွားခဲ့ကြောင်း၊ ၎င်းအဖွဲ့တွင် KIA ၊ TNLA၊ SSA (ဝမ်ဟိုင်း)အဖွဲ့များလည်း ပါဝင်သည်ဟု ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ၎င်းအဖွဲ့များသည် လောက်ကိုင်ဒေသအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများသို့ ဝင်ရောက်၍ တပ်မတော် စစ်ကြောင်းများအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ အရပ်သားများအား ဖမ်းဆီးခြင်းတို့ လုပ်ဆောင်ခဲ့၍ နယ်မြေရှင်းလင်းရာ တိုက်ပွဲကြီး/ငယ် ၂၀ ကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး ရန်သူအလောင်း ငါးလောင်း ၊ ဖမ်းမိတစ်ဦး၊ အလင်းဝင် ၁၇ ဦး သိမ်းဆည်းရမိကာ တပ်မတော်မှစစ်သည် ၁၂ ဦး အသက်ပေးလှူခဲ့ပြီး အရာရှိသုံးဦး၊ စစ်သည် ၃၃ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ ကိုးကန့်သောင်းကျန်းသူအဖွဲ့ တပ်လှုပ်ရှားမှုနှင့် တစ်ချိန်တည်းတွင် ဒီဇင်ဘာ ၁၅ ရက်၌ တရုတ်နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဘီပီ -၁၂၇ ၏ အရှေ့ဘက် ၃ မိုင်အကွာ တရုတ်နိုင်ငံ၊ မိန်းတိန်၊ နမ့်ဆန် ကားလမ်းပေါ်တွင် ယာဉ်ကြီးနှစ်စီးပေါ်မှ မောင်းပြန်ရိုင်ဖယ် သေနတ် ၆၁၁ လက်၊ကျည် ၁၂၆၀၀၀ တောင့်နှင့် ၄၀ မမရော့ကတ် လောင်ချာ ၃၀၀ ခန့်၊ ၄၀ မမဗုံးကျည် ၁၀၀၀ ကျော်တို့အား သံသယရှိသူသုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ တရုတ်စစ်သံရုံး(ရန်ကုန်)သို့ မေးမြန်းရာ တရုတ်စစ်သံရုံးမှ စုံစမ်းစစ်ဆေးမှုများပြုလုပ်ဆဲဖြစ်ကြောင်း၊ ဖမ်းဆီးရမိသည့် ၃ ဦးအား စစ်ဆေးမှုများ ပြုလုပ်ဆဲဖြစ်ကြောင်း၊ လက်နက်၊ ခဲယမ်းမှောင်ခိုခြင်းသည် တရုတ်ပြည်တွင်းတွင် အရေးကြီးသောကိစ္စဖြစ်ပြီး တရုတ်နိုင်ငံဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ နယ်စပ်အေးချမ်း တည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံဘက်မှ အဓိကထားပြီး အထူးစုံစမ်းရေးအဖွဲ့အား ဖွဲ့စည်းစုံစမ်းမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မည်သည့် လက်နက်မှောင်ခိုနှင့်မှုခင်းများကိုမဆို မြန်မာနိုင်ငံနှင့်ပူးပေါင်းနှိမ်နင်း၍ Sino-Myanmar နယ်စပ်အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်သွားမည်ဟု ပြန်လည်ပြောကြားခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့ Want China Times အွန်လိုင်းစာမျက်နှာတွင် ဖော်ပြပါရှိသော သတင်းဆောင်းပါးတွင် ဖုန်ကြားရှင်သည် Global Time သတင်းဌာနနှင့်တွေ့ဆုံပြောကြားချက်၌ ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်ကို ဦးဆောင်၍ မြန်မာ့တပ်မတော်နှင့်ပြန်လည် ရင်ဆိုင်တိုက်ခိုက်ရန် လုပ်ဆောင်ထားရှိသည်ဟု ပြောကြားခဲ့ကြောင်း။

လတ်တလော ဖြစ်ပွားနေသည့် လောက်ကိုင်ဒေသအား သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အင်အားစုအချို့သည် လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ ကွမ်းလုံမြို့မြောက်ဘက်ရှိ တောင်ရွှေကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာပြီး ကျေးရွာပြည်သူ့စစ်များထံမှ လက်နက်ငယ် ၈ လက် သိမ်းယူသွားခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းရာတွင် ယာယီခံစစ်ယူထားသည့် ကိုးကန့် သောင်းကျန်းသူ အင်အားစုများနှင့် စတင်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ကုန်းကြမ်းနှင့် ညံခွမ်းလမ်း ၁၈ မိုင်တစ်ဝိုက်၌ တပ်မတော်စစ်ကြောင်းနှင့်

စာမျက်နှာ ၁၁ သို့

ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် အထောက်အထား စာရွက်စာတမ်းများအား တက်ရောက်လာသူများ ကြည့်ရှုရာ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး ရှင်းလင်းပြသစဉ်။ (မြဝတီ)

တရုတ်နိုင်ငံသား ရှစ်ဦး လက်နက်/ခဲယမ်းများနှင့် ဝင်ရောက်လာသည့် လမ်းကြောင်းပြမြေပုံ။ (မြဝတီ)

တိန်းတန်ကူးတို့နှင့် “ဝ” တပ်ဖွဲ့စခန်းတို့အား ရဟတ်ယာဉ်ပေါ်မှ မြင်တွေ့ရပုံ။ (မြဝတီ)

ပြည်တွင်းသတင်း

စာမျက်နှာ ၁၀ မှ

ကိုးကန့်သောင်းကျန်းသူ အင်အားစုများ နှစ်ကြိမ်တိုင်ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ နယ်နိမိတ်မှတ်တိုင် အမှတ်ဘီပီ-၁၆၁(၁) အနီးရှိမော်ထိုက် မြို့တစ်ဝိုက် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော် စခန်းကိုလည်း နှစ်ကြိမ်ဝင်ရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ညဲခွမ်းနှင့် ၁၈ မိုင်ကြားတစ်ဝိုက်၌ ကိုးကန့်အင်အားစုအချို့နှင့် ထပ်မံတွေ့ဆုံ တိုက်ပွဲဖြစ်ပွားခဲ့ရာ ၎င်းနေရာသို့ တပ်မတော်စစ်ကြောင်းက လောက်ကိုင်မြို့မှ စစ်ကူသွားရောက်စဉ် ၁၈ မိုင်နှင့်တာရှေ့ထန်ကြား သောင်းကျန်းသူအင်အား ၂၀၀ ခန့်က အသင့်စောင့်ကြို တိုက်ခိုက်ခဲ့သဖြင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် မိမိစစ်ကြောင်းအနေဖြင့် အဆိုပါနေရာသို့မရောက်မီ ၁ မိုင်ခန့်အကွာရှိ အလုပ်သမားတဲတန်းလျားတွင် ရန်သူ့သတင်းထောက်လှမ်းရာ နယ်မြေရှင်းလင်းကြောင်းသိရ၍ စစ်နည်းဗျူဟာအရ လျင်မြန်မှုကို ဦးစားပေးသည့်အသွင်ဖြင့် ဆက်လက်ချီတက်ခဲ့ကြောင်း၊ တိုက်ပွဲနေရာအနီး တောင်ကုန်းအတက် ကားလမ်းပေါ်တွင် ကျောက်တုံးများချထားသဖြင့် ပုံမှန်အနေအထားမဟုတ်ကြောင်း စစ်ကြောင်းမှူးမှသုံးသပ်၍ ယာဉ်များအား ချက်ချင်းရပ်တန့်စေကာ တောင်ကုန်းအားရှင်းလင်းစဉ် ကိုက် ၅၀ ခန့်အကွာမှ ကြိုတင်နေရာယူထားသည့် ရန်သူအင်အား ၂၀၀ ခန့်သည် ပုံသေပစ်ကြောင်းယူ၍ တရုတ်စက်လတ်များ အပါအဝင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြင်းထန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

တပ်မတော်ဘက်မှ တိုက်ခိုက်ရေးလေယာဉ်၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များအပါအဝင် ပစ်ကူများအသုံးပြု၍ ကျားကုတ်ကျားခဲ တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ ထိခိုက်ကျဆုံးမှုများစွာဖြင့် မြန်မာ-တရုတ် နယ်နိမိတ်မှတ်တိုင် ဘီပီ-၁၁၇ သို့ ဆုတ်ခွာသွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိတစ်ဦး၊ စစ်သည် ၂၉ ဦးကျဆုံးခဲ့၍ အရာရှိရှစ်ဦး၊ စစ်သည် ၃၉ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း။

အဆိုပါဒေသသည် တောထူထပ်ပြီး တောင်များမြင့်မားမတ်စောက်သောဒေသဖြစ်ပြီး တောင်ပေါ်တောတွင်းတိုက်ပွဲများသည် မြေအခြေအနေကိုအကျိုးရှိစွာ အသုံးချနိုင်ပါက တိုက်ကွက်ဖော်သူအဖို့ အကျိုးအမြတ်များရရှိနိုင်သောကြောင့် လုံခြုံမှုထက် လျင်မြန်မှုကို ဦးစားပေးရသော အခြေအနေတွင် စွန့်စားမှုများဖြင့် ရန်သူ၏အခြေအနေ ဖန်တီးနိုင်ခွင့်ကို ရိုက်ချိုး ဖျက်ဆီးရန်လိုအပ်ပါကြောင်း၊ ၎င်းအခြေအနေမျိုးတွင် မိမိဘက်မှ ထိခိုက်ဆုံးရှုံးမှုများလည်း ရှိနိုင်မည်ကို စစ်ခေါင်းဆောင်များ အနေဖြင့် တွက်ဆထားပြီး ဖြစ်ပါကြောင်း။

ဖေဖော်ဝါရီ ၁၀ ရက်ညပိုင်းနှင့် ၁၁ ရက်နံနက်ပိုင်းတို့တွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အင်အားစုအချို့သည် လောက်ကိုင်တပ်နယ်သို့လည်းကောင်း၊ အင်အားစုအချို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးသို့လည်းကောင်း၊ အင်အားစုအချို့သည် ဆီအော့အကျဉ်း ဦးစီးဌာနသို့လည်းကောင်း၊အင်အားစုအချို့သည် ရန်လုံကျိုင်းရဲစခန်းသို့လည်းကောင်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာတပ်မတော်စစ်ကြောင်းများနှင့် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းနှင့် ၁၂ ရက် နံနက်ပိုင်းတို့တွင် လောက်ကိုင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ကုန်းကြမ်းရှိတပ်ရင်းဌာနချုပ်နှင့် ရန်လုံကျိုင်း မဆုတ်တမ်းခံစစ်စခန်းများအား ဝင်ရောက်တိုက်ခိုက်ခဲ့၍ တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် တစ်ကြိမ်ပစ်ကူပေး တိုက်ခိုက်ခဲ့ရပါကြောင်း။

ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းတွင် တရုတ်နိုင်ငံ နယ်စပ်အနီး ရီရှင်း၊ မာအိုက်ချန် လမ်းကြောင်းအတိုင်း ကိုးကန့် သောင်းကျန်းသူများအား တင်ဆောင်လာသော မော်တော်ယာဉ် အစီး ၅၀ ခန့်သည် မီးရောင်တန်းများဖြင့် ဝင်ရောက်လာခဲ့သဖြင့် လောက်ကိုင်ရှိ မိမိတပ်များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်၍ ကြိုတင်ချေမှုန်းခဲ့ရကြောင်း၊ အလားတူ ဝမ်ဟိုထမ်ဘက်မှ ဝင်ရောက်လာသော ကိုးကန့်သောင်းကျန်းသူများ စီးနင်းလာသည့် မော်တော်ယာဉ် အစီး ၅၀ ခန့်ကိုလည်း လက်နက်ကြီးများဖြင့် ကြိုတင်ပစ်ခတ်ချေမှုန်းရာ သောင်းကျန်းသူအဖွဲ့များသည် ရည်ရွယ်ချက်ပျက်ပြားပြီး ပြန်လည်ဆုတ်ခွာသွားခဲ့ရကြောင်း။

လောက်ကိုင်ဒေသ ဖြစ်စဉ်သည် အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်ပါကြောင်း၊ ဖုန်ကြားရှင်ခေါင်းဆောင်သည့် သောင်းကျန်းသူအဖွဲ့သည် လောက်ကိုင်ဒေသအားတိုက်ခိုက်သိမ်းပိုက်ပြီး ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့အား ဖြုတ်ချ၍ အာဏာသိမ်းရန်ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ အစိတ်အပိုင်းတစ်ခုအား တိုက်ခိုက်လာခြင်းဖြစ်သဖြင့် တပ်မတော်အနေဖြင့် လုံးဝလက်မခံကြောင်း၊ လုံးဝအလျှော့ပေးမည်မဟုတ်ကြောင်း၊ မိမိတို့ရရှိထားသော အထောက်အထားများအရ လောက်ကိုင်ဖြစ်စဉ်တွင် မိုင်းလားအဖွဲ့၊ ‘ဝ’ အဖွဲ့၊ KIA အဖွဲ့၊ TNLA အဖွဲ့၊ SSA (ဝမ်ဟိုင်း)အဖွဲ့များမှ ပါဝင်မှုများရှိနေကြောင်း သိရှိရသဖြင့် ယင်းအတွက်ကိုလည်း သက်ဆိုင်ရာအဖွဲ့များအနေဖြင့် တာဝန်ယူရမည်ဖြစ်ကြောင်းကို သတိပေးထားပြီးဖြစ်ပါကြောင်း။

လက်ရှိ လောက်ကိုင်မြို့တွင် အစိုးရအုပ်ချုပ်မှု ယန္တရားရပ်ဆိုင်းသွားပြီး ဒေသအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများမှာလည်း ၎င်းတို့၏ အသက်အန္တရာယ်ကြောင့် လောက်ကိုင်ဒေသမှ စွန့်ခွာသွားခဲ့သော်လည်း အစိုးရဌာန အဆောက်အအုံ အားလုံးအား တပ်မတော်မှ ထိန်းသိမ်းကာကွယ် ထားရှိနိုင်ခဲ့ပါကြောင်း၊ သောင်းကျန်းသူများအနေဖြင့် လောက်ကိုင်မြို့အတွင်း အရပ်သားများနှင့်ရောနှောကာ အရပ်သားအသွင် ပုန်းအောင်းနေထိုင်ပြီး တပ်မတော်စစ်ကြောင်းများကို အလစ်အငိုက် ချောင်းမြောင်းပစ်ခတ်မှုများ ပြုလုပ်နေသဖြင့် လက်ရှိကာလတွင် ရှင်းလင်းဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း။

လတ်တလောအခြေအနေအရ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဖေဖော်ဝါရီ ၁၇ ရက်တွင် အရေးပေါ်အခြေအနေကြေညာခြင်းနှင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိနေကြသည့် အရပ်သားပြည်သူများအား လောက်ကိုင်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရန် အကြောင်းကြား၍ လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများနှင့် မိသားစုများကိုလည်း တပ်မတော်မှ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိပါကြောင်း။

ဖုန်ကြားရှင်အနေဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၎င်းတို့မှာ တရုတ်လူမျိုး ဟန်မျိုးနွယ်များဖြစ်ကြောင်း၊ မြန်မာအစိုးရမှ တရုတ်မျိုးနွယ်စုများကို နှိပ်စက်နေခြင်းဖြစ်၍ လူမျိုးရေးအရ ကူညီပေးကြပါရန် တရုတ်အင်တာနက် စာမျက်နှာများမှတစ်ဆင့် ဝါဒဖြန့်လျက်ရှိသလို တစ်ဖက်တွင်လည်း နိုင်ငံတော်သမ္မတကြီးထံ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးထဲတွင် အပါအဝင်ဖြစ်သော ညီနောင် တိုင်းရင်းသားများအပေါ်တွင် သနားငဲ့ညှာစွာ စဉ်းစားပေးစေလိုကြောင်း၊ နည်းလမ်းပေါင်းစုံဖြင့် ဝါဒဖြန့်လျက်ရှိပါကြောင်း။

ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖုန်ကြားရှင်မှ နိုင်ငံတော်သမ္မတထံသို့ ကိုးကန့်တိုင်းရင်းသားများသည်လည်း နိုင်ငံတော်၏ တာဝန်နှင့်ဝတ္တရားများကို နိုင်ငံတော်၏ မိသားစုအဖွဲ့ဝင်အနေဖြင့် ထမ်းဆောင်ချင်ပါကြောင်း အိတ်ဖွင့်ပေးစာပေးပို့ခဲ့သည်ဟု သိရှိရပါကြောင်း၊ လောက်ကိုင်ဒေသ တိုက်ပွဲစဉ်များတွင် ဖေဖော်ဝါရီ ၉ ရက်မှ ယနေ့အထိ မြန်မာ့တပ်မတော်မှ အရာရှိ ခုနစ်ဦး၊ စစ်သည် ၄၈ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး အရာရှိ ၁၂ ဦး၊ စစ်သည် ၉၆ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း။

တပ်မတော်အနေဖြင့် ဒဏ်ရာရ အရာရှိစစ်သည်များအား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များဖြင့် လားရှိုးနှင့် ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံများသို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လောက်ကိုင်၊ ကုန်းကြမ်းနယ်မြေများရှိ ဌာနချုပ်အသီးသီးမှ ရဲမေနှင့် မိသားစုဝင်များကိုလည်း နောက်တန်း ဌာနချုပ်များတွင် အန္တရာယ်ကင်းရှင်းစွာ ကာကွယ်ပေးလျက်ရှိပါကြောင်း၊ ရန်သူ့ဆုံးရှုံးမှုအနေဖြင့် အခြားသတင်းများအရ တပ်မဟာမှူးအဆင့်ရှိသူတစ်ဦး၊ အထူးတိုက်ခိုက်ရေးတပ်ရင်းမှူး အဆင့်ရှိသူတစ်ဦး အပါအဝင် ၇၂ ဦးခန့် သေဆုံးခဲ့ပြီး လက်နက်မျိုးစုံ ၁၁၅ လက်၊ ခဲယမ်းမျိုးစုံ၊ မိုင်းနှင့် မူးယစ်ဆေးဝါးအများအပြား သိမ်းဆည်းရမိခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၇ ရက်တွင် လောက်ကိုင်တွင် ပိတ်မိနေသော ရွှေ့ပြောင်းလုပ်သားများကို ကူညီပို့ဆောင်လာသောအဖွဲ့၏ ယာဉ်တန်းသည် လောက်ကိုင်မြို့မှ ကြက်ခြေနီအလံလွှင့်တင်ပြီး ထွက်ခွာလာရာ ပါစင်ကျော်နှင့် ချင်းရွှေဟော်ကြားသို့ ရောက်ရှိစဉ် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ ချုံခိုပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်ပါ ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးဇော်မင်းထိုက်သည် မျက်စိထိမှန်ဒဏ်ရာနှင့် ဦးမိုးကျော်သန်းမှာ ဝမ်းဗိုက်တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ပါကြောင်း၊ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော် စစ်ကြောင်းများက နယ်မြေအား ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုးကန့်သောင်းကျန်းသူအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်သော လောက်ကိုင်၊ ကုန်းကြမ်း၊ တာရှေ့ထန်ဒေသတို့အား အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကူအညီများရယူ၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထုနှင့်တပ်မတော်သားများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရပ်တည် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လောက်ကိုင်ဒေသအား မူလအခြေအနေကို ပြန်လည်ရောက်ရှိကာ ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် သောင်းကျန်းသူများ အခြေချလှုပ်ရှားမှု မရှိစေရေးနှင့် နယ်စပ်ဒေသတစ်လျှောက် စိမ့်ဝင်ထိုးဖောက်ခြင်းမပြုနိုင်ရေး အစွမ်းကုန်ကြိုးပမ်းရှင်းလင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လက်ရှိဒေသအခြေအနေမှာ တစ်စတစ်စတည်ငြိမ်တိုးတက်မှု ရှိလာပြီဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော Tomorrow၊ Sankei Shimbun၊ Yangon၊ Media Group၊ Ji Ji Press၊ Messenger၊ AFP၊ Trade Time သတင်းဌာနတို့မှ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများကခန်းမအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် အထောက်အထား စာရွက်စာတမ်းများအား လှည့်လည်ကြည့်ရှုရာဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေသော တပ်မတော်သားများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အလှူငွေပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

လောက်ကိုင်ဒေသအတွင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ကျင်းပရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်မော်၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဦးနှင်းမိုး၊ ဦးအောင်လွင်နှင့် ဦးလူမင်းတို့က ထိခိုက်ဒဏ်ရာရရှိသော စစ်သည်များအတွက် လှူဒါန်း ငွေကျပ် ၁၅၅၀၀၀၀ ကိုလည်းကောင်း၊ လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေသော စစ်သည်များအတွက် လှူဒါန်းငွေကျပ် ၅၀၀၀၀၀၀ ကိုလည်းကောင်း၊ တပ်မတော်ဆေးရုံ ဆေးပဒေသာပင်အတွက်ငွေကျပ် ၂၀၂၃၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀ ကိုလည်းကောင်း၊ တိုက်ပွဲရှောင် ပြည်သူများအတွက် ငွေကျပ် ၅၀၀၀၀၀၀ ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် မြင့်မော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားကြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေသော တပ်မတော်သားများအတွက် ယနေ့တွင်လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၁၃၅၇၃၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ကြက်ခြေနီအလံလွှင့်ထူထားသော ယာဉ်အား သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့မွန်းလွဲ ၁ နာရီအချိန် လောက်ကိုင်မှ ကွမ်းလုံသို့ထွက်ခွာလာသည့် သတင်းထောက်များနှင့် စစ်ဘေးရှောင် အင်အား (၁၅)ဦး စီးနင်းလိုက်ပါလာသော ကြက်ခြေနီ အလံလွှင့်ထူထားသည့် ယာဉ်သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်အချိန် လုံထန်ကျေးရွာအကျော် ၃ မိုင်ခန့်အကွာရှိ တံတားအနီးသို့ ရောက်ရှိစဉ် ကားလမ်း၏ ဘယ်ဘက်နှင့်ညာဘက်တောင်ကုန်းများမှ အသင့် စောင့်ဆိုင်းလျက်ရှိသည့် ကိုးကန့်(တိမ်းရှောင်)သောင်းကျန်းသူအဖွဲ့များမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ယာဉ်ပေါ်တွင်ပါရှိသည့် ဦးကျော်ဇေထူး(၄၇နှစ်) (ဘ)ဦးသိန်းကြွယ် ဒုဦးစီးမှူး (လောက်ကိုင်ခရိုင် ကြက်ခြေနီအသင်း)၊ မောင်မြတ်သီဟမောင်(၂၂နှစ်) (ဘ)ဦးမောင်မောင်၊ MRTV-4(အင်းစိန်မြို့နယ် ရန်ကုန်)၊ မောင်ဆန်းလင်းဦး (၂၃နှစ်) (ဘ) ဦးဝေလ(ဆင်ပေါင်ဝဲမြို့နယ်၊ ရှင်မတောင်ရွာ၊ မကွေးတိုင်းဒေသကြီး)၊ မောင်ရန်ရှင်းမျိုးလတ်(၂၆နှစ်) (ဘ) ဒုအရာခံဗိုလ် ကျင်မောင်(ဒေသကွပ်ကဲမှု စစ်ဌာနချုပ်၊ လောက်ကိုင်)၊ မစန္ဒာဝင်း(၂၈နှစ်) (ဘ) ဦးဖိုးထူး (ရှင်မတောင်ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး)တို့ ဒဏ်ရာအသီးသီး (မစိုးရိမ်ရ)ရရှိခဲ့ကြသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ ချင်းရွှေဟော်မြို့ရှိ တပ်မတော်စစ်ကြောင်းများမှ သွားရောက်ရှင်းလင်းပြီး ဒဏ်ရာရလူနာများအား ကွမ်းလုံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ည ၁၀ နာရီအချိန် ဆေးရုံသို့ရောက်ရှိပြီး အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဓာတ်ပုံ-ရဲမိုးFacebook

သောင်းကျန်းသူများ ပစ်ခတ်မှုကြောင့် ဒဏ်ရာရသူအား ကုသပေးစဉ်။

ပရီမီယာလိဂ် ပွဲစဉ်(၂၆) အနိုင်အရှုံး

၂၁-၂-၂၀၁၅

ဗီလာ	၁-၂	စတုတ်
ချယ်လ်ဆီး	၁-၁	ဘန်လေ
ပဲလေ့စ်	၁-၂	အာဆင်နယ်
ဟားလ်စီးတီး	၂-၁	ကျူပီအာ
ဆန်းဒါးလန်း	၀-၀	ဝက်စ်ဘရွန်း
ဆွမ်ဆီး	၂-၁	မန်ယူ

ပြည်တွင်းသတင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ညောင်ဦးမှ ပြည်သူ ၁၀၀၀ ကျော် ဆန္ဒဖော်ထုတ်

ညောင်ဦး ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ကျင့်စဉ်ကျင့်သုံးခဲ့သည်မှာ အရှိန်ရနေပြီး ဒီမိုကရေစီရှင်သန်ခိုင်မာရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီ ၅ မိနစ်မှစ၍ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ ငြိမ်းကြည့်ကုန်း (ဟစ်တိုင်ကွင်း)၌ ဒေသခံပြည်သူ ၁၀၀၀ ကျော် ဆန္ဒဖော်ထုတ်ခဲ့သည်။

သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ တရားဝင် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ပြီး ညောင်ဦးမြို့နယ် ကျေးရွာအုပ်စု ၉၁ အုပ်စုနှင့် ညောင်ဦးမြို့နယ်နေ ရပ်ကွက်သူ/ ရပ်ကွက်သားများက စုပေါင်း ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ ဒီမိုကရေစီရှင်သန်ခိုင်မာရေး ဒို့အရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး ဒို့အရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဒို့အရေး၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေး ဒို့အရေး၊ မင်းမဲ့စရိုက်စတင်ဖန်တီးသူ ဒို့ရန်သူ စသည့် ကြွေးကြော်သံများဖြင့် ဘုရားနီအဝိုင်းပတ်သို့ စတင်ချီတက်ခဲ့ကြပြီး ဆက်လက်၍ မဏိစည်သူဈေးအဝိုင်းပတ်မှ ရွှေစည်းခုံတောင်ဘက် စောင်းတန်းဘက်သို့ ချီတက်ကာ ငြိမ်းကြည့်ကုန်း(ဟစ်တိုင်ကွင်း)၌ စည်းရုံးရောက်ရှိခဲ့ကြသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်တော်တို့ အလိုရှိနေကြပြီ၊ ကျွန်တော်တို့ ရပ်/ရွာ နေပြည်သူတွေက စိတ်ချမ်းချမ်းသာသာနေချင်ကြပြီး ဒီမိုကရေစီ၏အရသာကို ခံစားချင်ကြပါတယ်။ ရပ်/ ရွာ အေးချမ်းသာယာရေးကို လူထုအားလုံးကလည်း အလိုရှိနေကြပြီ၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးနှစ်ဖြစ်ဖို့အတွက် ဝိုင်းဝန်းကြိုးပမ်းကြဖို့ ဆန္ဒဖော်ထုတ်ခြင်းဖြစ်ပါတယ်" ဟု ရွာသာအေးကျေးရွာသား ဦးမြသန်းထံမှ သိရသည်။

ဆန္ဒထုတ်ဖော်ရာတွင် ညောင်ဦးမြို့ပေါ်နေပြည်သူများက ဝိုင်းဝန်းအားပေးခဲ့ကြသည်။

ကျော်ဌေး(ညောင်ဦး)

ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၂ လမ်း နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်အနီး၌ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က အုတ်၊ သဲ၊ ကျောက် သယ်ယူသောယာဉ်နှင့် ဟိုင်းလပ်ယာဉ်တို့လမ်းအလယ်၌ မျက်နှာချင်းဆိုင်တိုက်မိကြကြောင်း တွေ့ရသည်။

ယာဉ်တိုက်မှုကြောင့် ဟိုင်းလပ်ယာဉ်၏အရှေ့ပိုင်း ကြေမွပျက်စီးခဲ့သော်လည်း ဒဏ်ရာရရှိသူမရှိကြောင်း အနီးဝန်းကျင်ရှိ ဈေးရောင်းချသူများထံမှ သိရသည်။

အေးမြ(မန္တလေး)

တရားမဝင် ဝင်ရောက်လာသော ဘင်္ဂါလီလူမျိုးတစ်ဦးအား သက်ဆိုင်ရာမှစစ်ဆေးနေ

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၁

ဂန့်ဂေါမြို့နယ် မန်ကျည်းခင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲလွင်က ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လူမျိုးခြားအမျိုးသားတစ်ဦးရောက်ရှိသွားလာနေကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဖုန်းဖြင့်သတင်းပေးချက်အရ ဂန့်ဂေါမြို့နယ် လဝကရုံးမှ ဒုလဝကဦးစီးမှူး ဦးမောင်ထန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဂန့်ဂေါမြို့မရဲစခန်းမှ ရဲအုပ်စိုးနိုင်နှင့်အဖွဲ့တို့သည် အဆိုပါအမျိုးသားကို မန်ကျည်းခင်ရွာသို့ ခေါ်ဆောင်သွားပြီး ဂန့်ဂေါမြို့မရဲစခန်း၌စစ်ဆေးခဲ့ရာ အဆိုပါအမျိုးသားမှာ စကား ကောင်းမွန်စွာ ပြောဆိုနိုင်ခြင်းမရှိဘဲ ၎င်းကိုယ်တိုင်စာဖြင့်ရေးသားဖော်ပြချက်အရ နာမည်အားဖြင့် ROMLAN ဆိုသူဖြစ်ကြောင်း၊ ရုပ်သွင်ပြင်အရ ဘင်္ဂါလီလူမျိုးဟု သိရှိရပြီး အသက်(၅၀ နှစ်) ခန့်ဖြစ်ကြောင်း၊ ၎င်းသည် ဂန့်ဂေါမြို့နယ် မန်ကျည်းခင်ကျေးရွာသို့ ခိုးဝင်လာခြင်းဖြစ်ကြောင်း၊ သိရှိရသဖြင့် အရေးယူပေးပါရန် ဖေဖော်ဝါရီ ၂၀ ရက်က ဒုလဝကဦးစီးမှူး ဦးမောင်ထန်းက တရားလို ပြုလုပ်တိုင်တန်းသဖြင့် ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ)၊ အက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့် အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားခြင်း

[illegible] Capital Development Limited [illegible] The G.E.M.S Garden Condominium [illegible] Capital Development Limited [illegible]

[illegible] (LL.B)

[illegible]

အမှတ် (၅၆၅/၅၆၇) MAC TOWER [illegible]

ဦးကျော်မင်းစိုး ၁၄/မအပ(နိုင်)၁၆၆၄၂၀
ပြည့်ဖြိုးကျော်ဆန်စက်၊ မအူပင်မြို့နယ်၊
ဧရာဝတီတိုင်းဒေသကြီး သိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရဲတံခွန်တာဝါရှိ ဧရာဟာသ်ာကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိစေအပ်ပါသည်။

ဦးကျော်မင်းစိုးသည် ဧရာဟာသ်ာကုမ္ပဏီလီမိတက်သို့ ဆန်ဖိုးကြိုတင်ထုတ်ပေးငွေ ၁၃၇၇၇၇၉၉/-(ကျပ်တစ်ရာသုံးဆယ့်ခုနစ်သိန်းခုနစ်သောင်းခုနစ်ထောင် ခုနစ်ရာကိုးဆယ့်ကိုးတိတိ) ပေးသွင်းရန်ကျန်ရှိနေကြောင်းနှင့် ပေးသွင်းရန် ပျက်ကွက်နေကြောင်း လွှဲအပ်ချက်အရ သိရပါသည်။ သို့ပါ၍ အဆိုပါငွေများကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကုမ္ပဏီ၏ဝင်ငွေစာရင်းဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ တစ်လုံးတစ်ခဲတည်း အပြေအကျေ ပေးသွင်းရန် နောက်ဆုံးအကြိမ် အကြောင်းကြားပါသည်။ ပေးသွင်းရန် ပျက်ကွက်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်းနှင့် ကုန်ကျမည့်တရားစရိတ်အဝဝသည် ဦးကျော်မင်းစိုး၏ တာဝန်သာဖြစ်ကြောင်းကိုလည်း ထပ်လောင်းအသိပေးအပ်ပါသည်။

ဧရာဟာသ်ာကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဉ္ဇာဝင်း LL.B, D.B.L.D.I.L
အထက်တန်းရှေ့နေ (စဉ်-၃၅၂၄၈)
အမှတ်၃၅၊သုံးလွှာ၊၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၂၃၁၆၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကမ္ဘာ့အေးဘုရားလမ်း၊ ပါရမီအိမ်ရာ၊ တိုက်အမှတ် (၅၉)၊ အခန်းအမှတ် (၉)၊ မြေညီထပ်နှင့် မြေညီ၏အပေါ်ထပ်တိုက်ခန်းနှစ်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူ (၁) ဒေါ်ဝေဝေဦး ၁၂/ဗဟန(နိုင်)၀၈၂၀၁၆၊ (၂) ဒေါ်အေးအေးဟန် ၁၂/ပဇတ(နိုင်)၀၀၁၁၅၃ တို့၏ တိုက်ခန်း နှစ်ခန်းအနက်မှ မြေညီထပ်တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေဝေဦး ၁၂/ဗဟန(နိုင်)၀၈၂၀၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူရန်အတွက် အထက်ဖော်ပြပါ တိုက်ခန်းတန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါ မြေညီထပ် တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

အမြန်ပြန်လာပါ



ညီလေးကောင်းမြတ်မိုး ညီလေး အိမ်ကထွက်သွားတဲ့အချိန်မှစပြီး အဖေ၊ အမေ စိတ်ထိခိုက်ပြီး ကျန်းမာရေးစိုးရိမ်ပူပန်နေရတယ်။
ညီလေးရောက်ရာအရပ်ကနေ

ဥတုရာသီ တောကိုမှီ

အမြန်ဆုံး ဆက်သွယ်ပေးပါ။ ညီလေးကိစ္စအဝဝအားလုံး ခွင့်လွှတ်တယ်။

ကိုကြီးဟိန်းထက်အောင်(ခ)
ကိုထက်
ဖုန်း-၀၉-၄၅၀၀၁၃၇၄၄
၀၉-၅၁၃၀၄၈၂၊၀၉-၄၉၃၀၀၅၇၆
၀၁-၄၂၂၄၄၃-၅၁၅

ဦးစိုးလှိုင် ၁၄/ဝခမ(နိုင်)၀၁၈၂၁၄
နောင်ရိုးဆန်စက်၊ ကျုံတိုင်ကျေးရွာ၊ ဝါးခယ်မမြို့နယ်၊
ဧရာဝတီတိုင်းဒေသကြီး သိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရဲတံခွန်တာဝါရှိ ဧရာဟာသ်ာကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိစေအပ်ပါသည်။

ဦးစိုးလှိုင်သည် ဧရာဟာသ်ာကုမ္ပဏီလီမိတက်သို့ ဆန်ဖိုးကြိုတင်ထုတ်ပေးငွေ ၁၅၀၇၃၂၀၀/- (ကျပ်သိန်းတစ်ရာ့ငါးဆယ်ခုနစ်သောင်းသုံးထောင့်နှစ်ရာတိတိ)ပေးသွင်းရန်ကျန်ရှိနေကြောင်းနှင့် ပေးသွင်းရန်ပျက်ကွက်နေကြောင်း လွှဲအပ်ချက်အရ သိရပါသည်။ သို့ပါ၍ အဆိုပါငွေများကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကုမ္ပဏီ၏ငွေစာရင်းဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ တစ်လုံးတစ်ခဲတည်း အပြေအကျေပေးသွင်းရန် နောက်ဆုံးအကြိမ် အကြောင်းကြားပါသည်။ ပေးသွင်းရန်ပျက်ကွက်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်းနှင့် ကုန်ကျမည့် တရားစရိတ်အဝဝသည် ဦးစိုးလှိုင်၏တာဝန်သာဖြစ်ကြောင်းကိုလည်း ထပ်လောင်းအသိပေးအပ်ပါသည်။

ဧရာဟာသ်ာကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဉ္ဇာဝင်း LL.B, D.B.L, D.I.L
အထက်တန်းရှေ့နေ(စဉ်-၃၅၂၄၈)
အမှတ် ၃၅၊သုံးလွှာ၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၂၃၁၆၂

ဦးစံညွှန့် ၁၄/ဘကလ(နိုင်)၀၂၂၈၃၄
ဇေယျာဖြိုးဆန်စက်၊ ကျိုက်လတ်မြို့နယ်၊
ဧရာဝတီတိုင်းဒေသကြီး သိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရဲတံခွန်တာဝါရှိ ဧရာဟာသ်ာကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိစေအပ်ပါသည်။

ဦးစံညွှန့်သည် ဧရာဟာသ်ာကုမ္ပလီမိတက်သို့ ဆန်ဖိုးကြိုတင်ထုတ်ပေးငွေ ၇၆၈၄၁၀၈/- (ကျပ်ခုနစ်ဆယ့်ခြောက်သိန်းရှစ်သောင်းလေးထောင်တစ်ရာ့ရှစ်တိတိ) ပေးသွင်းရန်ကျန်ရှိနေကြောင်းနှင့် ပေးသွင်းရန်ပျက်ကွက်နေကြောင်း လွှဲအပ်ချက်အရ သိရပါသည်။သို့ပါ၍ အဆိုပါငွေများကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကုမ္ပဏီ၏ငွေစာရင်းဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေတစ်လုံးတစ်ခဲတည်းအပြေအကျေပေးသွင်းရန်နောက်ဆုံးအကြိမ် အကြောင်းကြားပါသည်။ ပေးသွင်းရန် ပျက်ကွက်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်းနှင့် ကုန်ကျမည့်တရားစရိတ်အဝဝသည် ဦးစံညွှန့်၏ တာဝန်သာဖြစ်ကြောင်းကိုလည်း ထပ်လောင်းအသိပေးအပ်ပါသည်။

ဧရာဟာသ်ာကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဉ္ဇာဝင်း LL.B, D.B.L, D.I.L
အထက်တန်းရှေ့နေ (စဉ်-၃၅၂၄၈)
အမှတ်၃၅၊သုံးလွှာ၊၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၂၃၁၆၂

ပြည်တွင်းသတင်း

အမျိုးသား အမျိုးသမီးလေးယောက်တွဲအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ နေပြည်တော်ပထမဆုဆွတ်ခူး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ယနေ့ မွန်းလွဲ ၁ နာရီက ဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီး လေးယောက်တွဲအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးကွင်းအတွင်း၌ ကျင်းပသည်။

အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းက ပူးတွဲတတိယ၊ ကယားပြည်နယ်က ဒုတိယ၊ နေပြည်တော်အသင်းက ပထမအသီးသီးရရှိပြီး အမျိုးသမီး လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းက ပူးတွဲတတိယ၊ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းက ဒုတိယ၊ နေပြည်တော်အသင်းက ပထမရရှိခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် အမျိုးသား၊ အမျိုးသမီးသုံးယောက်တွဲ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသားဆီမီးဖိုင်နယ်တွင် ရန်ကုန်နှင့် ရခိုင်ပြည်နယ်၊ မန္တလေးနှင့် စစ်ကိုင်းတို့က လည်းကောင်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အမျိုးသမီးသုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ဧရာဝတီနှင့် ပဲခူးတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရန်ကုန်တိုင်းအသင်းနှင့် စစ်ကိုင်းတို့ တတိယလုပွဲကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသမီး သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး အမှတ်အများဆုံးရရှိသော အသင်းနှစ်သင်းက ဗိုလ်လုပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အမှတ်အနည်းဆုံးရရှိသော အသင်းနှစ်သင်းက တတိယလုပွဲကို ယှဉ်ပြိုင်ကစားကြောင်း သိရသည်။

အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသောအသင်းများအား အားကစားဝန်ကြီးဌာနရုံး အဖွဲ့မှူးက ဆုများအသီးသီး ပေးအပ်သည်။

ပိုက်ကျော်ခြင်း ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်း-
ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-မေမိုးသဲ

နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်

စစ်ကိုင်း ဖေဖော်ဝါရီ ၂၁

နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန စစ်ကိုင်းမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက အမျိုးသားပွဲစဉ် ၁ မှ ၁၂ အထိနှင့် အမျိုးသမီးပွဲစဉ် ၁ မှ ၈ အထိကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် အမျိုးသားပွဲစဉ် ၁၃ မှ ၁၆ အထိကိုလည်းကောင်း၊ အမျိုးသမီး ပွဲစဉ် ၉ မှ ၁၂ အထိကိုလည်းကောင်း ယှဉ်ပြိုင်၍ ဗိုလ်လုပွဲနှင့်တတိယလုပွဲတို့ကို အသီးသီးယှဉ်ပြိုင်စေခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ကျောင်းအုပ်ကြီးကိုယ်စား ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခိုင်ဆွေလတ်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။ **မိုးဝင်း(စစ်ကိုင်း)**

စာရေးဆရာဆုူးငှက်၏ မန်းအတိတ်မန်းအရိပ် ဟောပြောပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့ရှိ စာရေးဆရာ ဆုူးငှက်နှင့် မြို့မတေးဂီတအဖွဲ့တို့ ပူးပေါင်းပြီး ရတနာပုံမန္တလေး မြို့တော်၏သမိုင်းပုံရိပ်များကို ထင်ဟပ်စေမည့် မန်းအတိတ် မန်းအရိပ် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် ဆရာဝန်များအသင်းတိုက်ရှိ ရတနာပုံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မန္တလေး ရွှေမြို့တော် ကုန်းဘောင်ခေတ် နှောင်းပိုင်း ရတနာပုံခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ပြီးခေတ်၊ မျက်မှောက်ခေတ်စသည့် မန္တလေးမြို့ သမိုင်း၊ အောင်ပင်လယ်ကန်၊ ဇောင်းကလောကန်၊ နန္ဒာကန်၊ မန္တလေးတောင်၊ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများ၊ စာပေ၊ သုခုမ အနုပညာ၊ ရှေးစာဆိုကြီးများ၏ ထင်ရှားသော မန္တလေးမြို့ဖွဲ့ တေးသီချင်းများ၊ ရာသီအလိုက် ပွဲတော်များ၊ မြို့သူ မြို့သားများ၏ စိတ်နေသဘောထား၊ ယဉ်ကျေးပျူငှာဖော်ရွေမှု၊ စုပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်မှုများ၊ အတိတ်သမိုင်းများသည် အနာဂတ်အထိ အရိပ်ပမာ လိုက်ပါနေမှု၊ အတိတ်သမိုင်းများကို သင်ခန်းစာအတုယူပြီး အနာဂတ် မန္တလေးလုပရေး အရှည်တည်တံ့ခိုင်မြဲရေး၊ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်တို့ကို မပျောက်မပျက်စေရန် ထိန်းသိမ်းရေး၊ နောင်လာနောက်သား လူငယ်မောင်မယ်များအနေဖြင့် မန္တလေး၏ အတိတ်သမိုင်းကိုသိရှိပြီး မန္တလေးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များ ရင့်သန်ခိုင်မာရေးတို့ကို မြို့မတူရိယာအသင်းနှင့်တွဲဖက်ပြီး မန်းမြို့အောင်ညာ၊ အောင်ပင်လယ်၊ ရွှေမင်းဂံ၊ တောင်သမန်၊ မြနန္ဒာ၊ ပြည်တော်ဝင်၊ ရွှေမန်းဆီသို့ ဖိတ်ခေါ်သံစသည့် တေးသီချင်းများဖြင့် စာရေးဆရာ ဆုူးငှက်က သရုပ်ဖော်ဟောပြောခဲ့သည်။

မြန်မာနိုင်ငံ ဆရာဝန်များအသင်း (မန္တလေး)ဝင်ဆရာဝန်များ အထွေထွေဗဟုသုတရရှိစေရန်၊ စိတ်အပန်းဖြေလန်းဆန်းစေရန်၊ အနုပညာရသနှင့် မန္တလေးသမိုင်းပုံရိပ်များကို သိရှိစေရန်ဖြစ်ပြီး အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အသင်းဝင် ဆရာဝန်များ၊ ဖိတ်ကြားထားသူများ၊ မြို့မတူရိယာအသင်းအဖွဲ့သူ အဖွဲ့သားများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်

မြိတ် ဖေဖော်ဝါရီ ၂၁

ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီက မြိတ်တက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နှစ်ယောက်တွဲပိုက်ကျော်ခြင်းအားကစားဗိုလ်လုပွဲကို ရူပဗေဒအထူးပြုအသင်းနှင့် သမိုင်းအထူးပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရူပဗေဒအထူးပြုအသင်းက အနိုင်ရရှိပြီး သုံးယောက်တွဲပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲဗိုလ်လုပွဲတွင် ရူပဗေဒအထူးပြုအသင်းနှင့် အဏ္ဏဝါသိပ္ပံအထူးပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဏ္ဏဝါသိပ္ပံအထူးပြုအသင်းက အနိုင်ရရှိခဲ့သည်။

ထို့နောက် မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချိုနှင့် တာဝန်ရှိသူများက ပွဲစဉ်အလိုက်ဆုရရှိကြသော အကောင်းဆုံးအားကစားသမားများနှင့် ဆုရအသင်းများအား တံခွန်စိုက်ဒိုင်းဆုနှင့်ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။ **(ခရိုင်ပြန်/ဆက်)**



အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ကားတာယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	တာယာနံပါတ်	အရေအတွက်
၁	265 x 70R16	၃၆ လုံး
၂	265 x 70R15	၄ လုံး
၃	205 x 55R16	၁၂ လုံး
၄	275 x 70R16	၄ လုံး
၅	195 x 65R15	၂၈ လုံး
၆	185 x 70R14	၈ လုံး
၇	31 x 10.5R15	၈ လုံး
၈	165 x 80R30	၄၄ လုံး
၉	700 x 16 R	၂၀ လုံး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) ၁၂း၃၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၂၃-၂-၂၀၁၅ရက်မှစ၍ အမှတ် (၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၀၈၂၇၀သို့ ရုံးချိန်အတွင်း စုံစမ်းတင်သွင်းနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီးရုံး
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

YPGG ဂေါက်သီးရိုက်အသင်း၏ (၅၉)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် မတ် ၆ ရက် (သောကြာနေ့) နံနက် ၇း၀၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် (ပန်းလှိုင်ဂေါက်ကွင်း)တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း မပျက်မကွက် ပါဝင်ပါရန်နှင့် အသေးစိတ်သိလိုပါက-

ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပုံစံ(၈)အင်/ကညင်/အခြားသစ်လုံး/တိုင်နှင့်ခွဲသားများ ရောင်းချရန်လေလံကြော်ငြာ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်ရှိ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် အင်/ကညင်/အခြားသစ်လုံး/တိုင်နှင့်ခွဲသားများကို မော်လိုက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၃-၃-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ လေလံလျှောက်လွှာများကို မော်လိုက်ခရိုင်ရုံးနှင့် မော်လိုက်မြို့နယ်ဦးစီးအရာရှိရုံးတွင် တစ်စောင်လျှင် ၅၀၀၀ိ/-ကျပ်နှုန်းဖြင့် ၂၃-၂-၂၀၁၅ ရက်မှ ၂၇-၂-၂၀၁၅ရက်အတွင်း ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

ပျောက်ဆုံးကြောင်း

ဦးနန္ဒကျော်သူ ၁၂/ဥကမ(နိုင်)၁၇၈၄၅၃ပိုင်ဆိုင်သည့်ယာဉ်အမှတ် ၇င/၈၉၉၉ (ISP 3-12-13 6287 05/06/12)နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းဖိုင်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၁၃၄၆၄၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာမွေမြို့နယ်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆

ဦးသိန်းလွင် **နှင့်** ၁။ ဒေါ်အမာ
၂။ ဒေါ်ကျင်တင်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၅ နေ တရားပြိုင်များ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးသိန်းလွင်က ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၉ရက် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းအောင်)
မြို့နယ်တရားသူကြီး၊ တာမွေမြို့နယ်တရားရုံး

ကြော်ငြာ

DAGON CITY 1
BY MARGA LANDMARK

DEVELOPED BY
MARGA LANDMARK

သင်၏ယုံကြည်မှုနှင့် နွေးထွေးပျူငှာမှုအတွက် ကျေးဇူးပါ မြန်မာ

ကျွန်ုပ်တို့ အတူလက်တွဲချက် ဉာဏ်ပညာနှင့် ကြွယ်ဝခြင်းတည်းဟူသော မင်္ဂလာကို လက်ခံရရှိခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် ကလေးများ၏ အပြုံးများကိုဖန်တီးပေးခဲ့သည်။

ကျွန်ုပ်တို့ အတူလက်တွဲချက် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက်
ဒါနနှင့် မေတ္တာတရားတို့၏ နွေးထွေးမှုကို ဝေမျှခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက်
လှပသော အနာဂါတ်များအတွက် မှုပိုးခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက်
မြန်မာနိုင်ငံအား ပိုမိုလှပစေရန်
ခရီးသစ်တစ်ခု စတင်လျှောက်လှမ်းခဲ့ကြသည်။

ကျွန်ုပ်တို့ အတူလက်တွဲချက်
ကလေးများကိုမေတ္တာများ
မျှဝေပေးခဲ့ကြသည်။



ကျွန်ုပ်တို့ အတူလက်တွဲချက်

လက်ရှိမြန်မာနိုင်ငံတွင် Marga Landmark မှကြီးမှူးဆောက်လုပ်နေသော ပရောဂျက်မှာ Dagon City 1 တစ်ခုသာရှိပါသည်။

GALLERY SHOWROOM ADDRESS: U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon.
RESERVATION HOTLINE: +95 9 4482 55555 WWW.DAGONCITY1.COM www.facebook.com/dagoncityone

ပြည်တွင်းသတင်း

ဆီးချဉ်သီးစိုက်တောင်သူများ ယခုနှစ် ဝင်ငွေနည်းပါး

ညောင်ဦး ဖေဖော်ဝါရီ ၂၁

ညောင်ဦးမြို့နယ် ဆီးတောပိုင်ရှင်များ ဆီးသီးအသီးနည်းပါးပြီး ဈေးကောင်း မရသည့်အတွက် ဝင်ငွေနည်းပါးလျက်ရှိကြောင်း ဆီးတောပိုင်ရှင်များထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သည် ဆီးပင်အများအပြား ပေါက်ရောက်သော မြို့နယ်ဖြစ်သည်။ အလေ့ကျ ပေါက်သည်။ တောင်သူများလည်း ထိန်းသိမ်းထားသော အပင်များရှိသည်။ ဆီးချိုပင်များကိုလည်း ဂရုတစိုက်စိုက်ပျိုးကြသည်။

ဆီးချဉ်ပင်များကို ဂရုတစိုက် စိုက်ပျိုးမှုမရှိသော်လည်း အလိုအလျောက် အပင်သန်ကြီးထွားလျက်ရှိသည်။ ထိုသို့ ပေါက်ရောက်လျက်ရှိသော ဆီးပင်များတွင် ယခုနှစ်ပိုင်း အသီးများနည်းပါးပြီး ဝင်ငွေနည်းပါးလျက်ရှိသည်။

"ကျွန်မတို့ ယခင်နှစ်ကဆိုရင် ဒီအချိန်မှာ ဆီးသီးတင်းတစ်ရာကျော်လောက် ရောင်းနေရပြီ။ ဒီနှစ်မှာတော့ ဆီးသီး၁၀တင်း ပြည့်အောင် မရောင်းချရသေးဘူး။ မနှစ်က ဆီးသီးအခြောက်တစ်တင်းကို ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ ရောင်းချရတယ်။ ဒီနှစ်မှာ ဆီးသီးအခြောက်တစ်တင်းကို ငွေကျပ် ၁၅၀၀ နှင့်သာ ရောင်းချရတယ်။ ဒီနှစ်ဆီးသီး ဝယ်သူလည်းနည်းတယ်။ ဆီးသီးပွဲစားလည်းမရှိဘူး။ ဆီးသီးကမသီးပါဘူးဆိုမှ ခိုင်နွားတွေက ရောဂါဝင်လို့ ဆေးကုရတယ်။ ဆေးကုသစရိတ်ကလည်း နွားတစ်ကောင်ရောဂါဖြစ်လျှင် တော်တော်ကုန်တယ်" ဟု ဆီးပင်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ ယခင်နှစ်ကဆိုရင် ဆီးသီးတွေတော်တော်ရပြီး ကျွန်တော်တို့ကားသမားတွေ ဆီးသီးတင်ခမနည်းရတယ်။ ဒီနှစ်တော့ကားပေါ်မှာ ဆီးသီးတစ်လုံးမှ မတင်ရသေးဘူး။ ဆီးသီးမသီးတော့ ကျွန်တော်တို့ ကားသမားတွေလည်း ကုန်အရနည်းတယ်။ ဒီနှစ်ကားတွေလည်း အလုပ်မဖြစ်ဘူး" ဟု ညောင်ဦးမြို့နယ် ကားပိုင်ရှင်တစ်ဦးထံမှ သိရသည်။

ကျော်ငွေး

အေးချမ်းစွာ ပညာသင်ကြားရေး ဆွေးနွေး

ဖန်းမော် ဖေဖော်ဝါရီ ၂၁

အေးချမ်းစွာပညာသင်ကြားရေးအတွက် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ဖန်းမော်တက္ကသိုလ် ဘက်စုံပင်မခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က အမျိုးသားပညာရေးဥပဒေပြုပြင်ရေးဆွဲရေးအတွက် လတ်တလောဖြစ်ပွားနေသောကိစ္စရပ်များ၊ ကျောင်းသား သမဂ္ဂနှင့်အဖွဲ့အစည်းများ ပွင့်လင်းမြင်သာစွာပေါ်ပေါက်လာမည့် အခြေအနေများကို ရှင်းလင်း၍ အေးချမ်းစွာပညာသင်ကြားရေးတို့ကို ပြောကြားသည်။

ဝါဝါ (ဖန်းမော်)

နွေစပါးပုလဲသွယ် အကျိုးတူပူးပေါင်းဆောင်ရွက်

တပ်ကုန်း ဖေဖော်ဝါရီ ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါး ပုလဲသွယ်စပ်မျိုးပေါင်းကို GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် MAPCO ကုမ္ပဏီနှင့် တောင်သူများ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

MAPCO ကုမ္ပဏီအနေဖြင့် တောင်သူများအား မျိုးမြေဩဇာ စိုက်ပျိုးစရိတ်များကို ဖေဖော်ဝါရီ ၁၇ ရက်တွင် တပ်ကုန်းမြို့နယ် ကင်းသာအုပ်စုနှင့် ကံကြီးအုပ်စုတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျေးချောင်းကျေးရွာ အုပ်စုနှင့် ခရမ်းစပ်ကုန်းကျေးရွာအုပ်စုတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ညောင်တုံးအိုင်အုပ်စုတို့တွင် တောင်သူ စုစုပေါင်း ၂၇၃ ဦး ၊ စိုက်ဧက ၄၅၂ ဧကအတွက် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ကျော်ကြီး

နွေစပါး ပေါင်းလိုက်သမန်းနှိုး မြေဩဇာကြဲပက်ပွဲ ကျင်းပ

နေမြို့ ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ရေကြည်ကျေးရွာအုပ်စု တောင်သူဦးလှထွန်း၏ ကွင်းအမှတ် (၁၉၆) GAP နွေစပါးဆင်းသုခ စံပြစိုက်ခင်းတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီက ပေါင်းလိုက်သမန်းနှိုးမြေဩဇာကြဲပက်ပွဲကျင်းပခဲ့ရာ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဝင်းနိုင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ခဲ့ကြပြီး စုစုပေါင်း ၂၀၀ ကျော်ဖြင့် မြေဩဇာကြဲပက်ပွဲကျင်းပခဲ့ကြကြောင်း သိရသည်။

ခင်သန္တာထွေး(iprd)

မိုးပွင့်အထူးစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေး

ကျောက်ဖြူ ဖေဖော်ဝါရီ ၂၁

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ တာဝန်ရှိဝန်ထမ်းများက မိုးပွင့်အထူးစီမံချက်အရ မြေပြင်ကွင်းဆင်းဆောင်ရွက်ချက်ကို ကျေးရွာများသို့ သွားရောက်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရန် ဒေါ်မြမြထွန်း(ဒု-လဝကမှူး) ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် မှ ၁၆ ရက်အထိ ပုန်းဆိုးပြင်အုပ်စု၊ ဆည်ခဲ့အုပ်စု၊ ကန်ကော်အုပ်စု၊ ကုန်ဘောင်အုပ်စု၊ ရွာကြီးအုပ်စု၊ ခွဆုံအုပ်စုများသို့ သွားရောက်၍ နိုင်ငံသားအရည်အချင်းပြည့်မီသူများထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အောင်လှဖြူ

သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုအတွက် စစ်ဆေး

မော်လမြိုင် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့ကရွေးချယ်တင်ပြသော မွေးမြူရေးဆိုင်ရာဆုများအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ဝင် ငါးဦးသည် မွေးမြူရေးကဏ္ဍဆိုင်ရာ ဆုသုံးမျိုးအတွက် ဖေဖော်ဝါရီ ၁၇ ရက်ကစတင်၍ မွန်ပြည်နယ်သို့ လာရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလူပုဂ္ဂိုလ်ဆုအတွက် သထုံခရိုင် ပေါင်မြို့နယ် ဖလပ်ကျေးရွာမှ ဦးအောင်ကျော်ထက်၊ မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် မော်လမြိုင်မြို့နယ် (၆)မိုင်ရပ်ကွက်မှ ဦးမျိုးမင်း၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန် လုပ်ငန်းရှင် ဆုအတွက် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်မှ ဦးဝင်းတင်၏ မော်လမြိုင် ဟိုလ်ဒင်း ငါး၊ ပုဇွန်အအေးခန်းစက်ရုံတို့ကို ရွေးချယ်ထားကြောင်း သိရသည်။

ကိုဆက်

အိမ်ခြံမြေဈေးနှုန်းများ စံနှုန်းသတ်မှတ်ရေး ညှိနှိုင်းဆွေးနွေး

မိုးညှင်း ဖေဖော်ဝါရီ ၂၁

၂၀၁၅-၂၀၁၆ စည်းကြပ်နှစ် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အိမ်ခြံမြေဈေးနှုန်းများ စံနှုန်းသတ်မှတ်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာနမှူးက ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ် အိမ်ခြံမြေရောင်းဝယ်မှု လုပ်ငန်းများအပေါ် တစ်ဧက စံနှုန်းလျာထားသတ်မှတ်ထားသည့်တန်ဖိုးများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အခွန်နှုန်းထားများသည် အခွန်ထမ်းပြည်သူများ မှန်မှန်ကန်ကန်ပေးဆောင်နိုင်မည့် သင့်တင့်မျှတသော စံနှုန်းများဖြစ်ရန်လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ရာဇူဒိုင်တံတားအမှတ်(၁)အထိ ကတ္တရာလမ်းခင်းပြီးစီး

မော်လမြိုင် ဖေဖော်ဝါရီ ၂၁

မော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးမော်တော်ကားလမ်းတွင် အရေးပါသော မော်လမြိုင်ကျွန်းမြို့နယ်အပိုင်းရာဇူဒိုင်တံတားအမှတ်(၁) အထိ ကတ္တရာလမ်းခင်းခြင်းအတွက် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့သည်။ တပင်ရွှေထီးတံတားထိပ်မှ ရာဇူဒိုင်အမှတ် (၁) တံတားအထိ လမ်း အရှည် လေးမိုင်ခန့်အား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို အင်ဂျင်နီယာအဖွဲ့နှင့် လမ်းလုပ်သားများကဆောင်ရွက်ခဲ့ကြရာ ပြီးစီးပြီဖြစ်သည်။

ယခင်က ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ပြေးဆွဲသော အဝေးပြေးမော်တော်ယာဉ်များသည် မအူပင်မှ မော်လမြိုင်ကျွန်းမြို့ ခရီးစဉ်တွင် ကတ္တရာလမ်းခင်းနေသဖြင့် လမ်းတစ်ခြမ်းသာ မောင်းနှင်သွားလာကြရခြင်း၊ ယာဉ်များအသွားအပြန်ရှောင်တိမ်းရခြင်းတို့ကြောင့် လမ်းခရီးစဉ်တွင် သတ်မှတ်မောင်းနှင်ချိန်ထက် တစ်နာရီခန့် ပိုမိုကြာမြင့်ခဲ့ကြသည်။ **မော်ကျွန်း-မြင့်အောင်**

ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး ကလေးကုသဆောင် ဓာတ်လှေကားသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး ကလေးကုသဆောင် လေးထပ်အဆောက်အအုံ ဓာတ်လှေကားသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ယင်းကလေးကုသဆောင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဦးအေးကိုကိုနှင့်အလှူရှင်တစ်ဦးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဓာတ်လှေကားစက်ကို စီးနင်းကြည့်ရှုကြသည်။

ဆက်လက်၍ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကား ပြောကြားပြီး ဓာတ်လှေကားသစ် လှူဒါန်းသော အလှူရှင်မိသားစု တစ်ဦးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ စာချွန်စာတမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ညွန့်ဝေထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကလေးကုသဆောင် လေးထပ်အဆောက်အအုံ ဓာတ်လှေကားကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ဆောက်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့ကာ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်းတစ်ထောင်ကုန်ကျခဲ့ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

မန်းတောင်ရိပ်အထွေထွေရောဂါကုဆေးကုသဆောင်သစ် မကြာမီအတွင်း ဖွင့်လှစ်တော့မည်

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း တိုးချဲ့တည်ဆောက်ခဲ့သည့် ကိုးထပ်ဆေးကုသဆောင်သစ်ကြီးကို ယခုလ နောက်ဆုံးပတ်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုးထပ်ဆေးကုသဆောင်သစ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်ပေးမှုနှင့်အတူ စေတနာရှင်များ၏ လှူဒါန်းငွေကျပ် သိန်းသုံးသောင်းကျော်ဖြင့် အလျား ၁၉၂ ပေ၊ အနံ ၆၄ ပေနှင့် မြေပေါ်အမြင့် ၈၈ ပေရှိသော ယင်းအဆောက်အအုံကြီးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးသွားပြီဖြစ်သဖြင့် အထက်မြန်မာနိုင်ငံ ပြည်သူများ၏ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဦးဝင်းက ပြောသည်။

"တည်ဆောက်မှုလုပ်ငန်းတွေပြီးသွားလို့ ဖေဖော်ဝါရီလဆန်းကစပြီး လူနာတွေကို လက်ခံကုသနေပါပြီ။ ဖွင့်ပွဲကို ဒီရက်အတွင်းမှာ ခမ်းခမ်းနားနားကျင်းပပေးဖို့ စီစဉ်နေပါတယ်။ ဒီဆေးရုံကြီးမှာ ဌာနပေါင်း ၃၈ ခုအနက် ၁၂ ဌာနက မန္တလေးပြည်သူတွေနဲ့ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်က လှူဒါန်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆောက်အအုံသစ်ကြီးကလည်း မန္တလေးရဲ့ အဆောက်အအုံ ဖြစ်တဲ့အတွက် မန်းတောင်ရိပ်လို့ အမည်ပေးလိုက်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ယခုဖွင့်လှစ်မည့် မန်းတောင်ရိပ်ဆေးကုသဆောင်တွင် ပထမထပ်၌ အဏုမြူရောင်ခြည်ဆေးကုသရေးဌာန၊ ဒုတိယထပ်တွင် ဖျားနာကုသဆောင်၊ တတိယထပ်တွင် အစာအိမ်နှင့်အူလမ်းကြောင်း ရောဂါရှာဖွေရေးနှင့် ကုသဆောင်၊ စတုတ္ထထပ်တွင် သီးသန့်လူနာဆောင်၊ ပဉ္စမထပ်တွင် သီးသန့်လူနာဆောင်၊ ဆဋ္ဌမထပ်တွင် ဖျားနာကုသဆောင်၊ သတ္တမထပ်တွင် ဆီးနှင့် ကျောက်ကပ်ကုသဆောင်၊ အဋ္ဌမထပ်တွင် သီးသန့်အထူး ကုသဆောင်နှင့် နဝမထပ်တွင် ဆေးတက္ကသိုလ်ကျောင်းသားများအတွက် လက်တွေ့သင်တန်းခန်းမဆောင်နှင့် စားသောက်ဆိုင်တို့ ပါဝင်သည်။

လက်ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသည် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီးဖြစ်ပြီး ယခုကိုးထပ်ဆောင်သစ်ကြီးတိုးချဲ့တည်ဆောက်နိုင်ခဲ့ခြင်းအတွက် ခုတင် ၁၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့တင်ပြတောင်းခံထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဇီးကုန်းမြို့၌ စပ်မျိုးစပါးစိုက်ပျိုး

ဇီးကုန်း ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် နွားတဲကုန်းအုပ်စု မြောက်လွှတ်ကုန်းကျေးရွာ၌ ဦးညွန့်လှ၏ ရေထိန်းတံခါးကို ဆည်ရေများဝင်ရောက်မှုဖြင့် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကွင်းအမှတ် ၃၆၅ (က) စပ်မျိုးစပါး မျိုးစေ့ထုတ် ဧက ၆၅ ဒသမ ၅၀ စိုက်ပျိုးနေသည်ကို ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်လာရောက်ကြည့်ရှုသည်။

ဆက်လက်ပြီး ယခင်နှစ်က မိုးတွင်းစပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ပျိုးခဲ့ရာတွင် တစ်ဧက ပျမ်းမျှဝင်ငွေကျပ် ၈၅၀၀၀၀ ခန့် ရရှိသည်ဟု မြောက်လွှတ်ကုန်းကျေးရွာ တောင်သူတစ်ဦးက ပြောကြားခဲ့သည်။ ယခုကဲ့သို့ စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ပျိုးမှုကြောင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ **သိန်းတိုး (ဇီးကုန်း)**

ပညာ့တံခွန်ပညာဒါန လူမျိုးဘာသာမရွေးတက်ရောက်နိုင်သည့် ကွန်ပျူတာသင်တန်းအား အခမဲ့ပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်ကကြီးမှူးကာ လူမျိုးဘာသာမရွေး တက်ရောက်နိုင်သည့် ပညာ့တံခွန်ပညာဒါနအခမဲ့ ကွန်ပျူတာသင်တန်းကို နွေရာသီကျောင်းပိတ်ရက်တွင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းပိတ်ရာသီရောက်တော့မည်ဖြစ်သောကြောင့် အထူးအစီအစဉ်အနေဖြင့် တန်းခွဲသစ်များကို အခမဲ့ဖွင့်လှစ်သင်ကြားပို့ချရန် စီစဉ်ထားပြီး အဆိုပါ အထူးအစီအစဉ်သင်တန်းကို မတ် ၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ တန်းခွဲသစ်တစ်ခုအတွက် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် တစ်ရက်လျှင် နှစ်နာရီကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလသုံးလ သတ်မှတ်ထားကြောင်း သိရသည်။

နွေရာသီ ကျောင်းပိတ်ရက်တန်းခွဲသစ်အတွက် နံနက်တစ်ချိန်၊ ညနေတစ်ချိန် နှစ်ပိုင်းခွဲကာ နှစ်နာရီကြာပို့ချပေးသွားမည်ဖြစ်ပြီး တက်ရောက်လိုကြသည့် သင်တန်းသားအရေအတွက်ကို ကြည့်ကာ သင်တန်းခွဲအသစ်များ ပြုလုပ်ရန် စီစဉ်ထားကြောင်း၊ နေ့စဉ်ပို့ချလျက်ရှိသော အခမဲ့ကွန်ပျူတာသင်တန်းမှာလည်း ညနေ ၅ နာရီမှ ည ၇ နာရီအထိရှိနေမည်ဖြစ်ပြီး မည်သူမဆိုသင်တန်း တက်ရောက်လိုသော ကျောင်းသားများအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၁၀ ရက်အထိ လာရောက်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်လိုပါက ဖုန်း-၀၁-၂၄၆၆၄၂၊ ၀၉-၂၅၄၂၂၃၇၆၇ နှင့် ၀၉-၄၉၂၃၀၇၁၂ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်မှ သိရသည်။

စိုးဝင်း(SP)

သားပျက် သားလျှောပြုစုစောင့်ရှောက်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၊ ကျန်းမာရေးဦးစီးဌာနနှင့် Ipas အဖွဲ့တို့ပူးပေါင်း၍ သားပျက်သားလျှောပြုစုစောင့်ရှောက်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူလူထုအကြား သိရှိမှုမြင့်မားလာစေရန် ဆောင်ရွက်ခြင်းအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီခွဲ မှ ညနေ ၄ နာရီထိ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(မြန်မာ့အလင်း)

သတင်းတိုများ

နမ့်ပန်ဆုတောင်းပြည့်စေတီ အုတ်မြစ်ချမင်္ဂလာကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် နမ့်ပန်ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်တွင် တည်ထားကိုးကွယ်မည့် အဓိဋ္ဌာန်အောင်ဆုတောင်းပြည့်စေတီတော် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းပရိဝုဏ်အတွင်း၌ ကျင်းပသည်။ **သန်းထွန်းအေး (iprd)**

ကမ္ဘာ့မိုးလေဝသနေ့ အလွတ်တမ်းဆောင်းပါးပြိုင်ပွဲကျင်းပမည်

၂၀၁၅ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အလွတ်တမ်းဆောင်းပါးပြိုင်ပွဲကို "ရာသီပြောင်းလဲမှု တုံ့ပြန်ဖို့ ဘက်စုံအသိဖြင့် ဆောင်ရွက်စို့" "Climate Knowledge for Climate Action" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ၌ ဆုရဆောင်းပါးများကို ပထမဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် ၅၀၀၀၀ စီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအနေဖြင့် ဆောင်းပါးနှင့်အတူ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအချက်အလက်များကို ပူးတွဲ၍ ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေခင်ချော၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေးဘုရားလမ်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၂၈၀၈ နှင့် ၀၁-၆၆၀၁၆၈၄ သို့ မတ် ၃ ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနတိုးချဲ့ဖွင့်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ထုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲတွင် ထုံးကြီးတိုက်နယ်အတွင်းမှ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေး သွားလာစရိတ်ကုန်ကျမှုသက်သာပြီး အခက်အခဲမရှိစေရေးတို့အတွက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဌာနက စာစစ်ဌာနအသစ်တိုးချဲ့ ခွင့်ပြုလိုက်ကြောင်း မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ဝင်းမောင်**

လောက်ကိုင်ဒေသဒဏ်ရာရသူများ အလှူငွေပေးအပ်

လားရှိုး ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လောက်ကိုင်ဒေသမှ ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများကို လားရှိုးမြို့ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက သွားရောက်အားပေးကြည့်ရှုပြီး အလှူငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဆေးကုသမှုခံယူနေရသူများမှာ ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ပညာရေးဌာနမှ ဝန်ထမ်းငါးဦးတို့ဖြစ်ကြောင်း သိရသည်။ **(၁၇၇)**

အရည်အသွေးအာမခံချက် မရှိသော သောက်ရေသန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

အောက်ဖော်ပြပါ သောက်ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေးစိစစ်ထောက်ခံထားသည့် သောက်ရေသန့်များမဟုတ်ပါ၍ အရည်အသွေးအာမခံချက်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

(ယမန်နေ့မှအဆက်)

စဉ်	လုပ်ငန်းအမည်	လိပ်စာ
၃၈	Lion သောက်ရေသန့်	(၃၅)မိုင်၊ ရန်ကုန်-ပုသိမ်ကားလမ်း၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃၉	ရွှေကောင်းကင်သောက်ရေသန့်	အမှတ်(၁)ရပ်ကွက်၊ ဗန္ဓုလလမ်းပန်းခြံ၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၀	ရေတံခွန် သောက်ရေသန့်	ကမ်းနားလမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၁	လိုတရ သောက်ရေသန့်	ဘုရင့်နောင်လမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၂	Lion သောက်ရေသန့်လုပ်ငန်း	ဘုရင့်နောင်လမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၃	Korea သောက်ရေသန့်	ဘုရင့်နောင်လမ်း၊ အလယ်ပိုင်း၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၄	Discovery သောက်ရေသန့်	အမှတ်(၁)ရပ်ကွက်၊ သမိုင်းလမ်း၊ ဟိုင်းကြီးကျွန်း၊ ဧရာဝတီတိုင်းဒေသကြီး။
၄၅	ရွှေကသစ် သောက်ရေသန့်	ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၆	ရှမ်းရိုးမ သောက်ရေသန့်	ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်ကွက်၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၇	ပြည်တွင်းဖြစ် သောက်ရေသန့်	ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၈	ပီတိ သောက်ရေသန့်	မဟာဗောဓိလမ်း၊ (၉)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၄၉	ရွှေကောင်းကင်သောက်ရေသန့်	ဗန္ဓုလကြေးရုပ်လမ်း၊ (၁)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၀	ကျားသောက်ရေသန့်	မဟာဗောဓိလမ်း၊ (၉)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၁	Royal သောက်ရေသန့်	ရဲရိပ်သာလမ်း၊ မြောက်ရွာရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ။
၅၂	Alpha သောက်ရေသန့်	အမှတ်(၁၇၁)၊ ရေးလမ်း၊ ဝဲကျွန်း ထိန်လယ်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ။
၅၃	ငွေကြယ်လင်း သောက်ရေသန့်	အမှတ်(၁၃၁-ခ)၊ မြသီတာလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ။

(ဆက်လက်ဖော်ပြပါမည်)

လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းဖွင့်

ဇလွန် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၉)စက်မှုလယ်ယာစခန်းမှ တောင်သူများအား လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းဖွင့်ပွဲကို ဇလွန်မြို့စက်မှုလယ်ယာစခန်းတွင် ဖေဖော်ဝါရီ ၁၉ ရက်နံနက် ၈ နာရီက ကျင်းပရာ ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးလှမင်းသူ၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဝင်း၊ မြို့နယ်ဖွံ့ဖြိုးရေး ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဝင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ်အစီအစဉ်ဖြင့် ဧရာဝတီတိုင်း ၂၆ မြို့နယ်လုံး ဖွင့်လှစ်ပို့ချသွားမှာဖြစ်ပြီး ယခုအခါနေရာဒေသမရွေး လယ်ယာသုံးစက်ကိရိယာများဖြင့် သုံးစွဲနေခြင်းကြောင့် စက်များ၏အခြေခံသဘောသဘာဝများ၊ ကောင်းကျိုးဆိုးကျိုးများနားလည်ပြီး ပြုပြင်ထိန်းသိမ်းမောင်းနှင်နိုင်မှုကို ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါလယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှုသင်တန်းကို ၁၂ ရက်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ဦးရေ ၃၀ တက်ရောက်မှာ ဖြစ်ကြောင်း သိရသည်။ **အေးထွန်း(ဟင်္သာတ)**

ဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် ရေးမြို့၌ ADSL လိုင်းများတိုးချဲ့မည်

ရေး ဖေဖော်ဝါရီ ၂၁

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ အများပြည်သူများအား လုပ်ငန်းများအသုံးပြုရာတွင် လျင်မြန်အဆင်ပြေချောမွေ့စေရန်နှင့် ခရီးသွားလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေ၍ ရေးမြို့နယ်၌ ADSL လိုင်းများကို ထပ်မံတိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ADSL လိုင်းများအား ထပ်မံတိုးချဲ့ တပ်ဆင်ပေးနိုင်ရန်အတွက် ဖေဖော်ဝါရီလမှ စတင်ကာ လျှောက်လွှာများကို မြို့နယ်ဆက်သွယ်ရေးရုံးမှ လျှောက်လွှာများခေါ်ယူကာ မည်သူမဆို လျှောက်ထားတင်နိုင်ကြောင်း ခေါ်ယူခဲ့သည်။

အဆိုပါ လျှောက်လွှာတင်ထားသူ အများအပြားမှာ ယခင် ADSL ၂၄ လိုင်းမှ အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကများအား တပ်ဆင်ပေးလျက်ရှိရာ ကျန်ရှိနေသေးသော ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကများကို ယခု ADSL လိုင်း ၂၄ လိုင်းကို ထပ်မံတိုးချဲ့တပ်ဆင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရေးမြို့နယ် မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေးမြို့နယ်အတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ADSL လိုင်းများကို တပ်ဆင်ပေးထားသော်လည်း လိုင်းများကို သုံးစွဲသူအများအပြားမှာ တစ်ခါတစ်ရံ လိုင်းဆွဲအား မကောင်းသည့်အပြင် လိုင်းများကိုလည်း အလွယ်တကူသုံးစွဲနိုင်ရန် နေရာအကန့်အသတ်များ ရှိနေသဖြင့် အခမဲ့အသုံးပြုခွင့်ပေးသည့်နေရာများ ကျယ်ကျယ်ပြန့်ပြန့် လုံလောက်စွာမသုံးစွဲနိုင်ကြ၍အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ တန်ဖိုးနည်း မိုဘိုင်းဖုန်းများအချင်းချင်း ချိတ်ဆက်ခေါ်ယူအသုံးပြုရာတွင်လည်း အလွယ်တကူခေါ်ဆို၍ မရနိုင်ခြင်းများရှိနေသည့်အတွက် သုံးစွဲသူအများအကြားမှာ ဝေဖန်နေကြဆဲဖြစ်ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ဆည်ရေသောက်မြောင်းပြုပြင်ပြီး၍ ဧကေ ၂၈၇၁ ကို အကျိုးပြု

မတ္တရာ ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် မုယင်းစပါး စိုက်ပျိုးရာ၌ ရေဖျားသောက် တောင်သူများ ဆည်ရေလုံလောက်စွာ ရရှိစေရန် ဆည်မြောင်းဦးစီးဌာနက မြေတူးစက်များဖြင့် နှဲငုတ်တိုမြောင်း RD ၃၀၀၀ မှ RD ၂၂၅၀၀ အထိ ဆယ်ယူပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ရေမြောင်းကို ဆယ်ယူပြုပြင်ပြီးဖြစ်သဖြင့် ကျေးရွာအုပ်စု ၁၁ အုပ်စု၏ မုယင်းစပါးစိုက်ဧက ၂၈၇၁ ကို အကျိုးပြုရေပေးဝေနိုင်မည်ဖြစ်ရာ မတ္တရာမြို့နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် မုယင်းစပါးစိုက်ဧက ၁၀၃၈၉ ပြည့်ပြီး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးသိန်းမြင့်ထွန်း၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

အချိန်အခါမဲ့မိုးကြောင့် မြေပဲအထွက်နှုန်းလျော့နည်း

ရေစကြို ဖေဖော်ဝါရီ ၂၁

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ဆောင်းမြေပဲ ၁၉၃၈၆ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ ရေစကြိုမြို့နယ်မှ မြေပဲစိုက်တောင်သူများသည် မကွေးအထွက်တိုး အနီ၊ ဂျပန်အထွက်တိုး အနီ၊ နှာကောက် အဖြူ၊ မကွေး ၁၀ -၁၁ စသည့် မြေပဲမျိုးများကို အများဆုံးစိုက်ပျိုးကြသည်ဟု သိရသည်။

ယခုအချိန်သည် ရေစကြိုမြို့မှ ဆောင်းမြေပဲစိုက်ခင်းများ နုတ်သိမ်းကြလျက်ရှိသည်။ ရေစကြိုမြို့နယ်မှ မြေပဲစိုက်ခင်းများသည် မြေပဲကြိုက်သော ရာသီဥတုရှိသော နှစ်များတွင် မြေပဲတစ်ဧကလျှင် တင်း ၁၀၀ မှ ၁၁၁ တင်း အထိအထွက်နှုန်းကောင်းလေ့ရှိသည်ဟု သိရသည်။ ယခုနှစ်တွင် ဆောင်းမြေပဲစွယ်ဆင်းချိန်တွင် အခါမဲ့မိုးရွာသွန်းမှုကြောင့် မြေပဲစိုက်တောင်သူတစ်ဦးအား မေးမြန်းကြည့်ရာ "ကျွန်တော်တို့ စိုက်ခင်းတွေမှာ ဒီနှစ် ဆောင်းမြေပဲ အထွက်နှုန်းလျော့နည်းတယ်၊ မြေပဲစွယ်ဆင်းတဲ့အချိန်မှာ မိုးရွာ သွန်းခဲ့တာကြောင့် စိုက်ခင်း မြေကြီးမာသွားတယ်။ အဲဒါကြောင့် မြေပဲကောင်းကောင်း မဥနိုင်လို့ အထွက်နှုန်းနည်းခဲ့တယ်။"

"ကျွန်တော့် စိုက်ခင်းမှာတော့ ခါးထွန်မဆွဲလိုက်ရလို့ တစ်ဧက ၆၀ ကျော်ပဲ ထွက်ပါတယ်။ တချို့ မြေပဲစိုက်ခင်းတွေကတော့ ခါးထွန်ဆွဲလိုက်တော့ တစ်ဧက ၈၅ တင်းလောက် ထွက်ကြပါတယ်။ အခုနှစ်လို မြေပဲစွယ်ဆင်းချိန်မှာ မိုးရွာခဲ့ရင် စိုက်ခင်းမြေကြီး မစိုမခြောက်အချိန်မှာ ခါးထွန် နှစ်စပ်လောက်ဆွဲပေးရပါတယ်။ ဒါပေမယ့် အဲဒီလို ခါးထွန်ဆွဲရင် မြေပဲပင်အချို့ အမြစ်က ကျွတ်ထွက်ကြတော့ ကျွန်တော်က အပင်တွေ နှမြောတာနဲ့ ခါးထွန်မဆွဲလိုက်တော့ စိုက်ခင်းက နှစ်တိုင်းထက် အထွက်နှုန်းတော်တော်လျော့ပါတယ်။ ခါးထွန်ဆွဲလိုက်ကြတဲ့ တောင်သူတွေရဲ့ စိုက်ခင်းတွေမှာတော့ နှစ်တိုင်းလောက် အထွက်နှုန်းမကောင်းပေမယ့် အထွက်နှုန်းအသင့်အတင့်ရကြပါတယ်" ဟု တောင်သူ ဦးကျော်မြင့်သိန်းက ပြောပြသည်။ **အိမွန်ဆွေ(ရေစကြို)**

ပြည်တွင်းသတင်း

ဒီမိုကရေစီပညာရေး ဧရာဝတီသပိတ်အဖွဲ့ ကျောင်းသားများ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိ

ပုသိမ် ဖေဖော်ဝါရီ ၂၁

ဒီမိုကရေစီပညာရေး ဧရာဝတီသပိတ်အဖွဲ့မှ ပုသိမ်နည်းပညာတက္ကသိုလ်ကျောင်းဆရာ ဦးဝေယံအောင် ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၅ နာရီတွင် ကန်ကြီးထောင့်မြို့နယ် အပင်နှစ်ဆယ်ကျေးရွာရှိ နည်းပညာတက္ကသိုလ်ရှေ့သို့ရောက်ရှိပြီး ဝေယံအောင်နှင့် အောင်ခန့်ဇော်တို့က သပိတ်အဖွဲ့ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ်ရှေ့သို့ရောက်ရှိပြီး ဝေယံအောင်နှင့် ကျောင်းသားများက ဟောပြောခြင်းများပြုလုပ်ကာ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ပုသိမ်မြို့ (၈)ရပ်ကွက် ဇေယျဝတီ(၁)လမ်းရှိ အခမဲ့ပညာဒါနကျောင်းသို့ ရောက်ရှိသည်။

ည ၇ နာရီခွဲခန့်တွင် အခမဲ့ပညာဒါနကျောင်းသို့ ရောက်ရှိသောသပိတ်အဖွဲ့ရှိ မအူပင် ဗကသမှ ဉာဏ်လင်းထက်ပါ ခုနစ်ဦးသည် ကားဖြင့် မအူပင်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း၊ ထို့အပြင် ပိုင်ရဲသူပါ ၁၆ ဦးနှင့် အောင်ကျော်ဦးပါ လေးဦးတို့သည်လည်း မော်တော်ယာဉ်များဖြင့် အခမဲ့ပညာဒါနကျောင်းမှ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြောင်း၊ ဝေယံအောင်၊ အောင်ခန့်ဇော်၊ စစ်ဘုန်းပိုင်တို့သည် ၄င်းတို့နေအိမ်သို့ ပြန်လည်ထွက်ခွာသွားကြောင်း၊ သပိတ်အဖွဲ့ဝင်များသည် ညအိပ်နေထိုင်ခြင်းမရှိဘဲ သပိတ်ရပ်နားထားကြောင်း သိရသည်။

မောင်မောင်မြင့်

ရန်ကုန် - သန်လျင်တံတားပေါ်၌ ယာဉ်များ ပိတ်ဆို့

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်-သန်လျင်တံတားပေါ်တွင် မော်တော်ယာဉ်များ မကြာခဏယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်မှ သန်လျင်ဘက်သို့သွားသည့် တံတားပေါ်တွင် ဘိလပ်မြေအိတ်များတင်ဆောင်လာသော ကုန်တင်မော်တော်ယာဉ်ကြီးတစ်စီး ပျက်နေမှုကြောင့် ယာဉ်ကြောများ ပိတ်ဆို့နေကြောင်း သိရသည်။

အဆိုပါ တံတားပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်နှင့် ကိုယ်ပိုင်မော်တော်ယာဉ်များ သွားလာမှုများပြီး တချို့သောကုန်တင်ယာဉ်ကြီးများသည် သတ်မှတ်ထားသော တန်ချိန်များဖြင့် မောင်းနှင်နေသော်လည်း တံတားပေါ်ရောက်မှ စက်ချွတ်ယွင်းမှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ကုန်တင်ကားကြီးများအား ရန်ကုန်-သန်လျင် တံတားအမှတ် (၂) မှ သွားစေလိုကြောင်း ဒေသခံခရီးသွား ပြည်သူများက ပြောကြားလျက်ရှိကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

မြောင်မြို့နယ် ပြည်သူ့ဆေးရုံဝင်း မြောင်မြို့မရဲစခန်းဝင်း မြောက်ရပ်ကွက်အတွင်း၌ ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ မီးသတ်ယာဉ်ဖြင့် ရေပိုက်များအသုံးပြုပြီးရေပက်ဖျန်း မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်စဉ်။ (၀၇၉)

စလင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆို

စလင်း ဖေဖော်ဝါရီ ၂၁

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် ဖေဖော်ဝါရီ ၁၉ ရက်မှစတင်၍ အဋ္ဌမတန်းဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၆၈၈ ဦး၊ စတုတ္ထတန်း ဖြေဆိုသူ ၄၁၃၂ ဦးတို့သည် အေးချမ်းစွာဖြင့် မြို့နယ်လုံးကျွတ်စာမေးပွဲကို ဖြေဆိုလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ကသာမြို့ အမှတ်(၅) ရပ်ကွက်တွင် မီးလောင်မှုဖြစ်

ကသာ ဖေဖော်ဝါရီ ၂၁

ကသာမြို့ အမှတ်(၅) ရပ်ကွက် ခရစ်ယာန်ကျောင်းအနီး၌ ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ ရဲအုပ်ရဲလွှင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရွာမအနောက်ပိုင်းနေ ဦးသိန်းဝင်း၏ နေအိမ်ရှိ လျှပ်စစ်ပလပ်ပေါက်မှ လမ်းသို့မီးပေးထားသော နှစ်ပင်လိမ်ဝိုင်ယာကြိုးမှ အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ပြီး ၄င်းကြိုးနှင့် ထိစပ်နေသော သက်ငယ် မိုးကို မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားသည်။

အဆိုပါ မီးလောင်မှုကြောင့် ပေါ့ဆစွာ အသုံးပြုသူ ဦးသိန်းဝင်းကို ဥပဒေအရ အရေးယူလျက်ရှိကြောင်း သိရသည်။ **လှအောင်(ကသာ)**

ပြည်တွင်းသတင်း

ကျပ်သိန်းခြောက်ထောင်ကျော်တန်ဖိုးရှိ ကဖင်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

တာချီလိတ် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့နယ် မိုင်းလင်း(အနောက်)အုပ်စု မဲခေါင်းမြစ်ကြောင်းဘေး ပါလကျေးရွာအနီး၌ ငွေကျပ် ၆၁၁၂ သိန်းခန့်တန်ဖိုးရှိ ကဖင်းများကို ဖေဖော်ဝါရီ ၁၆ ရက်က ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၆ ရက် ည ၇ နာရီခွဲအချိန်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၅၇၂) ခြေမြန်တပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မိုင်းကိုးပြည်သူ့စစ်အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းရရှိထားသော တာလေမြို့နယ် မိုင်းလင်း(အနောက်) အုပ်စု မဲခေါင်မြစ်ကြောင်းဘေး ပါလကျေးရွာအနီး၌ နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ တောင်ကုန်းဘေးတောချုံအတွင်းမှ တစ်အိတ်လျှင် အလေးချိန် ၅၀ ကီလိုဂရမ်ခန့်စီပါ ကဖင်း ၁၆၃ အိတ်၊ စုစုပေါင်း အလေးချိန် ၈၁၅၀ ကီလိုဂရမ်ခန့်၊ ကာလတန်ဖိုး ငွေကျပ် ၆၁၁၂ သိန်းခန့်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးရမိထားသော ကဖင်းအိတ်များ။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူပေးပါရန် တာချီလိတ်မူးယစ်တပ်ဖွဲ့စု(၃၀)က တာချီလိတ်မြို့မရဲစခန်း၌ တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကဖင်းအိတ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သယ်ဆောင်လာစဉ်။

မိုးစပါးအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

ထားဝယ် ဖေဖော်ဝါရီ ၂၁

၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ရာသီအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ်၌ စပါးစိုက်ပျိုးမှုနှင့် အထွက်နှုန်းတိုးတက်မြင့်မားစေရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထားဝယ်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်း၍ မိုးစပါးစိုက်ပျိုးမှုမြှင့်တင်ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် ဒေသ၏ ရေမြေနှင့်ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP)အတိုင်း စနစ်တကျစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာကို စနစ်တကျအသုံးပြုရေး၊ ပိုးမွှားရောဂါများ ကြိုတင်ကာကွယ်ရေး၊ ပေါင်းမြက်ကင်းစင်အောင်ဆောင်ရွက်ရေး စသည့် တောင်သူများ သိရှိသင့်သောအချက်များကို ဆွေးနွေးဟောပြောလျက်ရှိသည်။ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ တောင်သူများအား ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးမည့်စပါးနမူနာများအား မျိုးစစ်ဆေးခြင်း၊ တောင်သူတစ်ဦးချင်းအလိုက် စပါးမျိုးနမူနာများမှ မျိုးရောပါဝင်မှု၊ ပိုးကျမှုနှင့် ဆန်နီပါဝင်မှု၊ ပေါင်းမျိုးစေ့ပါဝင်မှုမှတ်တမ်းရယူခြင်းများကိုလည်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၁

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀၀ မှ ငွေကျပ်သိန်း ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပေါက်တော-မကျီးကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပင်းချောင်းမြောင်းမကြီး ရေကျော်သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ခွင့်ပြုငွေကျပ် ၄၅ သိန်းဖြင့် ဆောင်ရွက်နေသော ကမ္ဘားနီ-ရှားပင်လှ- မကျီးကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကမ္ဘားနီတံတားချဉ်းကပ်လမ်းဖောက်လုပ်မှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် ကော်မတီအတွင်းရေးမှူး ဒေါ်ခင်မိုးကြည်၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဘိုကျော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းတို့က ဖေဖော်ဝါရီ ၁၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးများအပြင် လျှပ်စစ်မီးရရှိပြီး ကျေးလက်လူနေမှုဘဝများ တိုးတက်မြင့်မားစေရေးအတွက် ပြည်ထောင်စုအစိုးရရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေများအပြင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေများဖြင့်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

နေအောင်(iprd)

ဖရဲသီးတင်ယာဉ်ပေါ်မှ တမလန်းသစ်များဖမ်းမိ

နောင်ချို ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ် နောင်ချိုမြို့နယ်အဝင် အေးရှားဝေလ်တိုးဂိတ်တွင် ဖရဲသီးများတင်ဆောင်လာသည့် ယာဉ်နှစ်စီးပေါ်၌ ဖုံးကွယ်သယ်ဆောင်လာသည့် တမလန်းသစ်များကို ဖေဖော်ဝါရီ ၁၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့အဝင်ရှိ အေးရှားဝေလ်တိုးဂိတ်တွင် ညွှန်ကြားရေးမှူးဦးမြင့်သူရဦးဆောင်သည့် ဌာနပေါင်းစုံ ပူးပေါင်းစစ်ဆေးရေးလုပ်ရှားအဖွဲ့(၁)က စစ်ဆေးစဉ် မန္တလေးမှ မူဆယ်ဘက်သို့မောင်းနှင်လာပြီး ဖရဲသီးများတင်ဆောင်လာသည့် ဆယ်ဘီးကားတစ်စီးနှင့် ခြောက်ဘီးကားတစ်စီးပေါ်မှ ဖရဲသီးများအောက်တွင် သိုဝှက်သယ်ဆောင်လာသော တမလန်းသစ်များကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဆယ်ဘီးကားပေါ်မှ တမလန်းသစ် ခားရွှေတုံး ၄၃ တုံး (၃ ဒသမ ၃၈၂၆ တန်)နှင့် ခြောက်ဘီးကားပေါ်မှ တမလန်းသစ်ခားရွှေတုံး ၂၄ တုံး(၂ ဒသမ ၄၁၄၆ တန်)တို့ကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်ရာ နောင်ချိုမြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တမလန်းသစ်များသည် ပြည်ပနိုင်ငံများတွင် ဈေးကောင်းရမှုကြောင့် တားမြစ်ဖမ်းဆီးမှုများ ဆောင်ရွက်နေသည့်ကြားမှ နည်းမျိုးစုံဖြင့် ဖုံးကွယ်သိုဝှက်၍လည်းကောင်း၊ တရားမဝင်လမ်းကြောင်းများမှလည်းကောင်း သယ်ဆောင်လျက်ရှိနေကြကြောင်း စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **(ဇမ်ဒ)**

ချင်းတောင်မြေ၏ အထိမ်းအမှတ်သင်္ကေတ တော်ဝင်ပန်းများ

ဂျူနိုင်း

ချင်းပြည်နယ်၏ တော်ဝင်ပန်းများဖြစ်သော ချယ်ရီပန်းသည် ဆောင်းဦးရာသီအချိန်မှစ၍ ချင်းပြည်နယ်တစ်ခွင်လုံး ဝေဝေဆာဆာ ဖူးပွင့်ခဲ့ကြပြီးဖြစ်သည်။ ချယ်ရီပန်းများပွင့်ပြီးနောက်တွင် တောင်ဇလပ်ပန်းများသည် ဒီဇင်ဘာလဆန်းပိုင်းမှ စတင်ဖူးပွင့်လာကာ ယခုဖေဖော်ဝါရီလအချိန်တွင် တစ်ပင်လုံး နီနီရဲရဲဖြင့် အပြိုင်အဆိုင် ဝေဝေဆာဆာ ဖူးပွင့်လျက်ရှိကြသည်။

ကလေးမြို့ မှ ၃၀ မိုင် ၇ ဖာလုံအကွာရှိ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၂၅၀ မြင့်သော ကနေဒီတောင်ခြေ သိုင်းငင်းကျေးရွာ တောင်ကုန်းများပေါ်တွင် တောင်ဇလပ်ပင်များ အများဆုံးပေါက်ရောက်ကာ ပင်စည်သည် အမြင့်ပေ ၄၀ အထိ ကြီးထွားနိုင်ပြီး လုံးပတ်မှာ ၃ ပေ မှ ၄ ပေထိရှိသည်။ တောင်ဇလပ်ပင်များကို ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အတွေ့ရများကာ မြောက်ပိုင်းတွင်ပေါက်သည့် အပင်များသည် အနီရောင်ပွင့်ပြီး တောင်ပိုင်းတွင်ပေါက်သည့် အပင်များသည် အပွင့်အဖြူရောင်ပွင့်သည်ကို

တွေ့ရသည်။

ဖလမ်း ချင်းလူမျိုးများက ချယ်ရီပန်းကို "ဖိုင်ဇောင် "ဟုခေါ်ဆိုကြပြီး တောင်ဇလပ်ပန်းကို "ချော့လှယ်ပါရ် "ဟု ခေါ်ကြသည်။ ရုက္ခဗေဒအခေါ်အားဖြင့် "ရိုက်ရှားတိုမင်တိုစား" ဟု ခေါ်သည့် တောင်ဇလပ်ပန်းသည် ဝတ်ရည်ချိုလျက် ဝတ်ရည်သောက်လျှင် အားပြည့်သည်ဟု ချင်းလူမျိုးများက အယူအဆရှိသည့်အပြင် အပွင့်သည်လည်း ဆေးဖက်ဝင်ကြောင်း သိရသည်။ တောင်ဇလပ်ပင်၏ အခေါက်နှင့် အမြစ်ကို အဆိပ်ရှိသော သတ္တဝါများကိုက်လျှင် အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြကာ အရွက်သည် မဲနယ်ရောင်ဆိုးဆေးတစ်မျိုးထွက်ပြီး အစေ့ကိုလည်းစားနိုင်သည်။

တောင်ဇလပ်နှင့် ချယ်ရီပင်များ အပင်နည်းပြီး အပွင့်ကျဲလာ. . .

ချယ်ရီနှင့် တောင်ဇလပ်ပင်များကို စည်းကမ်းမဲ့ ခုတ်ထွင်နေမှုမှ ကာကွယ်ရန်နှင့် ချင်းတောင်ပေါ်သို့ သွားလာနေကြသော ခရီးသည်များနှင့် ကျေးလက်နေပြည်သူများအနေဖြင့် တောင်ဇလပ်ပန်းနှင့် ချယ်ရီပန်းများကို မြတ်နိုးတွယ်တာ ထိန်းသိမ်းလိုစိတ် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်လျက် ချင်းတောင်မြေ၏ အထိမ်းအမှတ်သင်္ကေတပန်းများ ထိန်းသိမ်းရေးလှုပ်ရှားမှုအစီအစဉ်များကို ကနေဒီတောင် စိမ်းလန်းစိုပြည်ရေးအဖွဲ့ (Green Kenedy Group)က ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ချင်းပြည်နယ်၏ တော်ဝင်ပန်းပင်များဖြစ်သည့် တောင်ဇလပ်ပင်များနှင့် ချယ်ရီပင်များသည် အပင်နည်းလာပြီး အပွင့်ကျဲလာလျက်ရှိရာ ရေရှည်ရှင်သန်နိုင်ကြရေးအတွက် တောင်ပေါ်နေချင်းတိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ကိုယ်စီရှိကြောင်းနှင့် ချင်းပြည်နယ်၏ အထိမ်းအမှတ်သင်္ကေတ တော်ဝင်ပန်းများကို နေရာအနှံ့ ဝေဝေဆာဆာ ဖူးပွင့်မြဲဖူးပွင့်စေလိုကြောင်း ဆန္ဒပြုလိုက်ပါသည်။ ။

သတင်းတိုများ

အမျိုးသမီးငယ်များပါဝင်သော ဘင်ဂိုလောင်းကစားဝိုင်းဖမ်းဆီးရမိ

ရေတာရှည်မြို့နယ် ရေနီကျေးရွာ ရှမ်းပိုင်း(၂)ရပ်ကွက်နေ မသန်းသန်းဦး (၃၅နှစ်)၏နေအိမ်တွင် တရားမဝင် ဘင်ဂိုကက်ဖောက် လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ရေတာရှည်မြို့နယ် ရေနီနယ်မြေ ရဲစခန်းမှ ဒုရဲအုပ်အောင်ဆန်းထူးနှင့်အဖွဲ့က သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက်က ဝင်ရောက်ဖမ်းဆီးခဲ့ရာ မသန်းသန်းဦးနှင့်အတူ တင့်လွင်၊ ဒေါ်ခင်ကြည်၊ မလှလှဝေ၊ မအိတုံ၊ မအငယ်လေး၊ မမိစိန်တို့အား ဘင်ဂိုလောင်းကစား ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေစက္ကူရောရာ ငွေကျပ် ၂၁၅၀၀ တို့နှင့်အတူ တွေ့ရှိရ၍ ရေနီနယ်မြေရဲစခန်းက လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

စိန်ဒေါင်းကုမ္ပဏီလီမိတက်နှစ်ပတ်လည်မိတ်ဆုံစားပွဲကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မောင်ခင်လမ်းအနောက်ထိပ်ရှိ S.D Development Co.,Ltd. နှစ်ပတ်လည်မိတ်ဆုံစားပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၀ ရက်တို့တွင် ပန်းခင်းရပ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာ နေပြည်တော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ **ကိုကြီးကျော်**

ပုံတောင်ခြေရှိ ကျေးရွာခြောက်ရွာ ဆိုလာစနစ်ဖြင့်မီးလင်းပြီ

ပုလဲ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုံတောင်ခြေရှိ မယင်းကျေးရွာ၊ ခင်သာကျေးရွာ၊ သစ်ကြီးတိုင်းကျေးရွာ၊ ရေသာကျေးရွာ၊ ဆည်ကြီးကျေးရွာနှင့် ကသောင်းကျေးရွာများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများပြီးစီးပြီဖြစ်ရာ ကျေးရွာများတွင် မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာခြောက်ရွာတွင် ဆိုလာဖြင့် လျှပ်စစ်မီးရရှိရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၃၇ ဒသမ ၂ သန်းဖြင့် သိယ်ရတနာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးစိုးခိုင်က "ကျွန်တော်တို့ ကျေးလက်ဦးစီးဌာနအနေနဲ့ ဒေသနေ ပြည်သူများအတွက် အကျိုးပြုထိရောက်မယ့်လုပ်ငန်းများဖြစ်တဲ့ လမ်းတံတားလုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများနဲ့ ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရာမှာ မဟာဓာတ်အားလိုင်းနဲ့ အလှမ်းဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးရွာတွေကို ဆိုလာစနစ်နဲ့ လျှပ်စစ်မီးရအောင် ဦးစားပေးပြီး ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ်မှာ ပုံတောင်ဒေသက ကျေးရွာခြောက်ရွာရှိ အိမ်ထောင်စု ၇၈၄ စုကို ဆိုလာစနစ်နဲ့ လျှပ်စစ်မီးလင်းအောင် ဇန်နဝါရီလကစတင်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့တယ်" ဟု ပြောကြားသည်။

သစ်ကြီးတိုင်းကျေးရွာမှ ပြည်သူတစ်ဦးဖြစ်သော ကိုဝင်းမောင်ကလည်း "ကျွန်တော်တို့တောင်ပေါ်ဒေသက လမ်းပန်းဆက်သွယ်မှုအခက်အခဲကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ပေမယ့် ကျေးရွာများမီးလင်းရေးအတွက် တိုင်းဒေသကြီးအစိုးရက အမှန်ကုန်ကျငွေကို ပြည်သူတစ်ဝက်၊ အစိုးရတစ်ဝက်အနေနဲ့ ပြည်သူပူးပေါင်းပါဝင်မှုနဲ့ ဆောင်ရွက်ပေးခဲ့လို့ အခြားကျေးရွာတွေမှာ ဆိုလာစနစ်နဲ့ မီးလင်းနေခဲ့ပြီဖြစ်ပါတယ်။ အခု ကျေးလက်ဦးစီးဌာနက ကျွန်တော်တို့တောင်ပေါ်ရွာတွေကို ဆိုလာစနစ်နဲ့ မီးလင်းနိုင်ရေးအတွက် အခမဲ့ထောက်ပံ့မှု၊ တပ်ဆင်မှုတွေ ဆောင်ရွက်ပေးခဲ့လို့ မီးရရှိပြီဖြစ်တဲ့အတွက် ကျေးလက်ဦးစီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိသဖြင့် ကျောင်းသား ကျောင်းသူများ၏ပညာရေးအပါအဝင် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဖယောင်းတိုင်နှင့် မီးစက်များအသုံးပြုသည်ထက် စရိတ်လည်း များစွာလျော့နည်းသက်သာစေမည်ဖြစ်ရာ ကျေးလက်နေပြည်သူများအတွက် ငွေကြေးကုန်ကျမှုသက်သာစေမည်ဖြစ်သည်။ ထို့အပြင် ဖယောင်းတိုင်နှင့် မီးခွက်များအသုံးပြုခြင်းကြောင့် ဖြစ်ပွားနိုင်သည့် မီးဘေးအန္တရာယ်များကိုလည်း များစွာလျှော့ချပေးနိုင်မည်ဖြစ်ပေသည်။

မင်းခန့်စိုး(ဧယျာမြေ)

စေတနာ့အားမာန်လူမှုကူညီရေးအသင်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်တိုးမြှင့်ဆောင်ရွက်

ပုလဲ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကံသစ်ကျေးရွာရှိ စေတနာ့အားမာန် လူမှုကူညီရေးအသင်းသည် ဒေသတွင်းနေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စေတနာ့အားမာန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက "ကျွန်တော်တို့အသင်းက ၂၀၁၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ကျေးရွာအတွင်းနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာတွေအထိ သာရေး၊ နာရေးအပါအဝင် ပရဟိတလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အသင်းရဲ့ လူမှုရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ဖို့ ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိတဲ့ Odyssey မော်တော်ယာဉ်ကို မန္တလေးမြို့နေ ကံသစ်ရွာဇာတိဖွား ဦးနေမျိုးအောင် (ရွှေစင်မြေပဲဆားလှော်လုပ်ငန်း)မိသားစုက ဒီဇင်ဘာလအတွင်းက လှူဒါန်းခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရွာသာမက အနီးပတ်ဝန်းကျင်က ကျေးရွာခုနစ်ရွာက ပြည်သူတွေအတွက် ကျန်းမာရေးကိစ္စတွေနဲ့ ပုလဲမြို့၊ မုံရွာမြို့နဲ့ မန္တလေးမြို့တွေကို သွားရောက်ဆေးကုသမှုခံယူမယ့် လူနာပေါင်း ၆၀ ကျော်ကို ပို့ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ရှေ့ဆက်ပြီး ဒီထက်မကပိုမိုတွင်ကျယ်အောင်ဆောင်ရွက်မှာဖြစ်ပြီး လူမှုရေးကိစ္စတွေသာမက ကျန်းမာရေးကိစ္စတွေကိုပါ အရှိန်တိုးမြှင့်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

မင်းခန့်စိုး(ဧယျာမြေ)

ဇင်းကျိုက်-တပ်မှူးချောင် မြေသားလမ်းဖောက်လုပ်

ဇင်းကျိုက် ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ် အောက်ကွင်းဒေသတွင်းရှိကျေးရွာများတွင် ဆက်သွယ်သွားလာမှု လွယ်ကူစေရေးအတွက် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄/၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ်သိန်း ၅၆၀ ဖြင့် အရှည် ၄ မိုင်၊ အကျယ် ၁၂ ပေရှိ ဇင်းကျိုက်-တပ်မှူးချောင်ကျေးရွာလမ်းကို ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ဖောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါလမ်းဖောက်လုပ်ပြီးစီးသွားပါက ပေါင်မြို့နယ်အတွင်းရှိ အောက်ကွင်းကျေးရွာများဖြစ်သော သဲကုန်း၊ ကျုံကော်၊ မြလေးချောင်ကျေးရွာများမှ ဒေသခံပြည်သူများအတွက် ကျေးရွာချင်းဆက်သွယ်သွားလာမှုသာမက ဇင်းကျိုက်မြို့သို့ ကုန်စည်ကူးသန်းရောင်းဝယ်မှုများအတွက်ပါ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။ **နေခြည်(ဇင်းကျိုက်)**

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဂန့်ဂေါ၌ ရန်ပုံငွေပေးအပ်

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၁

ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၇ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပေးအပ်သည်။

ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီး မြောက်ခင်ရန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံသို့ ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်သည်။ ရန်ပုံငွေကို အရင်းမပျောက်မတည်ငွေအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းဆောင်ရွက်လိုသူ ၈၆ ဦးအတွက် ငွေကျပ် ၁၂၃ သိန်း၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်လိုသူ ၅၆ ဦးအတွက် ၁၂၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်လိုသူ ၁၄ ဦးအတွက် ငွေကျပ်သိန်း ၂၀၊ ပရိဘောဂလုပ်ငန်းဆောင်ရွက်လိုသူ ခြောက်ဦးအတွက် ငွေကျပ် ၁၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်လိုသူကိုးဦးအတွက် ငွေကျပ် ၁၈ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြစိမ်းရောင်ကျေးရွာစီမံကိန်းက ကျွန်တော်တို့ လိုအပ်နေတဲ့ချေးငွေကို အတိုးနှုန်းသက်သက်သာသာနဲ့ ထုတ်ချေးပေးတဲ့အတွက် ကျွန်တော်တို့ လုပ်ငန်းတွေအတွက် အလွန်အထောက်အကူဖြစ်စေပါတယ်"ဟု ချေးငွေရယူသည့် ကျေးရွာသားတစ်ဦးကပြောသည်။

မြောက်ခင်ရန်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာကော်မတီဝင် ခုနစ်ဦးတို့အား ငွေစာရင်းထိန်းသိမ်းမှုသင်တန်းကိုလည်း ပြီးခဲ့သည့်ရက်သတ္တပတ်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်လွင်၏ ပြောကြားချက်အရ သိရသည်။

ကျေးလက်ဒေသနေ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် စီးပွားရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်နိုင်ရန်အတွက် မြစိမ်းရောင်စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိကာ ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ် သိန်း ၃၀၀ စီကို ထုတ်ချေးပေးပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် အကောင်အထည်ဖော်လျက်ရှိကြောင်းနှင့် စီမံကိန်းကြောင့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ စီမံကိန်းများလည်း အောင်မြင်ပြီး ရန်ပုံငွေတိုးပွားလျက်ရှိကြောင်း သိရသည်။

စိန်ကျော်(ဝါးဘိုးချောင်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

တောင်သာ ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်မြင့်သိန်းက ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ တွေ့ကြုံနိုင်သည့်အခက်အခဲများ၊ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှုဆိုင်ရာအကြောင်းအရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လူကုန်ကူးမှုတားဆီးရေးဆောင်ရွက်ချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးသူများအသုံးပြုသော နည်းလမ်းများစသည့်အကြောင်းအရာများကို ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်လူကုန်ကူးမှုတားဆီးရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့သည် ပြည်သူများ လူကုန်ကူးခံရမှုအန္တရာယ်မှ ကင်းဝေးစေရန် ပညာပေးဟောပြောပွဲများကို မြို့နယ်အနှံ့အပြားနှင့် ကျေးလက်ဒေသများတွင်ပါ စဉ်ဆက်မပျက် ပြုလုပ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလျက်ရှိသည်။

ကျော်မျိုးနိုင်(တောင်သာ)

ပြည်တွင်းသတင်း

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် သီတဂူဆရာတော်ကြီးမှ အလှူငွေပေးအပ်

ကြံခင်း ဖေဖော်ဝါရီ ၂၁

မြန်အောင်မြို့နယ် ကနောင်မြို့ အိုးဘိုကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၂၅၀ ကို သီတဂူဆရာတော်ကြီးက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နှင့် မြန်အောင်မြို့တို့တွင် တရားဓမ္မများ ဟောကြားရန် ရောက်ရှိနေသော သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(Ph.D.,D.Litt)အဂ္ဂမဟာပဏ္ဍိတ၊ တွံ့ဘက်ရွှေကျင်သာသနာပိုင်(၄)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီးသည် မြန်အောင်မြို့နယ် ကနောင်မြို့ အိုးဘိုကျေးရွာ မူလတန်းလွန်ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၂၅၀ ကို ကြံခင်းအိုးဘိုဘုန်းတော်ကြီးကျောင်း ဆရာတော်ဘန္ဒန္တသုဒ္ဓရထံ ဖေဖော်ဝါရီ ၁၉ ရက်က ကြံခင်းဘိလပ်မြေစက်ရုံဧည့်ရိပ်သာ၌ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(ဝဇ၉)**

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးတွင် ပြည်သူပူးပေါင်းပါဝင်ရေး ပညာပေးဟောပြော

အင်းတော် ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာဒေသ နတ်ရေတွင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်စိုးက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ဥပဒေအရအရေးယူဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှုများ၊ ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်မည့် အချက်များကို ရှင်းလင်းဟောပြောခဲ့ပြီး အင်းတော်မြို့မရဲစခန်းမှူး ရဲအုပ်သိန်းဆွေက ရဲတပ်ဖွဲ့လုပ်ငန်းစဉ်(၆)ရပ်၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများ၊ ကျေးရွာလူငယ်ထုအတွင်း မူးယစ်ဆေးဝါးမပျံ့နှံ့စေရေးအတွက် ဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ပြည်သူများကလည်း ဝိုင်းဝန်း ကူညီဆောင်ရွက်ရန်နှင့် ကျေးရွာလူထုနှင့် ရဲစခန်း/ရဲကင်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ နတ်ရေတွင်းကျေးရွာမှ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

မြင်းမူ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီး အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းများကို ဖေဖော်ဝါရီ ၁၈ ရက်က မြင်းမူမြို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းတို့ ပြုလုပ်ပေးရာတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းပေးကြပြီး အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း သက်ကြီးအဘိုး အဘွား ၅၂ ဦးကို ဆေးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ(iprd)**

ရေတာရှည်မြို့နယ်တွင် ရှော့ခ်တိုက်ငါးဖမ်းသူများကို အမှုဖွင့်အရေးယူ

ရေတာရှည် ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဘက်ထရီရှော့ခ်တိုက်၍ တရားမဝင် ငါးဖမ်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ရေတာရှည်မြို့နယ်အတွင်းမှ တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ဆွာချောင်းတမံက ရေပေးဝေလျက်ရှိရာ စိုက်ပျိုးပြီးသော စပါးစိုက်ခင်းများအတွင်း တရားမဝင်ရှော့ခ်တိုက်ငါးဖမ်းဆီးမှုများကြောင့် ကောက်ပင်များပျက်စီးကြရခြင်း၊ သားငါးသယံဇာတများ မျိုးပြုန်းစေခြင်းများ မဖြစ်ပေါ်စေရန်အတွက် တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူးဦးသက်အေးနှင့် ဦးစီးအရာရှိ ဦးမျိုးအောင်တို့ပါဝင်သော တာဝန်ရှိသူများ၊ ရေတာရှည်မြို့မရဲစခန်း၊ ဆွာနယ်မြေရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များနှင့် အင်းလုပ်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် စပါးခင်းများအတွင်း တရားမဝင်ရှော့ခ်တိုက်၍ ငါးနှင့်ငါးရှဉ့်ဖမ်းဆီးသူများကို ရှာဖွေဖမ်းဆီးခဲ့ရာ ကုန်းကြီးလမ်းဆုံ-ကွင်းကြီးကျေးရွာသွား ကားလမ်းဘေးလယ်ကွက်ထဲ၌ ရှော့ခ်တိုက်ငါးဖမ်းနေသော ဖိုးကုလား(ခ) ဇော်ဇော် (၃၄နှစ်)ကိုလည်းကောင်း၊ ဆွာချောင်းတံတားတောင်ဘက် ရန်ကုန်-မန္တလေးကားလမ်းအရှေ့ဘက် လယ်ကွင်းထဲတွင် ရှော့ခ်တိုက်ငါးဖမ်းနေသော ကျော်သက်(၂၉ နှစ်)နှင့် ဦးဝင်းတင်(၅၂နှစ်)တို့ကိုလည်းကောင်း ငါးဖမ်းရာတွင် အသုံးပြုသော ၁၂ ဗို့ဘက်ထရီအိုး သုံးလုံး၊ ကွိုင်ထုပ် သုံးခု၊ ရှော့ခ်တိုက်ဝါးတံ ခြောက်ချောင်း၊ ငါးထည့်သည့်ပလိုင်း သုံးလုံး၊ ဖမ်းထားသည့် ငါးရှဉ့်နှင့်ငါးများနှင့်အတူ ဖမ်းဆီးရမိခဲ့၍ ဆွာနယ်မြေရဲစခန်းက ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ပိုးသတ်ဆေးသောက်မိ၍ အမျိုးသမီးတစ်ဦးသေဆုံး

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရွာသာရွာ၌ ဖေဖော်ဝါရီ ၁၈ ရက်က အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက်မိသဖြင့် သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကြေးစင်တောင်ရဲစခန်းသို့ ဒုန်းတောကျေးရွာအုပ်ချုပ်ရေးမှူးက ရွာသာရွာတွင် အမျိုးသမီးတစ်ဦးပိုးသတ်ဆေးသောက်မိ၍ မုံရွာမြို့ပြည်သူ့ဆေးရုံ၌ သေဆုံးသွားကြောင်း သတင်းပေးအကြောင်းကြားသဖြင့် သွားရောက်စုံစမ်းစစ်ဆေးရာ သေဆုံးသူအမျိုးသမီးမှာ ရွာသာရွာနေ ဦးခင်မြိုင်သိန်း၏သမီး မယဉ်မာထွေး (၃၁ နှစ်)ဖြစ်ပြီး ကွမ်းခြံများတွင်အသုံးပြုသော ပိုးသတ်ဆေးများသောက်မိ၍ သေဆုံးခြင်းဖြစ်ကြောင်း၊ ဆားလင်းကြီးမြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

ဆရာဝန်များ ဦးစီးသည့်
စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း
(မူကြို မှ ၁၀တန်း)
၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)
Air-Con
သင်တန်းပြီးသားသင်တန်းဖြေ

FAME
Nephrotec®
For healthy kidney
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Rejuvir®
Phytoestrogen supplement
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဆင်ဖတ်ရှုပါရန်
၃-၁-၂၀၁၅ရက်ထုတ် ဤသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၆) ကန့်ကွက်ကြော်ငြာ အမှတ်စဉ်(၁၇) ဒေါ်စိုးမိုးခိုင်၏ ဂရန်သစ်တွင် မှတ်ပုံတင်အမှတ် ၉/မစန(နိုင်)၀၄၇၃၅၈ အစား ၉/မခန(နိုင်)၀၄၇၃၅၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်
၂၉-၁၁-၂၀၁၄ရက်ထုတ် ဤသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၇) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၃) ဒေါ်ချိုချိုမြင့်၏ အမည်ပြောင်းတွင် မြေတိုင်း ၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၁၁၇၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လိုင်ယွန်နဲ့ မာဆေးလ်တို့ ခြေကုန်ထုတ်ရမယ့် လီဂူး-၁ ပွဲစဉ်(၂၆)

မိုးမြင့်လင်းလက်

ပြင်သစ်လီဂူး-၁ ပွဲစဉ်(၂၆)ကို ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းမှာ ဆက်လက်ကစားတဲ့အခါ လက်ကျန်ပွဲစဉ်တွေဖြစ်တဲ့ မာဆေးလ်၊ လိုင်ယွန်၊ ဘော်ဒိုးတို့ရဲ့ ခြေစွမ်းကို သုံးသပ်ခွင့်ရဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေဟာ တန်းစီဇယားကို အပြောင်းအလဲဖြစ်စေနိုင်တဲ့ရလဒ်လည်း ထွက်ပေါ်နိုင်တာမို့ အရေးကြီးတဲ့ ပွဲတွေလည်း ဖြစ်နေတာတော့ အမှန်ပါပဲ။

စိန့်အက်တီယန်နှင့် မာဆေးလ်

တိုက်အားလျော့နည်းနေတဲ့ စိန့်အက်တီယန်တို့အတွက် ဒီပွဲဟာ အပြင်းအထန်ခုခံရမယ့်ပွဲစဉ်ဖြစ်နေပါတယ်။ စိန့်အက်တီယန်ရဲ့ အားသာချက်က ခံစစ်ပိုင်းတောင့်တင်းခြင်းဖြစ်ပြီး မာဆေးလ်တိုက်စစ်မှူးတွေ ဘက်ပေါင်းစုံမှ ထိုးဖောက်တိုက်စစ်ဆင်မှုရပါလိမ့်မယ်။ တန်းစီဇယားဒုတိယနေရာက မာဆေးလ်တို့က ဖလားရယူရေးမျှော်လင့်ချက်ရှိနေတာမို့ ရလဒ်ကောင်းကို အကောင်အထည်ဖော်ပါလိမ့်မယ်။

လိုင်ယွန်နှင့် နန့်စ်

တန်းစီဇယား ထိပ်ဆုံးကပြေးနေတဲ့ လိုင်ယွန်ဟာ ဒုတိယနေရာက မာဆေးလ်နဲ့ အမှတ်ကွာခြားမှု မြင့်မားဖို့ ဒီပွဲမှာ အိမ်ကွင်းဆိုပေမယ့် သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ တိုက်စစ်အားကောင်းမွန်တဲ့ လိုင်ယွန်တို့ဟာ ပွဲတိုင်းဂိုးရအောင် သွင်းယူနိုင်တဲ့ တိုက်စစ်မှူးတွေရှိနေပြီး ခံစစ်ပိုင်းကလည်း အမှားအယွင်းနည်းတာမို့ နန့်စ်တို့အတွက် ရင်ဆိုင်ရခက်ခဲမယ့် အနေအထားရှိနေပါတယ်။ ဒါပေမယ့် လိုင်ယွန်တို့က သရေပွဲတွေ ဆက်ကြုံတွေ့နေရတာမို့ ဒီအခြေအနေကို နန့်စ်တို့ အခွင့်အရေးယူနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ နန့်စ်တို့ရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲမှ နိုင်ပွဲမရခဲ့တာမို့ ခြေစွမ်းယိမ်းယိုင်နေတဲ့အခြေအနေနဲ့ လိုင်ယွန်ကို ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ အိမ်ရှင်တို့ အောင်ပွဲခံရမယ့် အခွင့်အရေး ပိုင်ဆိုင်မှာဖြစ်ပါတယ်။

ရန်းစ်နှင့်ဘော်ဒိုး

ဒီနှစ်ဘော်ဒိုးရဲ့ မျှော်လင့်ချက်က ဥရောပဝင်ခွင့်ဖြစ်နေတာမို့ အဝေးကွင်းဆိုပေမယ့် ဒီပွဲကို အလေးထားကစားပါလိမ့်မယ်။ သရေပွဲတွေများနေတဲ့ ဘော်ဒိုးဟာ ခံစစ်ပိုင်းယိုယွင်းနေပေမယ့် တိုက်စစ်မှူးတွေရဲ့ အားထုတ်မှုက အမှတ်တွေရအောင် ယူနိုင်တာမို့ အခုပွဲမှာ တိုက်စစ်ဖွင့်ပြီး ရဲရဲဝံ့ဝံ့ ကစားပါလိမ့်မယ်။ ရှုံးပွဲတွေများနေတဲ့ ရန်းစ် ဟာ အမှတ်လိုအပ်ချက်မြင့်မားနေပေမယ့် စွမ်းဆောင်မှုအပိုင်းမှာ ကျဆင်းနေပြီး အထူးသဖြင့် ခံစစ်ပိုင်းချို့ယွင်းမှုတွေ များနေတာတော့ အမှန်ပါပဲ။ ဒီပွဲမှာ ဘော်ဒိုးရဲ့ နိုင်ပွဲရလိုမှု ပြင်းထန်နေတဲ့ တိုက်စစ်ကြောင်းကို ရန်းစ်တို့ ဟန့်တားဖို့ မလွယ်ပါဘူး။

ဂူအင်ဂမ့်နှင့် မောင့်ပယ်လီယာ

နိုင်ပွဲတွေ ဆက်တိုက်ရယူထားတဲ့ ဂူအင်ဂမ့်နဲ့ အဝေးကွင်းမှာ ရလဒ်ကောင်းတွေ ဖော်ဆောင်နိုင်နေတဲ့ မောင့်ပယ်လီယာတို့ ထိပ်တိုက်ဆုံတွေ့ကြပြီဖြစ်ပါတယ်။ အိမ်ကွင်းအားသာချက်ရှိနေတဲ့ ဂူအင်ဂမ့်တို့ဟာ ဒီပွဲကို အင်အားပြည့် ရင်ဆိုင်မှာဖြစ်ပြီး အဝေးကွင်းနိုင်ပွဲဆက်နေတဲ့ မောင့်ပယ်လီယာကလည်း အမှတ်ရအောင်ယူဖို့ ကြိုးစားမှာမို့ သရေရလဒ်ထွက်ပေါ်ဖို့ များနေတာတော့ အမှန်ပါပဲ။

IBF ချန်ပီယံဖြစ်ဖို့ လီဆဲလ်ဘိုင်စိန်ခေါ်

ကောင်းမြတ်သူ-စုစည်းသည်

ဝေလနာမည်ကြီး လက်ဝှေ့ကျော်တစ်ဦးဖြစ်တဲ့ လီဆဲလ်ဘိုင်က IBF ချန်ပီယံဖြစ်ဖို့ ရုရှားလက်ဝှေ့သမား ဂရာဒိုဗစ်ကို စိန်ခေါ်လိုက်ပါပြီ။ လီဆဲလ်ဘိုင်ရဲ့ ပထမဆုံး ပွဲဦးထွက်ကမ္ဘာ့အဆင့်ပြိုင်ပွဲဖြစ်တဲ့ ဒီပွဲကို ဧပြီ ၂၅ ရက်မှာ လန်ဒန်မြို့က O_2 Arena မှာ ထိုးသတ်ကြမှာဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ် ဝေလနယ်သား လီဆဲလ်ဘိုင်ဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာလက ဂျိုးဘရူကာကို ထိုးသတ်ပြီး IBF ဖယ်သာဝိတ်တန်း ချန်ပီယံဆုရခဲ့ပါတယ်။ ဖယ်သာဝိတ် ချန်ပီယံလီဆဲလ်ဘိုင်ဟာ သူ့ရဲ့ကြေးစား လက်ဝှေ့သမားအဖြစ် ၂၁ ပွဲထိုးသတ်ခဲ့ရာမှာ တစ်ပွဲသာ ရှုံးပွဲရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီအထဲမှာ ရှစ်ပွဲကတော့ အလဲထိုးနဲ့ အနိုင်ယူခဲ့တယ်လို့ ဆိုပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိတဲ့ ဂရာဒိုဗစ်ကတော့ ၁၉ ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ကိုးပွဲအလဲထိုးအနိုင်ရခဲ့ပြီး IBF ချန်ပီယံခါးပတ်ကိုတော့ ၂၀၁၃ ခုနှစ် မတ်လက ဘီလီဒစ်ကို အလဲထိုးပြီး ရယူနိုင်ခဲ့ပါတယ်။ ရုရှားလက်ဝှေ့သမား ဂရာဒိုဗစ်ဟာ သူ့ရဲ့ ချန်ပီယံ IBF ခါးပတ်ကို လေးကြိမ်တိုင်တိုင် ကာကွယ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ နေသဟာယ၊ ဗြိတိသျှနဲ့ ဥရောပ ဖယ်သာဝိတ်တန်းချန်ပီယံဆုရထားတဲ့ လီဆဲလ်ဘိုင်ကတော့ ကယ်လီဖိုးနီးယားမှာ အခြေစိုက်နေထိုင်တဲ့ ရုရှားလက်ဝှေ့သမားထံမှ IBF ချန်ပီယံခါးပတ်ကို ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

မန်ယူရဲ့အင်အားကိုထပ်ဖြည့်ဦးမယ့် ဗန်ဟားလ်

မန်ယူအသင်းဟာ ရာသီအစမှာ အထစ်နေခဲ့ပေမယ့် ယခုအခါမှာတော့ တတိယနေရာအထိ တက်လာခဲ့တဲ့အတွက် အထိုက်အလျောက် အောင်မြင်မှုတွေ စတင်ရရှိနေပါတယ်။ နည်းပြဗန်ဟားလ်အနေနဲ့ မန်ယူကို အောင်မြင်တဲ့အသင်းဖြစ်ဖို့ ဆက်လက်ကြိုးစားနေဆဲပါ။ အောင်မြင်မှုတွေ ရပ်တန့်မသွားဖို့ ဆက်တိုက်ပြင်ဆင်မှုတွေ ပြုလုပ်နေဆဲဖြစ်ပါတယ်။ မန်ယူကို တောင့်တင်းခိုင်မာတဲ့အသင်းဖြစ်ဖို့ လာမယ့်နွေရာသီမှာ ပေါင်သန်း ၁၅၀ အကုန်အကျခံကာ ကစားသမားသစ် ငါးဦး ထပ်မံခေါ်ယူအားဖြည့်သွားမယ်လို့ နည်းပြဗန်ဟားလ်က ပြောဆိုလိုက်ပါပြီ။ နည်းပြဗန်ဟားလ်ကတော့ ဝဲနောက်တန်းကစားသမားတစ်ဦး၊ ဗဟိုခံစစ်မှူးတစ်ဦး၊ ကွင်းလယ်ကစားသမားတစ်ဦး၊ တောင်ပံကစားသမားတစ်ဦးနဲ့ တိုက်စစ်မှူးတစ်ဦးအလိုရှိနေတယ်လို့ ဆိုပါတယ်။ မန်ယူရဲ့လိုအပ်ချက်တွေကို ပြင်ဆင်ဖို့ ဒီကကစားသမားငါးဦးကို လာမယ့် နွေရာသီကစားသမား ခေါ်ယူရေးကာလမှာ ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ ဗန်ဟားလ်ဟာ သူ့ရဲ့ ပထမဆုံး ပရီမီယာလိဂ် ရာသီမှာ ပြင်ဆင်ဖို့ ကစားသမားခုနစ်ဦးခေါ်ယူစာချုပ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဗန်ဟားလ်လိုချင်တဲ့အတိုင်း မဖြစ်သေးပါဘူး။ မန်ယူမှာ ဒဏ်ရာရကစားသမားတွေနဲ့ ကစားကွက် အံ့ဝင်ခွင်ကျမရှိတဲ့ ကစားသမားတွေကြောင့် ကောင်းမွန်တဲ့ အသင်းကောင်းဖြစ်လာဖို့ ရုန်းကန်နေရဆဲဖြစ်တယ်လို့ နည်းပြဗန်ဟားလ်က ဝန်ခံထားပါတယ်။

ကမ္ဘာ့ဖလားကို ၄၈ သင်းအထိ ကစားလိုတဲ့ဖီဂို

ကမ္ဘာကျော် ဘောလုံးသမား ဖီဂိုက သူ့အနေနဲ့ ဆပ်ဘတ္တလာရဲ့ ဖီဖာဥက္ကဋ္ဌရာထူးသာ အရွေးခံရမယ်ဆိုရင် ကမ္ဘာ့ဖလားကို ၄၈ သင်းအထိ ကစားဖို့ ကြိုးစားသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ ကမ္ဘာ့ဖလားကို ပက်ရှိ ၃၂ သင်းမှ အသင်းပေါင်း ၄၀ သို့မဟုတ် ၄၈ သင်းအထိ ကစားနိုင်အောင် စီစဉ်သွားမယ်လို့ ပေါ်တူဂီကွင်းလယ်ကစားသမားဟောင်း ဖီဂိုက ပြောဆိုလိုက်ပါတယ်။ အသက် ၄၂ နှစ်အရွယ်ရှိတဲ့ ဖီဂိုဟာ မေ ၂၉ရက်တွင် ပြုလုပ်မယ့် ဖီဖာဥက္ကဋ္ဌ ရွေးပွဲမှာ ဝင်ရောက်အရွေးခံဖို့ စာရင်းပေးထားသူဖြစ်ပါတယ်။

Global New Light of Myanmar သတင်းစာတိုက် CTP(Computer to Plate)Machine ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ Global New Light of Myanmar သတင်းစာတိုက်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် CTP(Computer to Plate)Machine စက်ကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

(က) CTP(Computer to Plate)Machine - 1set

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၂-၂၀၁၅ရက်မှ ၉-၃-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၃-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း Global New Light of Myanmar သတင်းစာတိုက်၊ အမှတ် ၅၀/က၊ ငါးထပ်ကြီးဘုရား လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၁-၈၆၀၄၅၃၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်၊ တင်ဒါတင်သွင်းရန်လိပ်စာ
Global New Light of Myanmar
သတင်းစာတိုက်၊ အမှတ် ၅၀/က၊
ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၁-၈၆၀၄၅၃၁

The Global New Light of Myanmar သတင်းစာတိုက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၅)

၁။ The Global New Light of Myanmar သတင်းစာတိုက်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းများအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	၆၄ လက်မစက္ကူ	၂၇၀၀ တန်
(ခ)	၃၂လက်မစက္ကူ	၂၀၀ တန်
(ဂ)	ပလိပ်(CTP)	၁၂၀၀၀ ချပ်
(ဃ)	မင်နက်	၁၄၆၀၀ kg
(င)	မင်ဝါ	၁၀၀၀၀ kg
(စ)	မင်ပြာ	၁၀၀၀၀ kg
(ဆ)	မင်နီ	၁၀၀၀၀ kg
(ဇ)	အယ်လ်ကာလိုင်း	၁၇၀၀ liter

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၂-၂၀၁၅ရက်မှ ၉-၃-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၃-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း Global New Light of Myanmar အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

၅။ တင်ဒါ (က)မှ(ဇ)အထိ တင်ဒါပိတ်ရက်မှာ ၉-၃-၂၀၁၅ရက်ဖြစ်ပါသည်။

တင်ဒါတင်သွင်းရန်လိပ်စာ
Global New Light of Myanmar
အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၈၆၄၀၅၃၀၊ ၀၁-၈၆၄၀၅၃၁



ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊ မြေကွက်အမှတ် ၉၉၁၊ မြေကွက်တည်နေရာအမှတ် ၉၉၁၊ သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မဗရာသီ(ခ)ဒေါ်ညွန့်စိန်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မဗရာသီ (ခ)ဒေါ်ညွန့်စိန်နှင့်၄င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးလှဝင်းတို့အား တရားပြိုင်ထား၍ တရားလိုဒေါ်လကမာလ်(ခ)ဒေါ်မြဝင်းက တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့်စွဲဆိုသော တရားမကြီးမှုအမှတ်(၁၂၄/၂၀၁၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၁၀၇/၂၀၁၄)၏အမိန့်၆-၁-၂၀၁၅ရက်စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ အမည်ပေါက် တရားရုံးကိုယ်စားဘီလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/2585, Daihatsu Hijet(s 200p) P/U(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးမြမောင် ၅/ရဘန(နိုင်)၀၂၄၆၀၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ပြင်ဆင်ဖတ်ရှုပါရန်

၆-၂-၂၀၁၅ရက်ထုတ် ဤသတင်းစာ၏ ကြော်ငြာစာမျက်နှာ(ဃ) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၁၄) ဦးဟုတ်လှိုင်(ခ) ဦးခင်လှိုင်+၁၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဦးဟုတ်လှိုင်(ခ) ဦးခင်လှိုင်+၂ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အခြေခံလူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှတ်စု-၄

လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကျင့်သုံးရာ၌ လိုက်နာရမည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများကို သိရှိနိုင်ရန်အတွက် ဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန (Centre for Law and Democracy) နှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (International Media Support-IMS) တို့မှ ပြုစုထုတ်ဝေသည့် "အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်" (လမ်းညွှန်မှတ်စုအတွဲများ)၊ Briefing Note Series "Freedom of Expression" စာအုပ်ကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါ မြန်မာဘာသာပြန်ဆိုချက်များနှင့် အသုံးအနှုန်းများမှာ မူရင်းဘာသာပြန်ဆိုသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အာဘော်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

လမ်းညွှန်မှတ်စု-၄

မီဒီယာအပေါ်သီးခြားလွတ်လပ်သော ထိန်းကျောင်းရေးစနစ်

မီဒီယာများကို ထိန်းကျောင်းခြင်းအားဖြင့် အထူးသဖြင့် ရုပ်သံလွှင့်မီဒီယာအား ထိန်းကျောင်းခြင်းသည် အများပြည်သူအကျိုးစီးပွားအတွက် အရေးကြီးသော အကျိုးအမြတ်များကိုရရှိနိုင်သည်။ ရေဒီယိုလှိုင်းအသုံးပြုမှုကဲ့သို့သော အကန့်အသတ်ရှိသော ပြည်သူ့ရင်းမြစ်များကို ထိန်းသိမ်းရေးစသည့်ကိစ္စများအတွက် ထိန်းကျောင်းရေးစနစ်များသည် အစဉ်အလာအရ လိုအပ်သည်။ စည်းမျဉ်းများသည် ရုပ်သံလွှင့်မီဒီယာများအတွင်း လက်ဝါးကြီးအုပ်မှုများကို ရှောင်ကြဉ်စေနိုင်သလို အရေးပါသည့် များပြားလှစွာသော အောင်မြင်မှုများရရှိနိုင်ရန် အားပေးကူညီသည့်အပြင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကိုလည်း ကာကွယ်တားဆီးပေးနိုင်သည်။ ဥပမာ ကလေးများအတွက် မသင့်တော်သော အစီအစဉ်များကို မထုတ်လွှင့်သင့်သည့်အချိန်တွင် ထုတ်လွှင့်မိခြင်းမှ တားမြစ်ပေးနိုင်ပါသည်။ အရည်အသွေးမြင့်မားစွာ ပြဋ္ဌာန်းထားသော ဥပဒေများသည်လည်းအောင်မြင်မှုများရရှိရန်အတွက် အထောက်အပံ့ပေးနိုင်သော်လည်း ထိုစည်းမျဉ်းဥပဒေများကို ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန်ထိထိရောက်ရောက် အသုံးချနိုင်မှသာ အောင်မြင်နိုင်ပါလိမ့်မည်။ အမှီအခိုကင်းသော သီးခြားလွတ်လပ်စောင့်ကြည့်ထိန်းကျောင်းရေးစနစ် မရှိလျှင် အကောင်းဆုံးသော စည်းမျဉ်းများသည်ပင်လျှင် ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ကိုဖိနှိပ်သည့် လက်နက်များအဖြစ်သို့ပြောင်းလဲသွားနိုင်ပါသည်။ ဤတွင် ဥပဒေကို ပေါ်ပေါ်ထင်ထင် အလွဲသုံးစားမပြုသော်လည်း အကျိုးစီးပွားပဋိပက္ခပြဿနာများသည် စည်းမျဉ်းများနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို တိမ်းစောင်းသွားစေနိုင်ပါသည်။ သမိုင်းတစ်လျှောက်တွင် မီဒီယာထိန်းကျောင်းရန် တာဝန်ရှိသူများအပေါ်တွင် နိုင်ငံရေးလွှမ်းမိုးမှုများသည် အဓိကပြဿနာဖြစ်ခဲ့သော်လည်း အခြားတစ်ဖက်တွင် အင်အားကြီးမားသည့်မီဒီယာစီးပွားရေးအုပ်စုကြီးများက လွှမ်းမိုးရန်ကြိုးစားလာခြင်းသည် မျက်မှောက်ကာလအတွက် ပိုမိုကြီးမားသော အန္တရာယ်ဖြစ်ပါသည်။ မီဒီယာထိန်းကျောင်းရေး တာဝန်ရှိသူများသည် နိုင်ငံရေးနှင့်စီးပွားရေးလွှမ်းမိုးမှုများ၏ တိုက်ခိုက်ခြင်းကို ခံနေရသောကြောင့် ၎င်းတို့၏တာဝန်များကို ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးစီးပွားကိုသာ ဦးတည်၍ ဆောင်ရွက်သင့်ပါသည်။

၂၀၀၃ ပူးပေါင်းကြေညာချက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်နှင့် ပတ်သက်၍ နိုင်ငံတကာအရေးကြီးသည့် အဖွဲ့အစည်းသုံးခုဖြစ်သော UN၊ OASနှင့် OSCE တို့သည် မီဒီယာထိန်းကျောင်းသူတို့တွင် လိုအပ်သည့် လွတ်လပ်ခွင့်ကို သတ်မှတ်ခဲ့သည်။ ၎င်းမှာ-

> အဖွဲ့ဝင်များအတွက် ရာထူးခန့်အပ်တာဝန်ပေးခြင်းကို စိစစ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ပြည်သူများကို ပါဝင်ခွင့်ပြုရန်နှင့် နိုင်ငံရေးပါတီများ၏ ထိန်းချုပ်မှုမခံရစေရန်အပါအဝင် နိုင်ငံရေးနှင့် စီးပွားရေးသဘောသဘာဝအရ လွှမ်းမိုးထိန်းချုပ်မှုများ၊ ဟန့်တားနှောင့်ယှက်မှုများကို မီဒီယာထိန်းကျောင်းရေးဆောင်ရွက်သော တာဝန်ရှိသူများအားလုံးအတွက် ကာကွယ်ပေးသင့်ပါသည်။

မကြာမီကပင် အရပ်သားနှင့် နိုင်ငံရေးရပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် Article 19 တွင် (ရုပ်သံထုတ်လွှင့်သူများ ထိန်းကျောင်းရေးအဖွဲ့သို့ အဓိကရည်ညွှန်းချက်ဖြင့်) UN လူ့အခွင့်အရေးကော်မတီ (UNHRC) မှ အောက်ပါအတိုင်း ကြေညာခဲ့သည်။

> ရုပ်သံလွှင့်မီဒီယာများအတွက် လိုင်စင်ထုတ်ပေးရန်နှင့် လျှောက်လွှာများကို စိစစ်ရန်အတွက် အခွင့်အာဏာရှိသော လွတ်လပ်သည့် ပြည်သူ့ရုပ်သံလွှင့်လိုင်စင်စိစစ်ရေးအဖွဲ့အစည်းကို မရှိသေးသော နိုင်ငံများတွင် စတင်ဖွဲ့စည်းရန် အကြံပြုခဲ့ပါသည်။

မီဒီယာအပေါ်တွင် ထိန်းကျောင်းမှုတစ်စုံတစ်ရာ ပြုလုပ်မည့် အဖွဲ့အစည်းအားလုံးအတွက် လွတ်လပ်ခွင့်သည် အလွန်အရေးကြီးသည်။ မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီနိုင်ငံအတော်များများသည် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများကို အနည်းငယ်သာ ထိန်းချုပ်ထားပြီး ပုံနှိပ်မီဒီယာအတွက် သီးသန့်ဖွဲ့စည်းထားသော ထိန်းချုပ်ရေးအဖွဲ့အစည်း မရှိတတ်ကြပေ။ ဤနိုင်ငံများတွင် စာနယ်ဇင်းကောင်စီကဲ့သို့ မိမိတို့ဘာသာ ထိန်းကျောင်းသည့် အဖွဲ့အစည်းများကိုသာ နိုင်ငံတော်မှ မဖြစ်မနေထိန်းကျောင်းသည့် စနစ်ထက်ပို၍ သင့်လျော်ကြောင်း လက်ခံထားကြသည်။ ထိုသို့ထိန်းကျောင်းရေးအဖွဲ့အစည်းများအတွက်လည်း လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းရေးသည် အလွန်အရေးပါသည်။ (လမ်းညွှန်မှတ်စု ၆ တွင် ကြည့်ပါ)

ရုပ်သံလွှင့်မီဒီယာပိုင်းတွင် ထိန်းချုပ်ခွင့်ရအဖွဲ့အစည်းများသည် ထုတ်လုပ်ခွင့်လိုင်စင်နှင့် မည်သူ့အားထုတ်လွှင့်ခွင့်ပြုမည်အပါအဝင် မီဒီယာများကို ထိန်းချုပ်နိုင်မည့် လုပ်ပိုင်ခွင့်အာဏာများရှိနေတတ်သည်။ ဤတွင် ယင်းအဖွဲ့အစည်း၏အနှောင်အဖွဲ့ကင်းသီးခြားလွတ်လပ်မှုသည် အလွန့်အလွန်မှပင် အရေးကြီးသည်။ အဓိကအားဖြင့် မီဒီယာများ အမျိုးအစားစုံတည်ရှိရေးဟူသော ပြည်သူ့အကျိုးစီးပွားသည် ရုပ်သံထုတ်လွှင့်ခွင့်လိုင်စင်ပေးရခြင်း၏ အခြေခံအကြောင်းတရားဖြစ်နေရပေမည်။ သီးခြားလွတ်လပ်ခြင်းသည် ရုပ်သံထုတ်လွှင့်သူများ လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ်ကို ဖွံ့ဖြိုးတိုးတက်ရန်နှင့် လက်တွေ့အသုံးချရာတွင်လည်း လွန်စွာအရေးပါသည်။ ဤအချက်သည် မီဒီယာတွင် ပါဝင်သည့်အကြောင်းအရာများနှင့် တိုက်ရိုက်ဆက်စပ်သည်။ လွတ်လပ်ခွင့်သည် ရုပ်သံလွှင့်မီဒီယာနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှုများကို အားပေးသည့်အပြင် ရင်းနှီးမြှုပ်နှံမှုများကို စိတ်ကူးပေါက်သလို မတရားလုပ်ဆောင်ချက်များမှ ကာကွယ်ရန်နှင့် ထိန်းချုပ်သူအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များကို သင့်တင့်မျှတမှုရှိသည်ဟူသော အဖွဲ့အစည်းများ၏ ယုံကြည်ချက်များကို တည်ဆောက်ပေးသည်။

မီဒီယာထိန်းကျောင်းသည့် အဖွဲ့အစည်းကို နိုင်ငံရေးနှင့် စီးပွားရေးလွှမ်းမိုးမှုများမှ ကာကွယ်ရန်အရေးကြီးသကဲ့သို့ တာဝန်ယူမှုမရှိဘဲ စိတ်တိုင်းကျ ရုပ်သံထုတ်လွှင့်နေမှု မပြုလုပ်ရန် ကာကွယ်မှုသည်လည်း အရေးကြီးသည်။

အရေးကြီးသည့်အချက်တစ်ခုမှာ မီဒီယာထိန်းကျောင်းသည့် အဖွဲ့အစည်းများသည် မိမိအဖွဲ့အစည်းသည် ဥပဒေအရ သီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်သည်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် သေချာစွာဖော်ပြသင့်သည်။ ဥရောပကောင်စီထောက်ခံချက် အမှတ် R (၂၀၀၀) ၂၃ အရ အဖွဲ့ဝင်နိုင်ငံများသည် သီးခြားလွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းရှင်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသော ရုပ်သံမီဒီယာထိန်းကျောင်းရေးအဖွဲ့အစည်းများ ပေါ်ထွက်လာစေရေးတွင် သင့်လျော်သော ဥပဒေများ ဖန်တီးခြင်းအားဖြင့် ပါဝင်ဆောင်ရွက်ကြရမည်။ ထိန်းကျောင်းရေးအာဏာပိုင်အဖွဲ့အစည်း လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာတွင် အသုံးပြုမည့် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း ထိန်းကျောင်းရေးအဖွဲ့အစည်း၏သီးခြားလွတ်လပ်မှုကို ရှင်းရှင်းလင်းလင်း ဖော်ပြကာ ကာကွယ်စောင့်ရှောက်ပေးရမည်။

သီးခြားလွတ်လပ်ခြင်းဝိသေသကို ဥပဒေအရဖော်ပြရာတွင် အဖွဲ့အစည်းဆိုင်ရာ အစီအမံများပါ ပါဝင်သင့်သည်။ မီဒီယာထိန်းကျောင်းမည့် အဖွဲ့အစည်းတွင် အဖွဲ့ဝင်များကို မည်ကဲ့သို့ နေရာချထားပေးသည်ဆိုသော အချက်မှာ အဓိကသော့ချက်ဖြစ်သည်။ အနည်းဆုံးအနေဖြင့် နေရာချထားပေးသည့် အစီအစဉ်များသည် ဥပဒေနှင့်အညီ ရှင်းရှင်းလင်းလင်းဖော်ပြသင့်သည်။ အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် ခန့်ထားရန်အဆိုပြုခြင်း၊ ပဏာမရွေးချယ်ခံရသူများအား အကဲဖြတ်သုံးသပ်ခြင်းနှင့် နောက်ဆုံးရွေးချယ် ခန့်အပ်ခြင်းအပါအဝင်များစွာသော နည်းစနစ်များသည် ရွေးချယ်ခန့်အပ်နေရာချထားသည့် လုပ်ငန်းစဉ်ကို နိုင်ငံရေးနှင့် စီးပွားရေးလွှမ်းမိုးမှုများမှ ကာကွယ်ပေးသည်။ အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် တစ်ဦးတစ်ယောက်ချင်းစီမှ မချမှတ်ဘဲ ကော်မတီသို့မဟုတ် ပါလီမန်ကဲ့သို့သော ပြည်သူနှင့် လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုအဖွဲ့အစည်းများကို ဆုံးဖြတ်ခွင့်လွှဲပြောင်းပေးသင့်သည်။ ခြွင်းချက်အခြေအနေများကြောင့် ထုတ်ပယ်ခံရသည်မှလွဲ၍ အဖွဲ့ဝင်အဖြစ်လုံခြုံရေးကို ဖြစ်နိုင်ခြေရှိသော တရားရေးပြန်လည်သုံးသပ်ချက်များ၊ ရှင်းလင်းသော လုပ်ငန်းစဉ်လိုအပ်ချက်များနှင့်အတူ စည်းမျဉ်းများဖြင့် ထောက်ပံ့ပေးသင့်သည်။

ဥပဒေစည်းမျဉ်းများသည် နိုင်ငံရေးနှင့်စီးပွားရေးနှစ်မျိုးစလုံး၏ အကျိုးစီးပွားပဋိပက္ခများ မဖြစ်ပေါ်လာနိုင်စေရန်ကာကွယ်ထားသင့်သည်။ ဥပမာအားဖြင့် အကောင်းဆုံးသော အလေ့အကျင့်မှာ အစိုးရအဖွဲ့အစည်း၊ ပြည်သူ့အဖွဲ့အစည်းများသို့မဟုတ် အနိုင်ငံရေးအဖွဲ့အစည်းများသို့မဟုတ် အုပ်ချုပ်ရေးအာဏာရှိသူများသည် ရုပ်သံမီဒီယာထိန်းကျောင်းသည့် အဖွဲ့အစည်းအတွက် တာဝန်ထမ်းဆောင်ခြင်းကို တားမြစ်ရမည်။ ရုပ်သံလွှင့်မီဒီယာသို့မဟုတ် ဆက်သွယ်ရေးကဏ္ဍတွင် ငွေကြေးဆိုင်ရာ အကျိုးအမြတ်ရရှိနေသူကိုလည်း ထိန်းကျောင်းရေးဘုတ်အဖွဲ့တွင် တာဝန်ထမ်းဆောင်ခွင့်မပြုရန် တားမြစ်ရမည်။

ဘဏ္ဍာရေးအာမခံချက်ရှိခြင်းသည်လည်း မီဒီယာထိန်းကျောင်းရေးအဖွဲ့အနေနှင့် အမှီအခိုကင်းပြီး လွတ်လပ်သော သီးခြားအဖွဲ့အစည်းအဖြစ် ရပ်တည်ရေးအတွက် အရေးကြီးပြန်သည်။ ထို့အတွက် တစ်နှစ်တာ ဘဏ္ဍာရေးရန်ပုံငွေချထားပေးခြင်းအပါအဝင် ရန်ပုံငွေအတွက် လုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့်အညီ သတ်မှတ်ထားသင့်သည်။ ဤသို့ပြုမူခြင်းသည် နိုင်ငံရေးအရ လွှမ်းမိုးမှုမှလည်း ကာကွယ်နိုင်သည်။

ရုပ်သံလွှင့်လိုင်စင်ကြေးအား မီဒီယာထိန်းကျောင်းရေးအဖွဲ့ရန်ပုံငွေအဖြစ် သတ်မှတ်ပေးခြင်းသည် ကုန်ကျစရိတ်သက်သာပြီး အမှီအခိုကင်းရန်အတွက်လည်း ထောက်ကူပေးသဖြင့် လျော်ကန်သင့်မြတ်လှသည်။ တစ်ချိန်တည်းမှာပင် မီဒီယာထိန်းကျောင်းရေးအဖွဲ့များမှ ဤလိုင်စင်ကြေးများကို အထွေထွေရန်ပုံငွေအပြင် ထပ်ဆောင်းရယူရန် လိုအပ်ခြင်း သို့မဟုတ် ပိုငွေကို အထွေထွေရန်ပုံငွေအဖြစ် သတ်မှတ်လိုခြင်း သို့မဟုတ် ထိုနှစ်ချက်စလုံးကို လိုအပ်ခြင်းတို့ကြောင့် ရန်ပုံငွေသတ်မှတ်ရေးလုပ်ငန်းစဉ်သည်လည်း အရေးပါလှသည်။

အုပ်ချုပ်သူအစိုးရကို အစီရင်ခံစာတင်သွင်းမည့်အစား အကောင်းဆုံးအလေ့အကျင့်မှာ ထိန်းကျောင်းရေးအဖွဲ့အစည်းသည် ပါတီစုံပါဝင်သော ဥပဒေပြုအဖွဲ့အစည်းသို့မဟုတ် လွှတ်တော်ကော်မတီများကို အစီရင်ခံစာတင်သွင်းသင့်သည်။ တာဝန်ယူမှုရှိစေရန်အတွက် လိုင်စင်ထုတ်ပေးရေးကဲ့သို့ အရေးကြီးသည့်ကိစ္စမျိုးကို ဆုံးဖြတ်ချက်ချရာတွင် ပြည်သူလူထုကိုလည်း ပါဝင်ခွင့်ပေးသင့်သည်။ အရေးကြီးသောဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ သုံးသပ်ဆောင်ရွက်သင့်ပြီး ထိန်းကျောင်းသည့်အဖွဲ့အစည်းများမှ နှစ်ပတ်လည်အစီရင်ခံစာများကို စစ်ပြီးသော စာရင်းများနှင့်အတူ ထုတ်ဝေရန်လိုအပ်သည်။

မီဒီယာထိန်းကျောင်းသည့်အဖွဲ့အစည်းကို နိုင်ငံရေးနှင့် စီးပွားရေးလွှမ်းမိုးမှုများမှ ကာကွယ်ရန်အရေးကြီးသကဲ့သို့ တာဝန်ယူမှုမရှိဘဲ စိတ်တိုင်းကျ ရုပ်သံထုတ်လွှင့်နေမှု မပြုလုပ်ရန် ကာကွယ်မှုသည်လည်းအရေးကြီးသည်။ သီးခြားလွတ်လပ်မှုစည်းမျဉ်းသည် ထိန်းကျောင်းမှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များကို အခြေခံ၍ တရားမျှတသော ဆုံးဖြတ်ချက်များနှင့် လိုင်စင်ထုတ်ပေးရေး ဆုံးဖြတ်ချက်ကဲ့သို့သော အထူးသဖြင့် တစ်ဦးချင်းရုပ်သံထုတ်လွှင့်သူများကို ထိခိုက်နိုင်သည့် ဆုံးဖြတ်ချက်များအပေါ် အကျိုးသက်ရောက်စေကြောင်း မှတ်သားရန်အရေးကြီးသည်။

သို့သော်လည်း ဒစ်ဂျစ်တယ်စနစ်သို့ အကူးအပြောင်းတွင် နည်းပညာနှင့် အချိန်ဇယားကဲ့သို့သော အထူးသဖြင့် ပိုမိုအရေးပါသော မူဝါဒဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ အစိုးရသည် မူဝါဒကဏ္ဍကို ထိန်းသိမ်းထားသည်။

ပြည်တွင်းသတင်း

အမျိုးသမီးကဏ္ဍတိုးတက်မြင့်မားရေးဆွေးနွေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁

အမျိုးသမီးများအတွက် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ Paim Spring Hotel အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အမျိုးသမီးကိုယ့်အားကိုယ်ကိုး မြို့နယ်ဦးဆောင်အဖွဲ့မှ ဒေါ်ခင်ထွေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက အလုပ်ရုံဆွေးနွေးပွဲဦးတည်ချက်မှာ ကချင်ပြည်နယ်အတွင်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်မြှင့်တင်စေရန်ဖြစ်ပါကြောင်း၊ အမျိုးသမီးများ၏လက်တွေ့ဘဝကို ဆန်းစစ်ကြည့်လျှင် မြို့နေနှင့် ကျေးလက်နေဘဝနှစ်ခုကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ မည်သည့် နေရာမှာပဲနေနေ အရှက်အကြောက်တရား လွှမ်းစွဲကိုင်ထားခြင်း၊ အလယ်အလတ်လမ်းစဉ်ရှိခြင်း၊ ခေတ်အမြင်ရှိခြင်း /မရှိခြင်း၊ နိုင်ငံရေးအသိအမြင် ရှိခြင်း/မရှိခြင်း စသောအချက်များ ကွာခြားနေသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသန်းခေါင်စာရင်း စစ်တမ်းအရ ၅၁၂၁၃၀၅၇ သန်းသော လူဦးရေမှာ အမျိုးသား ၂၄၂၂၅၃၀၄ ဦးနှင့် အမျိုးသမီး ၂၅၉၈၇၇၆၃ ဦး ဖြစ်သည့်အတွက် နိုင်ငံရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေး အခန်းကဏ္ဍများတွင် အမျိုးသမီးထု၏အား အများကြီးလိုအပ်ပါကြောင်း၊ အမျိုးသမီးထုအတွင်း ပွင့်လင်းမြင်သာမှုရှိ၍ နယ်ပယ်အသီးသီးမှာပါဝင်နိုင်စွမ်းရှိပြီး တိုးတက်အောင်မြင်မှု မရှိသေးသူများအတွက်လည်း အမျိုးသမီးကိုယ့်အားကိုယ်ကိုး မြို့နယ်ဦးဆောင်အဖွဲ့၏ စွမ်းဆောင်နိုင်မှုက အဓိကဖြစ်ပါကြောင်း၊ ယခုလို Workshop မှာ ဆွေးနွေးရရှိသည့် အမျိုးသမီးထု၏ အခန်းကဏ္ဍကို တိုးတက်မြင့်မားစေရန် ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ကချင်ပြည်နယ် ဥပဒေချုပ် ဒေါ်မေရီမီနန်၊ UNDP Asia Pacific ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးနှင့် UNDP ဒေသဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ၊ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိန်ဝင်း(iprd)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဂဝံလမ်းသစ်ဖွင့်

မင်းလှ ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အရှည်တစ်မိုင် ငါးဖာလုံရှိ လှည်းပြင်တင် -လယ်ဦးစု ဂဝံလမ်းသစ်ကို ယမန်နေ့က တာဝန်ရှိသူများမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းသည် ယခင်က ချိုင့်ခွက်နေသောကြောင့် ကားထော်လာဂျီများ ဝင်ထွက်သွားလာရန်သာမက ဒေသခံပြည်သူများ သွားလာရာတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း၊ နိုင်ငံတော်က အဆိုပါလမ်းကို အသစ်ပြန်လည် ခင်းကျင်းပေးသည့်အတွက် ဒေသခံပြည်သူများနှင့် လမ်းကိုအသုံးပြုသူများ အလွန်ပင်ဝမ်းမြောက်ပါကြောင်း လှည်းပြင်တင်ကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။

လမ်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ NGO အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီးလမ်းသစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၁၈၅)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမင်းအောင်ပိုင်ယာဉ်အမှတ် ည/၃၉၀၇၏ အရည်ကျိုအပ်ပုံစံ(ဃ) ပျောက်ဆုံးသွားပါသဖြင့် အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်။)

ဦးမင်းအောင်

ဖုန်း-၀၉-၇၃၀၇၆၃၉၀

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

